ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

# ဓမ္မဝီရဂျာနယ်

DhammaVira Journal

ဓမ္မဝီရ
ရသအမှန်၊ တရားမှန်သော
အားခွန်ပြည့်ဝ နှလုံးသွင်း၍
ဘဝအနေ၊ အလုပ်ဝေလျက်
အနေလည်းတတ်
အသေမြတ်အောင်
မျှတ်ဆောင်ပုံ၊ ကူညီအုံး
ခင်နောင်

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ( ၁၃ )ရက် | အတွဲ ( ၁၅)၊ အမှတ် ( ၅ ) | ၂၀၀၉ ခုနှစ်၊ ဧပြီလ ( ၇ ) ရက်

## ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် နှစ်သစ်ကူး၊ နှစ်ဦးမင်္ဂလာ နှုတ်ခွန်းဆက် သဝဏ်လွှာ

### ၁၃၇၁ ခုနှစ်၊ မင်္ဂလာနှစ်ဆန်းတစ်ရက်နေ့

### " ဖူးစမ်းပါစေပွင့်လန်းစေတော့"

❀ သတ္တလောက၊ ဩကာသလောက၊
"အညမည" ဖြစ်စဉ်၊
တူယှဉ်နှစ်ပါး၊ တရားသခ်ါရ၊
"ဖြစ်ပျက်"မှလျှင်၊ ငါဆင်ခြင်မိ။

❀ စကြဝဠာ၊ ကမ္ဘာတည်လာ၊
လွန်စွာလှပ၊ ဘဝအကျိုးပေး၊
ရှည်ဝေးသံသရာ၊ ကြီးမြတ်ပါဘိ၊
ဤမှာချစ်ဖွယ်၊ တွယ်တွယ်တာတာ၊
ပြုစုရာမှ၊ သဘာဝအရင်းအမြစ်၊
လွန်နှစ်သက်မိ၊
စွဲငြိသံယောဇဉ်၊ မြင်မြင်သမျှ၊
ကာလရထား၊ ဖြတ်ကျော်သွားကြ၊
ခဏမခြား၊ ရွေ့လျားသွားခိုက်၊
ကြုံကြိုက်ကြပြီ၊
"သူတည်ရှိ၍၊ ငါရှိလာရ၊ ဖြစ်သမျှကို၊
အကျိုးလိုမိ၊ ကြီးသည့်မေတ္တာ၊
ကရုဏာနှင့် မုဒိတာပွား၊
တရားသစ္စာ၊ ငြိမ်းချမ်းသာစွ။"

❀ တင်လှကျေးဇူး၊ မထိန်မြူးချင်၊
အကောင်းမြင်ခိုက်၊ ရင်၌ပီတိ၊
ရရှိခံစား၊ "အသိများ" လျှင်၊ မျှဝေချင်မိ၊
"လောကတစ်ခွင်၊ အလှဆင်ဖို့၊
လူလျှင်ပဓာန၊ ပြဌာန်းကြ၍၊
ချစ်တတ်စေ့ချင်၊
တစ်ခွင်လောက၊ ဖြစ်သမျှကို၊
ငါတို့ကြိုလို့၊ ပြုစုစို့လေ၊
ဖူးစေ ပွင့်စေ၊ မျှဝေတရား၊
လိုလားအကျိုး၊ သယ်ပိုးဆောင်ယူ၊
သူသူငါငါ၊ "အမွေပါကြ"၊
လောကကမ္ဘာ၊ ဖွံ့ဖြိုးလာစေ၊
တိုးတက်စေဖို့၊
ဖူးစမ်းပါစေ၊ ပွင့်လန်းစေတော့။

ငြိမ်းချမ်းဦး

## 1371- Happy New year

## "Let Bud and Bloom"

❀ The world of sentient beings,
The world of nature,
These two worlds exit in inter- rela
tion.
They are subject to the law of change
I happened to contemplate about
Arising and disappearance.

❀ The universe came about
In splendour and beauty,
Life in the universe in beneficial,
Samsarā in long and great.
There, everything in lovable,
Attachment thus arises.
All nautural resources are desirable .
Everything seem is attached,
Yet, the chariot of time passes by
All these things.
Time moves on, not a moment lapses.
In a flitting moment man meets man.
Because he is, thus I am,
So long as he and I remain alive,
Mutual benefit is desired.
Mutual love and sympathy thrive.
Faithful to each other
what a peaceful life is it.

❀ Debt of gratitude I openly admit,
With positive outlook and pleasant
feeling in heart, I want share
knowledge and senses with him.
To beautify the world man matters most.
So I wish everyone learn the art of love.
Let us welcome whatever arises in this
world.
Everybody is inherited with the spirit
of altruism.
Let us share this spirit.
Let the world progress and develope.
Let every flower bud and bloom.

**Nyein Chan Oo**



## နှစ်သစ်မင်္ဂလာကြည်သာရွှင်လန်း အေးချမ်းသာယာရှိကြပါစေ

**ငြိမ်းချမ်းဦး**

နှစ်ဟောင်းလွန်၍ နှစ်သစ်ဆန်းစ ပဌမနေ့ကို မင်္ဂလာနှစ်ဆန်းတစ်ရက်နေ့ဟုခေါ်ကြသည်။ ယခုနှစ် တန်ခူးလပြည့်ကျော် (၈)ရက် သောကြာနေ့သည်ကား ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ်သို့ ကူးပြောင်းရောက်ရှိသော မြန်မာတို့၏ မင်္ဂလာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

သက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ကုန်ညောင်း၍ ၁၃၇၁ ခုနှစ်သစ်သို့ ကူးပြောင်းသော မင်္ဂလာအခါသမယလည်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော လူမျိုးတိုင်းသည် နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းလာသည်ကို အမွန်အမြတ်ထားကြသည်။ နှစ်ဟောင်းလွန်၍ နှစ်သစ်ဆန်းစ ပဌမနေ့ကိုမင်္ဂလာနှစ်ဆန်းတစ်ရက် နေ့ဟုခေါ်ဝေါ်သတ်မှတ်ကြသလို အချို့တို့ကလည်း နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည့်နေ့ဖြစ်သဖြင့် နှစ်သစ်ကူးနေ့ဟု ခေါ်ဝေါ်ကြသည်။

စာမျက်နှာ ၂၅ သို့

**ဗုဒ္ဓါဗောဓေယျံ**
သစ္စာတရားကိုငါသိသလို၊
ဝေနေယျတို့သိစေရမည်

**မုတ္တောမောစေယျံ**
ဘဝအနှောင်အဖွဲ့မှ ငါလွတ်သလို ဝေနေယျတို့
လွတ်စေရမည်

**တိဏ္ဏောတာရေယျံ**
သံသရာဝဲဂယက်မှ ငါကူးမြောက်နိုင်သလို
ဝေနေယျတို့ ကူးမြောက်စေနိုင်ရမည်

ဒို့တာဝန်အရေးသုံးပါး
ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား
- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက် (၄)ရပ်
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း၊ ပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

**Address**

***Hlaing Kyi Phyu Dhamma Vira Publishing House***
***Head Office: Blk (1), Rm(R6), Myanmar Info-Tech,***
***Hlaing Ts, Yangon.***
***Branch Office: No. 50, 2nd Fl. Bank St, Kyauktada Ts, Yangon.***
***Ph: 0980 23992 , 0950 01401***
***e-Mail - dhammavira@gmail.com***

## ဓမ္မဝီရဂျာနယ်

**ဩဝါဒါစရိယဆရာတော်များ**
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ
ဒုတိယပါမောက္ခချုပ်ဆရာတော်(စီမံ)
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက(M.A)
ဒုတိယပါမောက္ခချုပ်ဆရာတော်(ပညာ)
အဘိဓမ္မာပိဋကမဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထေရိန္ဒ(M.A)
ပိဋကတ်ဆိုင်ရာပါဠိစာပေဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(M.A)
သုတ္တန္တပိဋကတ်မဟာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်
မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမန(M.A)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ ဌာနမှူး/ပါမောက္ခဆရာတော်

**စာတည်းချုပ်**
မဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

**စာတည်းအဖွဲ့ ၊** ပြည်စိုး၊ ဓမ္မထက်ကို
**စီမံရေးရာ၊** ဖြိုးမာမာ

**ထုတ် ဝေ သူ**
တင်စိုး(မြဲ -၀၄၂၆၆) လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေတိုက်နှင့်
ဒီဂျစ်တယ်စာကြည့်တိုက်

**အပြင်အဆင် ကွန်ပျူတာ**
မိုးကြီး၊ ဖြိုးဖြိုးဇာခြည်၊ မြတ်နိုးပိုင်

**ဖြန့်ချီရေး**
လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်
ဖုန်း- ၀၉၈၀ ၂၃၉၉၂၊ ၀၉၅၀ ၀၁၄၀၁၊ ၀၁-၅၀၇၂၀၈
မိုးကောင်းကင်စာပေ၊
အမှတ်(၁၃၄)၊ အခန်း(၆)၊ ၃၆-လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၃၂၅၅
ထွန်းဦးစာပေ(မန္တလေး) ဖုန်း ၀၂-၃၉၈၀၁

**ပုံနှိပ်**
တင်အောင်ဝင်း၊ ဘိုးရာဇာပုံနှိပ်တိုက်
အမှတ်(၁၆၂)၊ (၄၅)လမ်း၊ ဗိုလ်တထောင်မြို့နယ်။
**ဖလင်**
Empire Colour Repro

**ယခုအပတ် ဖတ်စရာ**
**ကဏ္ဍ**

| ကလောင်ရှင်များ | စာမျက်နှာ |
|---|---|
| - လယ်တီဆရာတော် - - - - - - | ၂၀ |
| - အရှင်ဇနကာဘိဝံသ - - - - | ၂၈ |
| - ပခုက္ကူဆရာတော် - - - - - - | ၁၆ |
| - အယ်ဒီတာအာဘော် - - - - | ၃ |
| - ဦးသီလာစာရ - - - - - - - | ၅ |
| - ဘဒ္ဒန္တဇနိန္ဒသာရ(သဒ္ဓမ္မဇောတိကဓဇ) | ၄ |
| - ရှင်ဉာဏ(ဖျာပုံ) - - - - - - - | ၆ |
| - အရှင်ကောဝိဒဓဇ - - - - - - | ၂၃ |
| - အရှင်ဝါယမ(တောင်သာ) - - - | ၁၀ |
| - အရှင်သုစိတ္တသာရ - - - - - - | ၈ |
| - အရှင်သီလာစာရ(ပဲခူး) - - - - | ၁၁ |
| - ဦးပဏ္ဍိတ - - - - - - - - - | ၃၀ |
| - တက္ကသိုလ်သျှင်သီရိ - - - - - - | ၇ |
| - ငြိမ်းချမ်းဦး - - - - - - - - - | ၁ |
| - သီတာဦး(မြန်မာစာ) - - - - - | ၁၄ |
| - မြတ်ဝေ(ရွှေပြည်သာ)- - - - - | ၁၃ |
| - မောင်ထိန်ဝင်း(သစ်တော) - - - | ၁၈ |
| - ဇော်နောင်/ ပန်ပန် - - - - - - | ၃၈ |
| - ဓမ္မဝီရသန္တာ - - - - - - - - | ၄၀ |
| - လင်းမြတ်(မြန်မာစာ) - - - - - | ၃၁ |
| - မြင့်သိန်း(မော်ကျွန်း) - - - - - | ၂၇ |
| - အလင်း(မကွေး) - - - - - - - | ၃၃ |
| - ခရာ(ကေတု) - - - - - - - - | ၃၅ |
| - ကြည်လွင် - - - - - - - - - | ၃၇ |
| - ခင်သူဇာမြင့် - - - - - - - - | ၃၆ |
| - သတင်း - - - - - - - - - | ၃၂ |

တို့၏အထူးဆောင်းပါး၊ သတင်းနှင့် ကဗျာများ။

ရာစုသစ်၏ စိန်ခေါ်မှုမျိုးစုံကို ရဲရင့်တည်ကြည်သော စိတ် ငြိမ်းချမ်းသော လောကအမြင်ဖြင့် ဘဝကို ရင်ဆိုင်လျက် အောင်မြင်စွာ ဖြတ်သန်းနိုင်ကြဖို့ ဓမ္မဝီရဂျာနယ် ဖတ်ကြစို့



# အယ်ဒီတာအာဘော်



## ဓမ္မဝီရမှ ဓမ္မရေအေး နံ့သာမွှေးဖြင့် နှစ်သစ်ကူးကို ပက်ဖျန်းကြိုဆိုပါသည်

မြန်မာရိုးရာအစဉ်အလာ သင်္ကြန်အခါတော်ဟူသည် သင်္ကန္တ=ကူးပြောင်းခြင်း ပါဠိဝေါဟာရ မှ ဆင်းသက်လာသည်ဟု ယူဆကြပါသည်။ သင်္ကန္တ=သင်္ကြန္တ=သင်္ကြန်ဟူ၍ ပြောဆိုကြရာ၌ အယူအဆအမျိုးမျိုးရှိခဲ့ပါသည်။ အာသီဗြဟ္မာမင်း ဦးခေါင်းကို နတ်သမီး ခုနစ်ယောက်တို့က တစ်ယောက်လျှင် တစ်နှစ်စီ ဆောင်ယူထားကြရပြီး တစ်နှစ်ကုန်လျှင် တစ်ယောက်မှ နောက်တစ်ယောက်သို့ ကူးပြောင်းပေးခြင်းကို သင်္ကြန်ကူးပြောင်းခြင်းဟု ဒဏ္ဍာရီဆန်ဆန် ယူဆမှုလည်းရှိသည်။

တစ်ဆယ့်နှစ်ရာသီတွင် အဆုံးရာသီဖြစ်သော မိန်ရာသီမှ အစရာသီဖြစ်သော မိဿရာသီသို့ ပြောင်းခြင်းကို သင်္ကြန် ကူးပြောင်းခြင်းဟု ဗေဒင်အယူအဆအရ ယူဆမှုလည်းရှိပါသည်။

ဟောင်းရာမှ သစ်ရာသို့ပြောင်းလဲခြင်း၊ အဟောင်းနှင့်အသစ်သို့ ကူးပြောင်းခြင်းသည် အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်သော အရာဖြစ်၍ ကမ္ဘာ့လူသားတိုင်း နှစ်သစ်ကူးကူးပြောင်းခြင်းကို မင်္ဂလာအဖြစ်ခံယူလေ့ရှိသည်။

မြန်မာဗုဒ္ဓဘာသာတို့၏ အယူအဆအရ နှစ်သစ်သင်္ကြန်အခါကာလသည် နှစ်ဟောင်းမှ မကောင်းမှု အကုသိုလ်များကိုပယ်၍ နှစ်သစ်တွင် ကုသိုလ်ကောင်းမှုများ အထူးပြုလုပ်ခြင်းဖြင့် ဘဝ၏တစ်နှစ်တာခရီး သာယာချမ်းမြေ့ကြသည်ဟု ယုံကြည်ထားပါသည်။

ဤကာလအတွင်း၌ တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းသောဓလေ့၏ ဇာစ်မြစ်မှာရေသည် ကြည်လင်အေးမြခြင်း၊ အညစ်အကြေးကို ဆေးကြောသန့်စင်နိုင်ခြင်းနှင့် ရေကိုသား၍ အကြားမထင်ဟူသော ရေနိမိတ်လေးသွယ်ကို အဓိကထား၍ **နိုင်ငံသူ နိုင်ငံသားအားလုံး ရေအသွင်ကြည်လင်ခြင်း၊ အေးမြခြင်း၊ နှစ်ဟောင်း အညစ်အကြေးကို ဆေးကြောသန့်စင်ပေးခြင်းနှင့် ရေကိုသား၍ အကြား မထင်သော ချစ်ချင်ခင်ခင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိခြင်းဟူသော အတိတ်နိမိတ်ကောင်းကို မေတ္တာဆောင်း၍ပြုလုပ် ပေးခြင်း သဘောဆောင်ပါသည်။**

မြန်မာဗုဒ္ဓဘာသာတို့၏ အယူအဆအရ ဤကူးပြောင်းမှု သင်္ကြန်ကာလဝယ် နှစ်သစ်သို့ ကူးမြောက်ရာ၌ မင်္ဂလာအပေါင်း ခညောင်း၍ စတု ဒီသာကျွေးခြင်း၊ သံဃာတော်များ ဆွမ်းဆက်ကပ်ခြင်း၊ ရုပ်ပွားတော်များ ရေသပ္ပါယ်ပြီး ဘုရား တန်ဆောင်းကျောင်းကန်များ သန့်ရှင်းရေး ပြုလုပ် ခြင်း၊ ဥပုသ်သီတင်းစောင့်သုံးခြင်း၊ တရားဘာဝနာ အားထုတ်ခြင်း၊ သက်ကြီးဘိုးဘွားတို့အား ပူဇော် ခြင်း ဘယဒါန၊ ဇီဝိတဒါန၊ ကျွဲ, နွား, ငှက်, ငါးစသော တိရစ္ဆာန်များအား ဘေးမဲ့ပေးခြင်းတို့ကို ပြုလုပ်ကြ ရသည်။

တစ်ဖန် ဤကူးပြောင်းမှု သင်္ကြန်ကာလဝယ် ငိုကြွေး ပူဆွေးခြင်း၊ မေထုန်မှုပြုခြင်း၊ အသားဟင်းစားခြင်း၊ သေရည်သောက်ခြင်း၊ အမျက်ထွက်ခြင်း၊ သတ်ပုတ်ခြင်း၊ သွေးဖောက်သွေးထုတ်ခြင်း၊ ဆီလိမ်း ဆေးလိမ်းခြင်း၊ သစ်ပင်နုတ်ခြင်း၊ ထင်းခွဲခြင်း၊ ဈေးဝယ်ယူခြင်း၊ ကျီသွင်းခြင်း၊ ဈေးရောင်းခြင်း၊ ဆိုင်ထွက်ခြင်းတို့ကို မပြုလုပ်ရဟူ၍ ရှေးပညာရှင်တို့က သွန်သင်ဆုံးမထားသည်ကိုလည်းတွေ့ရပါသည်။

ဗုဒ္ဓ၏ အဆုံးအမဝယ် မကောင်းမှုရှောင် ကောင်းမှုဆောင်ပြုလုပ်ကြသဖြင့် သုခေါပုညဿ ဥစ္စယော၊ ပစ္စုပ္ပန်သံသရာနှစ်ဖြာ ချမ်းသာခြင်း အကျိုးများရရှိကြမည်မှာ ဧကန်မလွဲဖြစ်ပါမည်။

နှစ်ဟောင်းအညစ်အကြေးများကို ဆေးကြောသန့်စင်လျက် နှစ်သစ်ကို ကြိုဆိုရန် ပူပြင်းသော နွေကာလဝယ် အေးချမ်းသောရေဖြင့် ပက်ဖျန်းသန့်စင်ကြသည်။ အေးမြသန့်စင်သော နံ့သာရေဖြင့် တစ်ဦးကိုတစ်ဦး သွန်းလောင်းပက်ဖျန်းကြသည်။ နှစ်သစ်ဦးအစကာလတွင် မိမိကိုယ်တိုင် ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုးစားခြင်းဖြင့် တစ်နှစ်ပတ်လုံး ကောင်းကျိုးများ ခံစားနိုင်ပါစေကြောင်း၊ ကောင်းကျိုးများ ဆောင်နိုင်ပါစေကြောင်း ဓမ္မဝီရကလည်း ဓမ္မရေအေး အမြိုက်နံ့သာမွှေးဖြင့် ကမ္ဘာလူသား မြန်မာပြည်သူများအား ပက်ဖျန်းအပ်ပါသည်။

**အယ်ဒီတာ**



# အမှတ်တမဲ့မှ အမှတ်တရသို့ -၂

**ဘဒ္ဒန္တဇနိန္ဒသာရ (မုံရွာနေဇာ)**

အမှတ်တမဲ့ပြောလိုက်သောစကားလေး တစ်ခွန်းက အမှတ်တရဖြစ်ရပ်တွေ ရရှိတတ်ပေတယ်။ အမှတ်တမဲ့လုပ်လိုက်တဲ့ ကိစ္စလေးကြောင့်လည်း အမှတ်တရဇာတ်လမ်းတွေ ပေါက်ပွားတတ်ပေတယ်။ ပြောလိုတာကတော့-အမှတ်တမဲ့အပြော, အမှတ်တမဲ့အပြုအမူတွေဟာ အမှတ်တရဖြစ်စေတတ်တယ်. . ဆိုတာပါပဲ။

မှန်ပါတယ်။ ကိုယ်ကသာ အမှတ်တမဲ့ (အမှတ်သတိမရှိဘဲ) ပြောလိုက်ပေမယ့် ခံရတဲ့သူမှာ မသက်သာပါဘူး၊ အနာတရဖြစ်သွားတတ်ပါတယ်။ မိမိကသာ အမှတ်တမဲ့ (အမှတ်မဲ့) လုပ်လိုက်မိတဲ့ ကာယကံတစ်ခုက- ထိခိုက်သွားသူမှာ ဒဏ်ရာရတတ်ပါတယ်။ "ဒဏ်ရာ" ဆိုတာ ကိုယ်ခန္ဓာမှာရတဲ့ ရုပ်ဒဏ်ရာလည်းဖြစ်ချင်ဖြစ်မယ်။ စိတ်ကို ထိခိုက်တဲ့နှလုံးသားဒဏ်ရာလည်း ဖြစ်ချင်ဖြစ်မယ်။

**ခုဇ္ဇုတ္တရာအမျိုးသမီး**

'ဉဇ္ဇုတ္တရာ' ဆိုတာ- ဗုဒ္ဓစာပေတွေမှာ အသေအချာအထင်အရှားရှိပါတယ်။

သူမရဲ့နာမည်ရင်းကတော့ 'ဉတ္တရာ' ပါ။ ခါးကလေးကုန်းနေလို့ 'ခုဇ္ဇ' ဝေါဟာရနဲ့ တွဲစပ်ဝိသေသနပြုပြီး 'ခုဇ္ဇုတ္တရာ' ဟု ခေါ်ဝေါ်ကြတာပါ။ ခုဇ္ဇ-ဆိုတဲ့ပါဠိရဲ့အနက်က 'ကုန်းခြင်း' လို့ အဓိပ္ပာယ်ရပါတယ်။ 'ခုဇ္ဇုတ္တရာ' သို့မဟုတ် 'ခါးကုန်းမလေး မဉတ္တရာ' ပေါ့။

ဒါနဲ့ အလားတူ နာမည်တွေဟာ ဗုဒ္ဓစာပေမှာ အမြောက်အမြားတွေ့ရတယ်။

-မဟာပဇာပတိဂေါတမီ- အရှင်သခင်မဂေါတမီ (ဗုဒ္ဓဘုရားရဲ့ မိထွေးတော်)

-ကိသာဂေါတမီ- ခန္ဓာကိုယ်ကြုံလှီသေးကွေးတဲ့ ဂေါတမီ (ယနေ့ခေတ် စကားနဲ့ပြောရင်တော့ မော်ဒယ်ဂဲ(လ်) ဂေါတမီပေ့ါ)

-မဟာသုပ္ပဗုဒ္ဓမင်း-သာကီဝင်မင်းသုပ္ပဗုဒ္ဓ (ဗုဒ္ဓဘုရားရဲ့ ဦးရီးတော်၊ အရှင်ဒေဝဒတ်နဲ့ ယသော်ဓရာမင်းသမီးတို့ရဲ့ ဖခင်)

-သုပ္ပဗုဒ္ဓကုဋ္ဌ- ကိုယ်ရေးပြားရောဂါသည် သုပ္ပဗုဒ္ဓ (ဗုဒ္ဓဘုရားရှင်ရဲ့တရားတော်ကို နာကြားရပြီး သောတာပန်ဖြစ်သွားသူ)

'တိဿ' ဆိုတာတွေလည်း အများကြီးရှိတယ်။ တိဿဆိုတဲ့ ရှင်သာမဏေလေးတစ်ပါးတည်းကပင် ကမ္ဗလာတိဿ၊ ပိဏ္ဍပါတိကတိဿ၊ ဝနဝါသီတိဿ. . . ဆိုပြီးတော့ကာ သုံးမည်ရတာတောင်ရှိရဲ့။ ကာဠုဒါယီ-လာဠုဒါယီ။ နန္ဒတွေလည်း အများကြီး၊ နန္ဒမင်းသား (ညီတော်)၊ နန္ဒ ရွှေပန်းတိမ်သည်၊ နန္ဒနွားသတ်သမား စသဖြင့်ပေ့ါ။ ဒါတွေထားတော့၊ 'ခုဇ္ဇုတ္တရာ' အကြောင်း ဆက်ရအောင်. . ။

'ခုဇ္ဇုတ္တရာ' ဟာ အကြားအမြင်များတဲ့ (ဗဟုသုတ ဧတဒဂ်) ဘွဲ့ထူးရရှိသူဖြစ်တယ်။ သူမဟာ ဒီဘွဲ့ထူးကို ပဒုမုတ္တရဘုရားရှင်လက်ထက်ကတည်းက ဆုပန်ဆင်ခဲ့တာပါ။ ဗုဒ္ဓဂေါတမလက်ထက်တော် ရောက်တဲ့အခါကျတော့ ဃောသကသူဌေးရဲ့ အထိန်းတော်မ, ဝမ်းမှာ သန္ဓေတည်ခဲ့တယ်။ အထိန်းသည်မရဲ့ သမီးဆိုပါတော့။

ကောသမ္ဗီပြည် ဉဒေန (ဉတေန) မင်းကြီးရဲ့ မိဖုရား၊ သမာဝတီထံမှာ အလုပ်အကျွေးပြုခဲ့ရသာမာဝတီကို နေ့စဉ်ပန်းဆက်ရတဲ့တာဝန်ကို ယူရတယ်။ သူမဟာ ရှစ်အသပြာဖိုး ပန်းဝယ်ခိုင်းသော်လည်း လေးသပြာကို ခိုးခိုးထားပြီး လေးအသပြာဖိုးသာ ပန်းဝယ်လေ့ရှိသတဲ့။ တစ်နေ့မှာတော့- ပန်းဝယ်သွားရင် ဗုဒ္ဓဘုရားရဲ့တရားကို နာကြားရပြီး သောတာပန်တည်ခဲ့တယ်။ သောတာပန်ဖြစ်တော့မှပဲ လေးအသပြာဖိုး မခိုးတော့ဘဲ ရှစ်အပြာ ပန်းဝယ်တယ်လေ။

အဲဒီမှာ- သာမာဝတီမိဖုရားက "ဒီနေ့ခါတိုင်းနဲ့မတူ ပန်းတွေများလှချည်လား ခုဇ္ဇုတ္တရာရဲ့. . " လို့ ပြောတဲ့အခါ- ခုဇ္ဇုတ္တရာက အမှန်အတိုင်း ဝန်ခံပြောဆိုပါတယ်။

ရတနာသုံးပါးကိုင်းရှိုင်းဆည်းကပ်တဲ့ သာမာဝတီမင်းသမီးဟာ ခုဇ္ဇုတ္တရာအား သူမနာကြားခဲ့ရတဲ့တရားကို ပြန်ဟောပေးရန်တောင်းဆိုတယ်။ ဒီအခါ ခုဇ္ဇုတ္တရာက ဓမ္မကထိကလုပ်ပြီး တရားဟောပါတယ်။ ခုဇ္ဇုတ္တရာက မြင့်ရာကနေပြီး သာမာဝတီတို့က နိမ့်ရာမှနေကာ တရားနာယူစေခဲ့ပါတယ်။ တရားကို ရိုသေသောအားဖြင့်ပေ့ါ။ အဆင့်အတန်းအနေနဲ့ပြောရင် သာမာဝတီက မိဖုရားကြီး၊ ခုဇ္ဇုတ္တရာက အလုပ်အကျွေးအစေခံ။ တရားဓမ္မနဲ့ပတ်သက်လာလျှင် အမြင့်စံဖြစ်ရတယ်လေ။ ဒါဟာ တရားဓမ္မရဲ့ဂုဏ်ကျေးဇူးပါပဲ။

ခုဇ္ဇုတ္တရာဟာ ပိဋကတ်သုံးပုံကို ဆောင်နိုင်သူဖြစ်တယ်။ ဗုဒ္ဓဘုရားရဲ့ ဟောကြားချက်ဓမ္မများကို သာမာဝတီတို့အား နေ့စဉ်ပြန်လည်ဟောကြားပေးရတယ်။ သူမဟောကြားတဲ့တရားဓမ္မတွေကို စုပေါင်းပြီး သုတ္တန္တပိဋကမှာ ဣတိဝုတ္တက (ဣတိဝုတ်) ကျမ်းဆိုပြီး ကျမ်းတစ်စောင်ပေတစ်ဖွဲ့ပြုကာ သံဂါယနာ တင်ထားတယ်။

ခုဇ္ဇုတ္တရာ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဆိုတာ သိသာအောင် သူမရဲ့အကြောင်းကို အနည်းငယ်ချဲ့ထွင်ပြီးပြောလိုက်တာပါ။ အဓိကပြောချင်တာကတော့ သူမ ခုလိုခါးကုန်းရတဲ့အကြောင်း၊ ကဿပဘုရားရှင်လက်ထက်တုန်းက သူမဟာ သူဌေးသမီးပါ။ လူ့ဘဝတုန်းက သူငယ်ချင်းဖြစ်တဲ့ ဘိက္ခုနီမညနေခင်းအိမ်သို့ကြွအလာမှာ သူမက အလှပြင်နေတယ်လေ။ အလှပြင်နေဆဲ သူငယ်ချင်းဘိက္ခုနီကလည်း ဝင်ရောက်လာတော့ အလှပြင်ပစ္စည်း (ပေါင်ဒါဗူး) အယူခိုင်းခဲ့မိတယ်။ ယနေ့လူတွေ

ခိုင်းတဲ့အခါ ပြောတတ်ကြတယ်မဟုတ်လား။ "မရှိမသေ မီးခြစ်လေး ယူပေးစမ်းပါ-" "တဆိတ်လောက် ဟို စာအုပ်ကို ထုတ်ပေးစမ်းပါ. . " ဆိုသလိုပေ့ါ။

ခိုင်းတုန်းကတော့ အမှတ်တမဲ့ပါပဲ။ ဒါပေမယ့် အကုသိုလ်အပြစ်က လက်ပိုက်ကြည့်မနေဘူးလေ။ ဘိက္ခုနီမကို ခိုင်းခဲ့လို့ ကျွန်ဖြစ်ရတယ်။ အမှတ်တရဖြစ်သွားရပြီ။ **ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးဟာ ခါးကုန်းနေတာကိုမြင်ပြီး သူမဟာ အပျော်အပျက်ရယ်စရာသဘောနဲ့ ကုန်းတဲ့ကွတဲ့ ပုံစံတူလုပ်ပြခဲ့တယ်။ ခါးကုန်းသဏ္ဌာန်ပုံစံလုပ်ပြခဲ့ တာဟာ လုပ်တုန်းကတော့ အမှတ်တမဲ့ပဲဖြစ်မှာပါ။ ခုတော့. . မခုဇ္ဇုတ္တရာ ဖြစ်လာတာ အမှတ်တရဖြစ်ရပြီ။**

**အမ္ဗပါလီ**

ဝေသာလီမင်းသမီး အမ္ဗပါလီဟာ အချောအလှမှာ နာမည်ကြီးခဲ့ပါတယ်။ ရင်၊ ခါး အလှ၊ တင်သားအကျ၊ ကတ္တိယသဘာဝ၊ အလှအပဘာမျှ အပြစ်ပြောစရာမရှိလောက်အောင် ချောမောလှပသူလေးဖြစ်ရုံမျှမက ကောင်းခြင်းငါးဖြာနဲ့လည်း ပြည့်စုံတယ်။ အလွန်မည်းခြင်း၊ အလွန်ဖြူခြင်း၊ အလွန်ဝခြင်း၊ အလွန်ပိန်လှီခြင်း၊ အရပ်မြင့်လွန်းခြင်း၊ အရပ်နိမ့်လွန်းခြင်းဆိုတဲ့ အပြစ်ခြောက်ပါးကင်းသူလေးလည်းဖြစ်နေတယ်။ ကောင်းခြင်းငါးဖြာဆိုတာကတော့ ဆံပင်ရဲ့ကောင်းခြင်း၊ အသားရောင်ကောင်းခြင်း၊ အရေရဲ့ကောင်းခြင်း၊ အရိုးအဆစ်ပြေပြစ်ကောင်းမွန်ခြင်း၊ အရွယ်ရဲ့ကောင်းခြင်းတို့ပဲဖြစ်တယ်။ (ကောင်းခြင်းငါးဖြာမူကွဲလည်း ရှိပါသေးတယ်)။ ဒီလောက်ဆိုရင် အမ္ဗပါလီရဲ့အလှကို မှန်းဆလို့ရပါပြီ။

လှလွန်းဆွေ အမ္ဗပါလီကို ဟိုသူဌေးကလိုချင်၊ သည်သူဌေးကဆက်သွယ်၊ ဟိုမင်းသားက ကမ်းလှမ်း၊ သည်မင်းသားက ချဉ်းကပ်. . စသဖြင့် အလှ္ဘာစုံနယ်စုံက စုပြုံစုံမက်နှစ်သက်နေသူဖြစ်လေတော့. . . "ကိုင်း. . ဘယ်သူမှ အပိုင်မယူရ၊ မျှမျှတတ အားလုံးနဲ့ သက်ဆိုင်စေ. . "လို့ ဆုံးဖြတ်ကြကာ ပြည့်တန်ဆာ ဖြစ်ရရှာတယ်လေ. . ။ လှလွန်းခြင်းရဲ့အပြစ်လို့ပြောရမလားပဲ။ ဘဝအကျိုးပေးကောင်းလို့ လှပချောမောသူဖြစ်ရပေမယ့်. . ဘဝအကြောင်း မကောင်းခဲ့လို့လည်း 'ပြည်ကြီးတန်ဆာ' ဖြစ်ရပြန်တယ်။

**ဟိုလွန်လေပြီးသောအတိတ်က သိခီဘုရား လက်ထက်ကပါ။ စေတီရင်ပြင်ပေါ်မှာ ဘိက္ခုနီမကြီးတစ်ပါးဟာ 'ဟပ်ချိုး' ချေဆတ်၊ ချောင်းအဟပ် သလိပ်ခပ်လိုက်ရာ- သလိပ်ဖတ်တံတွေး၊ အညစ်အကြေးတွေ ရင်ပြင်ပေါ်မှာ ကျသွားခဲ့တယ်။ ဒါကို တွေ့မိကာ"ဘယ် . . . မကဘုရားရင်ပြင်တော်ပေါ် အညစ် အကြေးစွန့်ခဲ့တာလဲ. . " လို့ ပြောဆိုမိတဲ့ ဝစီကံအပြစ်က အမ္ဗပါလီ ဖြစ်တဲ့ ဘဝမှာ မကောင်းကျိုးပေးကာ ပြည့်တန်ဆာဖြစ်ရပြီလေ။**

အမှတ်တမဲ့ပြောခဲ့တဲ့ အပြစ်တစ်ခုက အမှတ်တရဖြစ်သွားတာပါပဲ။

အမှတ်တမဲ့ပေမယ့် အမှတ်တမဲ့တွေဟာ ပျောက်ကွယ်မသွားဘူး။ အဟောသိကံဖြစ်မသွားဘူး။ အဲဒီအမှတ်တမဲ့တွေဟာ ဘဝတစ်ခုမှာ အမှတ် တရဖြစ်သွားရတာတွေ အများကြီးပါပဲ။ ဒါ့ကြောင့် အမှတ်တမဲ့ဆိုပြီး သူတစ်ပါးကို **အပြစ်မပြောမိကြ ပါစေနဲ့။ မကဲ့ရဲ့မိကြပါစေနဲ့။ သူတစ်ပါး ကိုယ်အနှောင့်အယှက်၊ စိတ်အနှောင့်အယှက်ဖြစ် အောင် မလုပ်ဆောင်မိကြပါစေနဲ့လို့ သတိပေးလိုက်ချင်တာပါပဲ။**

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

(ဓမ္မပဒအဋ္ဌကထာ၊ ထေရီအပါဒါန်။ တေဒဂ်ဝတ္ထုတို့ကို အခြေပြုရေးသားပါတယ်။)

မုံရွာနေဇာ

# ဗုဒ္ဓဂီတိကာ

ဆရာတော် ဦးသီလာစာရ
(ရိုးမတိမ် မဟာအောင်မြေကျောင်း)

## ပိယဝဂ်-ချစ်ခြင်းအုပ်စု
## တယောဇန ပဗ္ဗဇိတ ဝတ္ထု

ဗုဒ္ဓရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေတော်မူသောအခါ (ဂေဟာသိတပေမ)ဖြင့် မခွဲနိုင် မခွာရက်အောင် ချစ်ခင်လေးမြတ်အပ်ကုန်သော သားအဖသားအမိ ရဟန်းသုံးယောက်တို့ကို အကြောင်းပြု၍ 'အယောဂေ ယုဥ္ဇမတ္တာနံ' စသော သုံးဂါထာကို ဟောတော်မူ၏။

အယောဂေ ယုဥ္ဇ မတ္တာနံ
ယောဂသ္မိဉ္စ အ ယောဇယံ။
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ၊
ပိဟေတ တ္တာနုယောဂိနံ။

**မြန်မာကဗျာ**

အားမထုတ်ထိုက် အားစိုက်ထုတ်ခါ၊
အားထုတ်သင့်က အားမထုတ်ပါ၊
စွန့်လွှတ်ကိုယ်ကျိုး ချစ်နိုးလိုက်ရှာ၊
အားပါးကျ သူရ စီးပွားသာ။

Attaching oneself to that which should be avoided, not attaching oneself to that which should be pursued, giving up the quest, one who goes after pleasure envies him who exert himself.

စကားပြေ။။ အားမထုတ်သောအရာ၌ မိမိကိုယ်တိုင် အားစိုက်ထုတ်၍ လိုက်စားသင့် အားစိုက်သင့်သောအရာ၌ မိမိကိုယ်တိုင် အားမထုတ်ဘဲ ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်လျက် ချစ်သူကိုသာ ရှာသောသူသည် သူတို့ကိုယ်တိုင် အားထုတ်(ရရှိသော) အကျိုးစီးပွားကို အားကျလျက် (ငါတို့များ ရပါမူ ကောင်းလေစွာ့ဟု) တောင့်တ ငြူစူ(နှုတ်ခမ်းစူလျက်)နေရ၏။

မာပိယေဟိ သမာဂဉ္ဆိ၊
အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊
အပ္ပိယာနဉ္စ ဒဿနံ။

**မြန်မာကဗျာ**

ချစ်သူအပေါင်း ကိုယ်ပေါင်းစိတ်ခွာ၊
မချစ်သူလဲ အမြဲရှောင်ပါ၊
ချစ်မမြင်ရ ဒုက္ခပိုတာ၊
မချစ်လဲ ဆုံဆဲ ဆင်းရဲသာ။

Consort not with those that are dear, nor ever with those are not dear; not seeing those that are dear and the sight of those are not dear, both painful.

စကားပြေ။။ ချစ်သောသူတို့နှင့် ရင်းရင်းနှီးနှီး မနေရာ။ မချစ်သောသူတို့နှင့် ဘယ်သောအခါမှ မရင်းနှီးရာ(မပေါင်းဖော်ရာ)အမြဲရှောင်နေရမည်၊ ချစ်သူတို့ကို မတွေ့မြင်ရခြင်းနှင့် မချစ်သူတို့ကို တွေ့မြင်ရခြင်းသည် ဆင်းရဲလှသည်။

တသ္မာ ပိယံ နကယိရာထ၊
ပိယာပါယော ဟိ ပါပကော။
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ၊
ယေသံ နတ္ထိ ပိယာပ္ပိယံ။

**မြန်မာကဗျာ**

ထို့ကြောင့်ချစ်မှု မပြုလုပ်ရာ
ချစ်သူကွေကွင်း ဆိုးခြင်းယုတ်မာ၊
ချစ်မုန်းမရှိ ထိုသည့်သူမှာ၊
နှောင်ဖွဲ့ခြင်း အလျှင်းမရှိပါ။

Hence hold nothing dear, for separation from those that are dear is bad: bonds do not exit for those to whom nought is dear or not dear.

စကားပြေ။။ ထို့ကြောင့် ချစ်ခင်နှစ်သက်ခြင်းကို စွဲမက်ခါခါမပြုရာ။ ချစ်သောသူမှ ကွေကွင်းရခြင်းသည် ဆိုးဝါးယုတ်မာလှ၏။ ချစ်ခြင်း မုန်းခြင်း မရှိသော သူအတွက် အနှောင်အဖွဲ့တို့သည် မရှိကုန်။

# ဗြဟ္မာကာလေးများ ၃

**ရှင်ဉာဏ(ဖျာပုံ)**



အခါတစ်ပါး၌ ကောသမ္ဗီမြို့နေ အရှင်တိဿအား သူ၏ကျောင်းဒါယကာက သင်္ကန်း သုံးထည်နှင့် ထောပတ်၊ တင်လဲတို့ကို လှူဒါန်း၏။ ထိုအခါ အရှင်တိဿက "မိမိမှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးမယ့် သာမဏေမရှိဘူး၊ ဒါယကာ၊ ဒါ့ကြောင့် သင်လှူသောပစ္စည်းများကို အလှူမခံလိုပါ" ဟု ငြင်းပယ်လိုက်၏။

ဆရာအရှင်၏စကားကို ကြားသိရလျှင် ကျောင်းဒါယိကာကြီးက သူ၏ခုနစ်နှစ်အရွယ်ရှိ သားငယ်ကို အရှင်တိဿအား ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ်ပေးလေသည်။ ကျောင်းဒါယကာကြီး၏ သားငယ်ကား ပါရမီအထုံအဟုန်ကြီးသူဖြစ်သည်။ ဆရာဖြစ်သူအရှင်တိဿက တပည့်အား သာမဏေဝတ်ပေးရန် (ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူအရေပါး)ဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို ဟောကြားရင်း ခေါင်းရိတ်ပေးစဉ် ထိုသူငယ်သည် ခေါင်းရိတ်၍ပြီးသည်နှင့် အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်သွားလေသည်။

ခေါင်းရိတ်အပြီးမှာ သူ့တပည့် သူငယ်လေး ရဟန္တာဖြစ်သွားသည်ကို အရှင်တိဿမသိချေ။ တပည့်သာမဏေကားလည်း အာသဝေါကုန်ခဲ့ပြီဖြစ်သော သူ့အကြောင်းကို ဆရာဖြစ်သူအား အရိပ်အမြွက်မျှပင် မပြောကြားဘဲနေ၏။ ဤသို့ဖြင့် တပည့်ဖြစ်သူ သာမဏေဝတ်ပြီး ဆယ့်ငါးရက်အကြာတွင် အရှင်တိဿသည် သူ့တပည့်သာမဏေနှင့်အတူ၊ ဘုရားရှင်ကို ဖူးမျှော်ကန်တော့ရန် သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းဆီ ခရီးထွက်လာခဲ့ကြသည်။

ခရီးသွားစဉ် ဆရာတပည့်နှစ်ဦး တောကျောင်းတစ်ကျောင်းသို့ ဝင်ရောက်တည်းခိုကြရာ တပည့်သာမဏေက ဆရာ့အတွက် အိပ်ရာနေရာ ပြင်ဆင်ပေးသည်။ သူ့အတွက်နေရာကိုကား မိုးချုပ်သွား၍ မပြင်ဆင်တော့ချေ။ သို့ဖြစ်၍ ဆရာဖြစ်သူ အရှင်တိဿက တပည့် သာမဏေအား သူ့အခန်းထဲမှာ အိပ်ရန် မိန့်ကြားလိုက်၏။ အိပ်ရာပေါ်လှဲချ လိုက်သည်နှင့် ပုထုဇဉ်ရဟန်းဖြစ်သော ဆရာအရှင်တိဿသည် အိပ်မောကျသွားသည်။ ထိုကဲ့သို့ ဆရာရဟန်းနှင့် တပည့် သာမဏေတို့ တမိုးတရံတည်းသော ကျောင်းမှာ အတူအိပ်စက်ကြ၍ သုံးရက်မြောက်တော့မည့်ညသို့ရောက် သောအခါ တပည့်သာမဏေက ဆရာဖြစ်သူ အရှင်တိဿအား "သဟသေယျ" အာပတ်မသင့်စေရန် သာမဏေလေးသည် တစ်ညလုံးမအိပ် စက်ပဲ ထိုင်၍သာနေလေ၏။

တပည့်သာမဏေလေး တစ်ညလုံး မအိပ်စက်ပဲနေသည့်အကြောင်းကို အရှင်တိဿ မသိပေ။ နံနက်မိုးသောက်ယံရောက်၍ အိပ်ရာမှ နိုးသောအခါ သာမဏေလေးကို မကြည့်ဘဲ၊ ပက်လက်လှန်ရက်မှ သာမဏေအိပ်စက်ဖို့ခင်းထားသော ဖျာဆီ၊ ယပ်အဖျားနှင့် လှမ်းရိုက်လျက် နှိုးလိုက်၏။ ဆရာရိုက်နှိုးလိုက်သော ယပ်အဖျားသည် ထိုင်နေသော သာမဏေလေး၏ မျက်စိတစ်ဖက်ကို ပုတ်ခတ်မိသွားရာ မျက်စိတစ်ဖက် ပျက်စီးသွားတော့၏။ ထိုအဖြစ်ကို ဆရာဖြစ်သူကလည်း သတိမပြုမိ။ တပည့်ဖြစ်သူကလည်း မလျှောက်ထားပဲ ဆိတ်ဆိတ်သာနေသည်။ ဆရာဖြစ်သူက မိုးလင်းပြီး အပြင်ထွက်ဟုဆိုသောအခါ သာမဏေလေးသည် ပျက်စီးသွားသော မျက်စိတစ်ဘက်ကို လက်ဖြင့်အုပ်ပြီး အခန်းအပြင်သို့ထွက်ခဲ့ပေသည်။

အရှင်တိဿ၏ တပည့်သာမဏေလေးမှာ မျက်စိတစ်ဘက် ပျက်သွားသော်လည်း ဆရာဖြစ်သူအား ပြုစုစောင့်ရှောက်ရမည့် ဝတ္တရားများကို အပျက်မခံ၊ ပျက်သွားသောမျက်စိကို လက်တစ်ဖက်ဖြင့်အုပ်လျက် ဝစ္စကုဋီနှင့်မျက်နှာသစ်ရေရာ နေရာတို့ကို အမှိုက်များလှည်းပြီး မျက်နှာသစ်ကို အဆင်သင့်ခပ်ထား၏။ ဆရာဖြစ်သူ မျက်နှာသစ်ပြီးသောအခါ ကျန်လက်တစ်ဖက်တည်းဖြင့် "တံပူ" ကို ကပ်လေရာ. . ဆရာဖြစ်သူက. . "သာမဏေ သင့်အား ဆရာသမားက ဆုံးမထားတယ်မဟုတ်လား. . ဘာ့ကြောင့်လက်တစ်ဘက်တည်းနဲ့ 'တံပူ' ကပ်ရသလဲ. . ။" ဟု ကြိမ်းမောင်းမာန်မဲလိုက်သည်။ ထိုအခါတွင်မှ တပည့်သာမဏေကဖြစ်ရပ်ကို လျှောက်ထားလေရာ ဆရာဖြစ်သော အရှင်တိဿသည် အိပ်မှုံစုံမွှားဖြင့် တပည့်အားမကြည့်ပဲ ယပ်ဖြင့် ရိုက်နှိုးခဲ့မိသော သူ့အမှားကိုစဉ်းစားရင်း နောင်တကြီးစွာ-တမိလေတော့သည်။

နောင်တကြီးစွာရခြင်းနှင့်အတူ ဆရာဖြစ်သူ အရှင်တိဿသည် တပည့်ဖြစ်သော သာမဏေကို ကရုဏာသက်စွာကြည့်ရင်း. . "သူတော်ကောင်း သာမဏေ. . ငါ့အား သည်းခံပါ. . ။ ငါဟာ သာမဏေရဲ့အဖြစ်ကို မသိခဲ့ပါ. . ငါ့အား ခွင့်လွှတ်ပါ. . ။" ဟု ရိုသေစွာတောင်းပန် လိုက်သည်။ ထိုအခါ တပည့်သာမဏေလေးက. . . ။

**"အရှင်ဘုရား. . အခုလိုဖြစ်ရတာဟာ အရှင်ဘုရားရဲ့ အပြစ်လဲမပါပါ၊ တပည့်တော်ရဲ့ အပြစ်လဲမပါပါ။ သံသရာဝဋ်ရဲ့ အပြစ်သာ ဖြစ်ပါတယ်ဘုရား"** ဟု ရိုရိုသေသေဖြင့် ပြန်လည်လျှောက်ထားလိုက် လေသည်။ တပည့်သာမဏေက, ဆရာ ဖြစ်သူအား ကျေနပ်ခွင့်လွှတ်ပါကြောင်း၊ တရားဓမ္မ နှင့်အညီ လျှောက်ထားခွင့်လွှတ်ပါသော်လည်း အရှင်တိဿကား သူ့အမှားအတွက် စိတ်မချမ်း မသာဖြစ်၍နေ၏။

သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်သို့ ဆရာတပည့်နှစ်ပါးရောက်ရှိ၍ ဘုရားရှင်ကို ဖူးမြော်ကန်တော့ပြီးကြသောအခါ အရှင်တိဿက သူတို့ဆရာတပည့်၏ အမှတ်တစ်မဲ့ဖြစ်ပျက်ခဲ့ရသော အကြောင်းကို လျှောက်ထားပန်ကြားလိုက်၏။ ထိုအခါ မြတ်စွာဘုရားက ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို ဦးစွာဟောကြားတော်မူပြီးလျှင် တရားနှင့်ဆက်စပ်၍ ဩဝါဒစကားမိန့်ကြားတော်မူလိုသဖြင့် အရှင်တိဿ၏တပည့်သာမဏေငယ်ကို အကြောင်းပြု၍ ဤဓမ္မဒေသနာကို ဟောကြားဆုံးမတော်မူလေသည်။

**"တရားကို ကောင်းမွန်စွာသိ၍ ကိလေသာမှ လွတ်ပြီးသော၊ ငြိမ်သက်သော၊ တာဒိဂုဏ်နှင့် ပြည့်စုံသော ထိုရဟန္တာ ပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်၏။ နှုတ်အမူအရာသည်လည်းကောင်း၊ ကိုယ်အမူအရာသည်လည်းကောင်း ငြိမ်သက်၏. . . ။"**

(ဓမ္မပဒ၊ အရဟန္တဝဂ်။)

ကျမ်းကိုး-
ဓမ္မပဒ၊ အရဟန္တဝဂ်၊
အရှင်တိဿတပည့်သာမဏေဇာတ်။

ရှင်ဉာဏ (ဖျာပုံ)

# ဗုဒ္ဓဂေါတမ၏ စကြဝဠာ(ကမ္ဘာ)အမြင်

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ B.A)



## မြင်းမိုရ်တောင်နှင့် နေ-လဂြိုဟ်တို့သွားလာမှု သဘာဝ

ဗုဒ္ဓဘာသာစာပေ အဋ္ဌကထာ၊ ဋီကာများအဆိုအရ နေလတို့သည် မြင်းမိုရ်တောင်ခေါ်သော ဤကမ္ဘာမြေကြီးကိုပတ်၍သွားနေသည်။

နေကအထက် လကအောက်ဖြစ်လျက် လှည့်ပတ်နေခြင်းဖြစ်သည်။ လှည့်ပတ်နေသည်ဆိုရာ၌ မြင်းမိုရ်တောင် တစ်ဝက်ဖြစ်သော ယုဂန္ဓိုရ်တောင်နှင့်အမျှ ယူဇနာ(၄၂၀၀၀)အမြင့်မှ လှည့်ပတ်သွားနေခြင်းဖြစ်သည်။

ယုဂန္ဓိုရ်တောင်သည် မြင်းမိုရ်တောင်ထက်ဝက်တွင်ရှိနေသဖြင့် ယနေ့သိပ္ပံပညာရှင်တို့ပြောသော အီကွေတာအပိုင်းပင်ဖြစ်သည်။

နေသည် အရှေ့နှင့်အနောက်သွားလျှင် အသွားမြန်ပြီး တောင်နှင့်မြောက်သွားလျှင် အသွားနှေးသည်။

လသည် အရှေ့နှင့်အနောက်သွားလျှင် အသွားနှေးပြီး တောင်နှင့်မြောက်သွားလျှင် အသွားမြန်သည်။

လကွယ်နေ့၌ နေနှင့်လတစ်ထပ်တည်းကျသွားပြီး နေ၏ဖုံးမှု ပိုခံရသဖြင့် လရောင်မလင်းနိုင်တော့ဘဲ မှောင်မိုက်သွားရသည်။

**လဆန်း(၁)ရက်နေ့တွင် နေ၏အသွားမြန်၍ လက အသွားနှေးသောကြောင့် လသည်နေနောက် ယူဇနာ တစ်သိန်းကျန်ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ကောင်းကင်၌ လကလေးရေးရေး ကွေးကွေးထွက်လာသည်ကို တွေ့ရှိရခြင်းဖြစ်သည်။**

**ဤသို့နေ့စဉ် ယူဇနာတစ်သိန်းကျန်ရစ်ပြီး လပြည့်နေ့တွင် နေ၏ဖုံးကွယ်မှုအောက်မှ လုံးဝ လွတ်မြောက်သွားသဖြင့် လပြည့်သဖြင့် လမင်းကြီး ဝိုင်းဝိုင်းစက်စက်ထွက်လာသည်ကိုမြင်တွေ့ကြရသည်။**

လဆုတ်(၁)ရက်နေ့တွင် နေက လကိုပြန်မှီလာသဖြင့် တစ်ရက်ပြီး တစ်ရက် လကိုဖုံးလွှမ်းသွားပြန်သည်။

နေသည် တစ်ရက်တစ်ရက်မှာ ယူဇနာသုံးသိန်း သုံးသိန်းရှိသော ခရီးကိုသွားနေသည်။

သတပဒိက ပုစ္ဆာဝိသဇ္ဇနာကျမ်း၌ နေသည်တစ်နာရီမှာ ယူဇနာ(၅၀၀၀၀)သွားပြီး လသည် တစ်နာရီမှာ ယူဇနာ (၄၈၃၃၃) သွားသည်ဟုဆိုထားသည်။

ဤ၌နာရီနှင့် ပတ်သက်၍ ဆိုလိုသည်မှာ ယနေ့ခေတ်သုံးသော (၂၄)နာရီကို မဆိုလိုပါ။ မြန်မာနာရီ(၆၀)တစ်ရက်ကို ဆိုခြင်းဖြစ်ပါသည်။

**မြန်မာနာရီတစ်နာရီတွက်နည်းပြုလုပ်နည်းမှာ-**

ကြေးနီစစ်စစ်(၁၆)ကျပ်သားကို အစောက် (၇)လက်သစ်၊ မျက်နှာဝ(၉)လက်သစ် မထူမပါး ညီညီညာညာ ချောမွတ်စွာ ဖလားလုပ်ရသည်။

ဖလားအောက်ဖက် အလယ်တည့်တည့်၌(၁၀)နှစ်သမီး ဆံပင် (၁၆)ပင်ဝင်ရုံမျှ အပေါက်ငယ်ဖောက်ရသည်။

ဖလား၏ အပြင်ဘက် နှုတ်ခမ်းမှဖင်အထိပတ်လည်မျဉ်းကြောင်းရေအစိတ်ပေါင်း(၆၀)ညီတူညီမျှ စိတ်ရသည်။ ယင်းမျဉ်းစိတ်(၆၀)ကို ဗီဇနာ(၆၀)ဟုခေါ်သည်။

ထို့နောက် ဖလားမြုပ်ကောင်းရုံ အင်တုံတစ်ခု၌ ရေကြည်ထည့်ရသည်။ ဖလားကို ရေပေါ်တင်ထားပြီး အပေါက်မှ ရေတစိမ့်စိမ့်ဝင်၍ မျဉ်းစိပ်တစ်စိပ်လျှင် (၁)ဗီဇနာ၊ ဖလားတစ်ခုလုံးနှစ်သွားလျှင် ဗီဇနာ(၆၀)ပြည့်၍ မောင်း (၁) ချက်တီးရသည်။ ယင်းကို တမောင်းဟုခေါ်သည်။ ယင်းတစ်မောင်းသည် မြန်မာ(၁)နာရီဖြစ်သည်။

နေ့နာရီ(၃၀)၊ ညနာရီ(၃၀)ဖြစ်၍ မြန်မာနာရီ(၆၀)ကျော်လျှင် တစ်ရက်ဖြစ်သည်။ ဖလားတစ်ကြိမ်မြုပ်(၁)မောင်း၊ (၂)ကြိမ်မြုပ်(၂)မောင်းစသည်ဖြင့် တီးလာရာ(၇)မောင်းတီးပြီးသောအခါ ဗဟိုစည်တစ်ချက်တီးရသည်။ ယင်းကို (၁)ဗဟိုဟုခေါ်သည်။

ဒုတိယ(၇)မောင်း တီးသောအခါ ဗဟိုစည်(၂)ချက်တီးရသည်။

တတိယ(၇)မောင်းတီးသောအခါ ဗဟိုစည်(၃)ချက်တီးရသည်။

စတုတ္ထ(၇)မောင်းတီးသောအခါ ဗဟိုစည်(၄)ချက်တီးရသည်။

ညဘက်လည်း အလားတူတီးရသည်။ နေ့(၄)ဗဟို၊ ညနေ(၄)ဗဟို (၁)ရက်ဖြစ်သည်။ (၇)မောင်း (၄)ကြိမ်မှာ (၂၈)မောင်းသာရှိ၍ (၃၀) မပြည့်ဖြစ်နေသည်။

ထို့ကြောင့် (၇)မောင်းနှင့် (၃၀)ဗီဇနာ တစ်ဗဟိုယူရသည်၊ နေနာရီ(၃၀)လေးဗဟို မြန်၍ တစ်ရက်နာရီ(၆၀)အတိအကျရသည်။

မြန်မာတို့၏ နာရီ-လ-နှစ်တွက်ပုံမှာ လက်ဖျစ် (၁၀)တွက်(လျှပ်(၁၀)ပျစ်)ကို (၁)ခဏ

| | |
|---|---|
| -၁၀ ခဏ | ၁ပြန် |
| -၆ ပြန် | ၁ဗီဇနာ |
| -၁၅ ဗီဇနာ | ၁ပါဒ် |
| -၄-ပါဒ် | ၁နာရီ |
| -၆၀နာရီ | ၁ရက် |
| -၁၅ ရက် | ၁ ပက္ခ |
| -၂ ပက္ခ | ၁လ |
| -၁၂လ | ၁နှစ် |

**တစ်ဖန်-**

| | |
|---|---|
| ၆၀ ခဏ | ၁ဗီဇနာ |
| ၆၀-ဗီဇနာ | ၁လိတ္တာ(၁)နာရီ |
| ၆၀-လိတ္တာ | ၁ အံသာ(၁-ရက်) |
| ၃၀-အံသာ | ၁ရာသီ(၁-လ) |
| ၁၂ ရာသီ | ၁နှစ် |

**တစ်ဖန်**

| | |
|---|---|
| ၆၀ ခဏ | ၁ဗီဇနာ |
| ၆၀ ဗီဇနာ | ၁နာရီ |
| ၆၀နာရီ | ၁ ရက် |
| ၇ရက် | ၁ သီတင်း |
| ၂ သီတင်း | ၁ ပက္ခ |
| ၂ ပက္ခ | ၁လ |
| ၁၂ လ | ၁နှစ် |

အထူးမှာ နေ့နာရီ(၃၀) ည(၃၀)နာရီဆိုသော်လည်း လအလိုက် နေ့တာရှည်မှု ညတာရှည်မှုရှိသည်။ ဝါဆိုလမှာ နေ့တာရှည်၍ ပြာသိုလတွင် နေ့တာတိုသည်။ **(စာမျက်နှာ ၂၆ သို့)**



# အကျင့်ပျက်လျှင် အပြင်ခက်သည်

အရှင်သုစိတ္တသာရ (မုတ်ကျွန်းရတနာ)

**"အမှားမလိုက် အမှန်ကြိုက်၊ စရိုက်ကောင်းအောင် ကျင့်ရမည်"** ဆိုသော အဆုံးအမစကားကို ရှေးပညာရှိများ ဆိုမိန့်ထားသကဲ့သို့ တန်ဖိုးရှိသော လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ရန်မှာ ကိုယ်ကျင့်တရားသည် အလွန်အရေးကြီးလှပေ၏။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ လူ့လောကတွင် ပုဂ္ဂိုလ်အလိုက် ကွဲပြားခြားနားမှုများရှိကြပေသည်။ အချို့မှာ အကျင့်စာရိတ္တအလွန်ကောင်းသည်။ အချို့မှာ အကျင့်စာရိတ္တ အသင့်အတင့်ကောင်း၍ အချို့မှာ အကျင့်စာရိတ္တ လုံးလုံးပျက်ပြားနေကြသူများဖြစ်ကြသည်။ နေရာဌာန ပုဂ္ဂိုလ်တိုင်း၌ အကောင်းနှင့်အဆိုးသည် ဒွန်တွဲလျက်ရှိနေတတ်သည်။ အရာရာ၌ ခြောက်ပြစ်ကင်းသဲလဲစင် လူသားဆိုသည်မှာ အလွန်ပင်ရှားလှပေသည်။ မြတ်သောအကျင့်ကို ကျင့်ကြကုန်သော အရိယာသူတော်စင်တို့၌သာ ရှိနိုင်သောတရားမျိုး ဖြစ်သည်။ သာမန်ပုထုဇဉ်လူသားများမှာမူ ကိလေသာထူပြောမှု ကြောင့် အမှားလုံးလုံးမကင်းနိုင်ကြပေ။

လူတို့၏ ပင်ကိုယ်ဗီဇနှင့် စရိုက်လက္ခဏာအပေါ် မူတည်၍ အကျင့်စာရိတ္တ ကွဲပြားကြသည်။ အချို့မှာ မွေးရာပါ ပင်ကိုယ်ဗီဇဆိုးကြောင့် မည်သို့မျှ ပြုပြင်၍မရသည့်လူမျိုးလည်းရှိသည်။ ထို့ကြောင့် လူကြီးသူမတို့က **"မွေးသန္ဓေ သေမှဖျောက်"**၊ **"သင်လျှင် တတ်တယ် ဇာတ်မစွန့်ဘူး"** ဟူ၍ ပြောစမှတ် ပြုကြသည်။ တချို့မှာမသိ၍ ဆိုးသွမ်းကြသော်လည်း မိမိကြောက်ရွံ့ရိုသေလေးစားရသောပုဂ္ဂိုလ်တို့၏ အဆုံးအမကိုခံရလျှင် ပြုပြင်သွားတတ်ကြသည်။ အချို့မှာမူ မွေးရာပါ ပင်ကိုယ်ဗီဇကောင်းမွန်သဖြင့် ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ဖြင့် ကိုယ်ကျင့်တရားကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ကြသဖြင့် ကြီးမားသော ပျက်ပြားမှုမျိုးမရှိဘဲ အသေးအဖွဲလောက်သာ အနည်းငယ်ရှိတတ်ကြပေသည်။ ပုဂ္ဂိုလ် တစ်ယောက်၏ ကိုယ်ကျင့်တရား ကောင်းမွန်စေရန်မှာ မိမိအပေါ် ဩဇာသက်ရောက်နိုင်သော ရတနာသုံးပါးနှင့် လူကြီးမိဘ ဆရာသမား တို့၏ အဆုံးအမသည် မရှိမဖြစ် လိုအပ်သည်မှန်သော်လည်း "လူတွင်မူလ" ဆိုသကဲ့သို့ ကာယကံရှင် ကိုယ်တိုင်၏ အားထုတ်မှု (လုံ့လပယောဂ)သည် ပဓာနအကျဆုံးဖြစ်ပေသည်။ **အလေ့အကျင့်ကောင်းမှ အလေ့အထကောင်းသို့**

လူတစ်ယောက်သည် ကောင်းသော အလေ့အထတစ်ခု ရှိလာစေရန်အတွက် မိမိကိုယ်တိုင် အလေ့အကျင့်ကောင်းကို နိစ္စဓူဝအနေအားဖြင့် အမြဲမပြတ် လေ့ကျင့်ပြုမူနေတတ်ဖို့လိုအပ်ပါသည်။ **ဥပမာအားဖြင့် ဘုရားရှိခိုးခြင်းကိစ္စကို ထာဝစဉ်မြဲမြံလိုပါက ကာလအပိုင်းအခြားတစ်ခုအထိ နေ့စဉ်ညစဉ် ရက်မပျက်စေဘဲ အထူးသတိပြု၍ လေ့ကျင့်ပေးပါက ထိုအလေ့အကျင့်ကောင်းသည် မိမိ၏ သဏ္ဍာန်၌စွဲမြဲစွာ တည်လာပါလိမ့်မည်။ အချိန်ကျလျှင် အလိုလို ဘုရားရှေ့သို့ ရောက်နှင့်ပြီး ဖြစ်လာပါလိမ့်မည်။** အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားရှိခိုးခြင်းမပြုလိုက်ရသော်မှ စိတ်ထဲတွင် ဘဝင်မကျသလိုဖြစ်လာပေလိမ့်မည်။ ဤသည်မှာ **အလေ့အကျင့်ကောင်းကို အားထုတ်ရာမှ ရရှိလိုက်သော အလေ့အထကောင်းတစ်ခုပင်ဖြစ်သည်။ သို့မဟုတ်ပါဘဲ သတိရသည့်အခါမှ၊ စိတ်ပါသည့်အခါမှ၊ အားလပ်သည့်အခါမှ ရံဖန်ရံခါပြုလုပ်ပါက ထိုအလေ့အကျင့်ကောင်းသည် မိမိ၏သဏ္ဍာန်၌ မည်သည့်အခါမျှ စွဲစွဲမြဲမြဲဖြစ်လာမည်မဟုတ်ပါ။ ကြာလျှင်ပျောက်ပျက်သွားဖို့ရာသာ ရှိပါတော့သည်။**

အချို့သောသူများသည် နံနက်အိပ်ယာထချိန်မထဘဲ မိုးလင်းသည်အထိ အိပ်စက်တတ်ကြသည်။ တစ်ခါတစ်ရံအိပ်ရေးပျက်မှုကြောင့် အိပ်ရသည်မှ တစ်ပါးအမြဲအားဖြင့် မိုးမလင်းမီ အိပ်ယာမှထတတ်ဖို့ လိုအပ်ပါသည်။ မိုးလင်းအောင် အိပ်တတ်သူများကို "လူပျင်း" ဟု လူကြီးသူမတို့ကအပြစ်တင်လေ့ရှိပါသည်။ စာရေးသူတို့ကလေးဘဝက မိုးလင်းအောင် အိပ်သောအခါ ဖခင်ဖြစ်သူက ဤသို့ဆုံးမလေ့ရှိသည်။ **"မင်းတို့မှာ ကိုယ်စောင့်နတ်ဆိုတာရှိတယ် မင်းတို့တစ်တွေ အိပ်ယာကနိုးမှ သူတို့ နတ်သဘင် အစည်းအဝေးကိုသွားကြရတာ မင်းတို့ကအိပ်ယာထနောက်ကျနေတော့ ကိုယ်စောင့်နတ်မှာ အစည်းအဝေး နောက်ကျတာပေ့ါ။ အဲဒီနောက်ကျမှုကြောင့် ကိုယ်စောင့်နတ်ဟာ အပြစ်ပေးခံရတယ်၊ အဲဒီအခါ ကိုယ်စောင့်နတ်က မင်းကိုကျိန်ဆဲလိမ့်မယ်၊ ကိုယ်စောင့်နတ်ရဲ့ အကျိန်ဆဲကိုခံရရင် မင်းတို့ ဘေးတွေ့လိမ့်မယ်၊ ဒါကြောင့် အိပ်ရာကို စောစောထကြ အိပ်ချင်ရင် နောက်မှ ပြန်အိပ်"** ဟု ပြောခဲ့ဘူး၏။ ဟုတ်သည်မဟုတ်သည်အပထား မိမိတို့မှာ အိပ်ရာမှစောစောထတတ်သော အလေ့အကျင့်ကောင်းတစ်ခုကိုရခဲ့ပါသည်။

ဥပုသ်သီတင်းဆောက်တည်ခြင်းအမှုကို အပတ်စဉ်မပျက်မကွက် ကာလကြာရှည်စွာ ပြုလုပ်ပေးပါက နောင်တွင်ဥပုသ်နေ့ရောက်တိုင်း ကျောင်းသို့မသွားဘဲ မနေနိုင်လောက်အောင် ဖြစ်လာပါလိမ့်မည်။ မိမိတို့ကျောင်းတိုက်တွင် ဝါတွင်းဝါပ ဥပုသ်သည်အမြဲရှိသည်။ 'ဥပုသ်သည်' အမျိုးသမီးကြီးတစ်ဦးက ဤသို့ပြောပြဖူးသည်။ "တပည့်တော်တို့က ဥပုသ်နေ့ပဲ အမြဲမျှော်နေတာ ဥပုသ်နေ့မှာ သီလယူရင်းတရားလည်းနာရတယ် ဓမ္မမိတ်ဆွေအချင်းချင်း တရားဆွေးနွေးခွင့်ရတယ် နားအေးပါးအေးနေရတော့ စိတ်ကို ချမ်းသာနေတာပဲ၊ ဒါကြောင့်ဥပုသ်ကို တစ်ပတ်မှ အပျက်မခံဘူး" ဟုဆိုပါ၏။ အလေ့အကျင့် ကောင်းမှရလာသော အလေ့အထကောင်း တစ်ခုပါ။

စာပေများကို သင်အံလေ့ကျက်နေကြရသော စာသင်သားများ၊ အတန်းကျောင်းသားတို့

အဖို့ မိမိ၏ စာကြည့်ချိန်ကို ပုံသေသတ်မှတ်ပြီး မပျက်မကွက်ကာလကြာမြင့်စွာ ဂရုပြု၍ အလေ့အကျင့် လုပ်ပေးပါက နောင်တွင် အချိန်မှန် စာကြည့်စားပွဲသို့ ရောက်ရှိပြီးဖြစ်နေပါလိမ့်မည်။ တစ်စုံတစ်ရာအကြောင်းကြောင့် ပျက်ကွက်သွားလျှင်သော်မှ စာမကျက်ရခြင်းကို မကျေမနပ်ဖြစ်လာပါလိမ့်မည်။ ဤအချက်တို့ကို နည်းမှီ၍ လူတိုင်းသည် မိမိတို့၏ အကျိုး စီးပွားအတွက် အလေ့အထကောင်းများကို ထာဝစဉ်တည်မြဲလိုပါက အလေ့အကျင့်ကောင်းများကို စိတ်ရှည်ဖွဲ့သန်သည်းခံမှုဖြင့် ကြိုးစားလေ့ကျင့်ပေးလျှင် ဧကန်မုချရနိုင်ပါလိမ့်မည်။

**ရှောင်အပ်လျှင် ရှောင်တတ်ပါစေ။**

"ပါပသ္မိံ ရမတိ မနော" ဟု ဘုရားဟောအရ လူ့စိတ်သည် မကောင်းသည့်ဘက်၌ မွေ့လျော်တတ်သည်ဖြစ်ပေရာ မကောင်းသော အမှုကိစ္စတို့၌ အလေ့အကျင့်မပြုမိစေရန် အထူးသတိပြုဆင်ခြင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပုဂ္ဂိုလ်တစ်ဦးအတွက် အလေ့အထကောင်း တစ်ခုကိုရရန် ကာလကြာမြင့်စွာ လေ့ကျင့်ရသော်လည်း မကောင်းသည့် အလေ့အထကိုမူ အထူးလေ့ကျင့်ပေးစရာမလိုချေ။ အချို့ဆိုလျှင် တစ်ကြိမ်တစ်ခါစမိရုံဖြင့် ထာဝစဉ် စွဲသွားတတ်ကြပေသည်။ လူတစ်ယောက်၏ အသက်ကို တစ်ကြိမ်သတ်ဖူးပြီးသောသူသည် နောင်အကြိမ်ကြိမ်လူသတ်ရန် ဝန်မလေးတော့ချေ။ သူတစ်ပါးဥစ္စာကို တစ်ကြိမ်ခိုးဖူးပြီးလျှင် နောင်အကြိမ်ကြိမ်ခိုးရန် ဝန်မလေးတော့ချေ။

လူတစ်ယောက်သည် မိမိ၏ဝမ်းဗိုက်ထဲသို့ ရှေးဦးစွာဝင်ရောက်မည့် တစ်ကြိမ်တစ်ခါမျှ မသောက်ဖူးသေးသည့် အရက်တစ်ခွက်ကို မသောက်မိအောင် မထိန်းသိမ်းမစောင့်ရှောက်ခဲ့လျှင် (ဝါ) ထိုအရက်ခွက်သည် ဗိုက်ထဲသို့ ရောက်သွားခဲ့ပြီဆိုလျှင် မိမိဘဝကို ဖျက်ဆီးတော့မည့် ကြောက်စရာအကောင်းဆုံးသော လက်နက်တစ်ခုကို စွဲကိုင်မိပြီဟု မှတ်ထင်လိုက်ပါ။ အကြောင်းမူ နောင်အကြိမ်ကြိမ် သောက်မိတော့မည်မှာ သေချာသွားပြီဖြစ်သောကြောင့်တည်း။ လူ့သဘာဝအရ ကြုံတွေ့ကြရသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းများ အပြင်းအထန်ခံစားလာကြရသောအခါ တဒင်္ဂသက်သာရာရသည့်အနေဖြင့် လူတစ်ချို့သည် အရက်သောက်၍ ဖြေဖျောက်တတ်ကြသည်။ ဤအချက်သည်လည်း ကာယကံရှင်အတွက် ကြီးစွာသောမဟာအမှားပင်ဖြစ်သည်။ တောက်လောင်နေသောမီးကို ရေဖြင့်ငြိမ်းသတ်ရမည့်အစား၊ ဓာတ်ဆီနှင့်လောင်းမိသကဲ့သို့ မီးတောက်ကို ပို၍ကြီးထွားစေသည်နှင့် ပမာတူလှပေ။ စင်စစ်အားဖြင့် ဝေဒနာက ဝေဒနာ, အရက်က အရက်ပေမို့ ဘာမျှမဆိုင်၊ ပျောက်စရာလည်း အကြောင်းမရှိ။ မိမိကိုသာ ထိခိုက်နစ်နာစေမည်ဖြစ်သည်။ အနောက်တိုင်း စာရေးဆရာကြီးတစ်ဦး၏ ဆောင်ပုဒ်တစ်ခုကို ဖတ်ဖူးသည်မှာ **"ရှေးဦးစွာ သောက်သော အရက်တစ်ခွက်သည် လူကအရက်ကို သောက်ခြင်း ဖြစ်သည်။ ဒုတိယသောက်သော အရက်သည် အရက်ကအရက်ကိုသောက်ခြင်းဖြစ်သည်။ တတိယသောက်သောအရက်သည် အရက်က လူကို သောက်ခြင်းဖြစ်သည်"** ဟူ၏။ "လူကိုဖျက်အရက်" ဟူသော စကားပုံရှိသည် မဟုတ်ပါလော။

ကိုယ်ကျင့်တရားကို ပျက်စီးစေနိုင်သည့် အချက်တစ်ခုကျန်ပါသေးသည်။ ထိုအရာကား လောင်းကစားပင်ဖြစ်သည်။ လောင်းကစားဟူသည် ဘယ်ကစားနည်းဖြစ်ဖြစ် လူကို အရှုံးအမူး စွဲလန်းစေတတ်သည်။ ကြပ်ကြပ်ကစားလေ ကြပ်ကြပ်စွဲလေဖြစ်သည်။ ယခုခေတ်တွင် ပေါ်ပြူလာဖြစ်နေသော နှစ်လုံးထီ၊ ချဲထီ၊ ဘောလုံးပွဲလောင်းခြင်းမှအစ ဖဲဝိုင်း၊ ဂျင်ဝိုင်း၊ ကြက်ဝိုင်း စသော လောင်း ကစားအကြီးစားများအထိ လူတို့သဲသဲမဲမဲ အစွဲကြီးနေသည်ကို တွေ့မြင်ကြရပါလိမ့်မည်။ အအိပ်ပျက်၊ အစားပျက်၊ ကျန်းမာရေးထိခိုက်သည့်အပြင် အလုပ်အကိုင်တွေပါ လစ်ဟင်းရသည်။ သူတစ်ပါးအိတ်ထဲက ပိုက်ဆံကို အချောင်လိုချင်သောကြောင့် ကိုယ်တိုင် ကြိုးစား လိုစိတ်နည်းပါးလာပြီး အချောင်သမား စိတ်ဓာတ် တွေဝင်လာကြသည်။ အလုပ်ကို လက်ကြောတင်း အောင် မလုပ်ချင်တော့ဘဲ ပေါ့ပေ့ါရ ပေါ့ပေ့ါစား၊ ဘဝကိုလည်း အလေးအနက်မထား၊ တိုင်းကျိုးပြည်ကျိုး၊ လူသားကောင်းကျိုးကိုလည်း မဆောင်ရွက်နိုင်တော့သည့် "ရေပေါ်ဆီလူတန်းစား" အဖြစ်ဖြင့် လေလွင့်ပျက်စီးသွားကြရသူများလည်း အများအပြားပင်ဖြစ်သည်။ အကယ်၍သာ လယ်သမားများကလည်း စပါးမစိုက်ပါဘဲ၊ ယာသမားများကလည်း ယာမစိုက်ပါဘဲ၊ အလုပ်သမားများကလည်း စက်ရုံ၊ အလုပ်ရုံတို့၌ ကုန်ထုတ်လုပ်မှုကို မလုပ်ကြပါဘဲ အားလုံးသည် လောင်း ကစားချည်းသာ လုပ်နေကြမည်ဆိုပါလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အကြီးအကျယ် ထိခိုက်နစ်နာစေသည်သာမက တိုင်းသူပြည်သားတို့၏ စားဝတ်နေရေးကိုပါ ဆိုးရွားသွားစေမည် ဖြစ်သည်။

ထိုမျှမကသေး လောင်းကစားရှုံးတော့ ရှိသမျှစည်းစိမ်ကုန်သည့်အပြင် ကြွေးတင်၍ ပေးစရာမရှိသောအခါ ကြံမိကြံရာ လုပ်မိလုပ်ရာ လုပ်သောအခါမှ ဒုစရိုက်သမား၊ ရာဇဝတ်သားအဖြစ်နှင့် အချုပ်ထဲ၊ ထောင်ထဲ ရောက်ကြရသူတွေလည်း မနည်းလှပါ။ ဤကဲ့သို့ အဘက်ဘက်မှဆိုးကျိုးများသက်ရောက်နေပါလျက် လောင်းကစားကို မစွန့်လွှတ်နိုင်ကြသည်မှာလည်း အံ့သြစရာပင်ဖြစ်သည်။ စာရေးသူတို့ဇာတိရွာမှ ဖဲအလွန်ကစားသော လူတစ်ယောက်ကို မေးကြည့်ဖူးသည်။ "ဖဲကစားတာ ခဏခဏရှုံးတယ်လို့လည်းကြားတယ်၊ ဒါနဲ့များတောင် ဘာလို့ ကစားနေရသေးလဲ" ဟု ပြောသောအခါ သူက" နိုင်တာရှုံးတာ အဓိကမဟုတ်ပါဘူးတဲ့ ဖဲရွက်ကလေး တွေကို ကိုင်နေရပွတ်နေရတာကိုက အရသာရှိနေလို့ပါတဲ့၊ ကိုင်း ကောင်းကြပါသေးရဲ့လား၊" ထို့ကြောင့်ပင်လျှင် မကောင်းမှုကို "အစရှိ တနောင်နောင်" မဖြစ်ရလေအောင် ရှောင်နိုင်ဖို့ အရေးကြီးသည်။ စင်စစ်အားဖြင့် လူတို့သည် မကောင်းမှုကို လက်တဲ့စမ်းကြည့်ရာမှ လက်မလွှတ် နိုင်ဘဲဖြစ်သွားကြရခြင်း ဖြစ်ပေလိမ့်မည်။ ဤကဲ့သို့ သော အကြောင်းအရာတို့ကို ထောက်ရှုခြင်းအားဖြင့် **"မကောင်းသည့် အလေ့အထမှန်သမျှသည် ကိုယ်ကျင့်တရားကို ပျက်ပြားစေတတ်ကြောင်း"** ထင်ရှားပြီဖြစ်သည်။

**"မီးကိုလည်း မလောင်ခင်မှာတား၊ အမှားကိုလည်း မလွန်ခင်မှာရှောင်" ဆိုသကဲ့သို့ မကောင်းမှုမှန်သမျှကို ကျူးလွန်ပြီးမှ ပြုပြင်ရခြင်းထက် အစမလုပ်မိခင်၊ မလွန်ကျူးမိခင်မှာ ရှောင်ကြဉ်နိုင်ခြင်းက သာလွန်၍ကောင်းပေသည်။** ရှေးလူကြီးများ ဆိုဆုံးမသကဲ့သို့ "ဝဝ စား၊ ဝေးဝေးနေ၊ ဝင်မစွက်နဲ့" ဟူသော "ဝ, သုံးလုံး" ကို ရှောင်ကြဘိသကဲ့သို့ မကောင်းမှု ဟူသမျှကို ဝေးဝေးရှောင်ရှားရန် လိုအပ်ပါ သည်။ ထို့ကြောင့် ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းသည် မိမိကိုယ်တိုင် ကိုယ်ကျင့်တရား ကောင်းမွန်သော လူတော်လူကောင်း တစ်ယောက် ဖြစ်လာစေရန်မှာ-

(၁) မိမိ၏ကိုယ်, နှုတ်, စိတ် သုံးပါးကို ကောင်းသောအလေ့အထ၌ တည်မြဲအောင် လေ့ကျင့်ပေးခြင်း။

(၂) မကောင်းသည့်အမှုကိစ္စတို့၌ အလေ့အကျင့်မလုပ်မိစေရန် အထူးဂရုပြု သတိထား၍ရှောင်ရှားခြင်း စသော ဆောင် ရွက်ဖွယ်တို့ကို အလေးထား၍ အစဉ်တစိုက် လိုက်နာဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးပင်ဖြစ်ပေတော့သတည်း။

**"သတ္တဝါဟူသရွေ့ စိတ်ချမ်းမြေ့နိုင်ကြပါစေ"**

**အရှင်သုစိတ္တသာရ**

**(မုတ်ကျွန်းရတနာ)**



# ဝတ်ကျေသူများ ချမ်းသာပွား(၂)

**အရှင်ဝါယာမ (တောင်သာ)**



ကျင့်ဝတ်နှင့်စပ်၍ ဓမ္မဝီရဂျာနယ်၊ အတွဲ (၁၃) အမှတ် (၆)၊ ၂၀၀၈ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်ထုတ်၌ ဝတ်ကျေသူများ ချမ်းသာပွား (၁) ခေါင်းစဉ်ဖြင့် ရေးသားတင်ပြခဲ့ပါသည်။ ယခု ယင်း၏အဆက်ကို ဆက်လက်တင်ပြရသော်-

ကျင့်ဝတ်တရားသည် လောကကြီး၌ မရှိမဖြစ် မသုံးမဖြစ်သောတရားဖြစ်သည်ဆိုသည်ကို အများနားလည်ပြီးဖြစ်ပါ၏။ ကျင့်ဝတ် ကျေပွန်ရင် အားလုံးကောင်းပါ၏။ သို့သော်. . ဝတ် ဆိုသည်ကို သိထားရန် လိုအပ်ပါ၏။ ဝတ်ဆိုသည်မှာ ပြုလုပ်ဆောင်ရွက်ရမည့် အရာမျိုးသာ ဖြစ်သည်။ တစ်ခါတစ်ရံ မဟုတ်ဘဲ အမြဲထာဝစဉ် ပြုလုပ်ဆောင်ရမည့်အရာမျိုးသာဖြစ်၏။ လုပ်ချင်သည့်အခါလုပ်၊ မလုပ်ချင်သောအခါ မလုပ်ဘဲနေခြင်းသည် ဝတ်ထားခြင်း (ဝတ်ကိုကျင့်ခြင်း) မမည်ပေ။ ဝတ်ဆိုသော သဘောကိုက ထာဝစဉ် ပြုလုပ်ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည်။ ဘုရားရှင်ဟောကြားထားခဲ့သည့် ကျင့်ဝတ်တရား တွေကိုပြုလုပ်ဆောင်ရွက်ရမည်။ ထိုသို့ပြုလုပ်ဆောင်ရွက်နေသည်မှာ မိမိ၏အကျင့် တစ်ခုကိုဆောင်ရွက်နေသည်(ကျင့်တယ်) ဟု နားလည်ထားရမည်ဖြစ်သည်။ အလုပ်(အကျင့်) မပါဘဲ ကျွန်တော် ကျွန်မတို့က ဝတ်ကျေသူပါဟု ဆိုစေကာမူ၊ စင်စစ် ဝတ်ကျေသူမမည်ပါ။ ဤနေရာ၌ မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး၏ အဖိုးတန်စကားလေးမှာ=

**"မလုပ်မပြော လုပ်မှပြော၊ သဘောစင်လှစေ၊ အပြောသာ ချဲ့. အလုပ်မဲ့ ကဲ့ရဲ့. မလွတ်ချေ"** အလုပ်သည်သာ အကျင့် အကျင့်သည်သာ အလုပ်ဖြစ်ကြောင်းဆရာတော်ကြီး၏ ကဗျာစာသားနှင့်ပင် ပေါ်လွင် နေပါ၏။

ပုထုဇဉ်တို့သည် ယေဘုယျ အားဖြင့် မလုပ်ဘဲ အပြောကောင်းသူများပါ၏။ အလုပ်သည် အပြောကို လေး နက်စေသလို အကဲ့ရဲ့ဘေးကလည်း လွတ်စေပါ၏။ အလုပ် မလုပ်ဘဲအပြောများသူကို လူမလေးစား ကိုယ့်ကိုယ်တိုင် လည်း စိုးရိမ်စိတ်ကို ဧကန် မုချခံစားရပါ၏။ ဝတ်တရားကို လိုက်နာရာဝယ် ကျေရင်ကျေသလောက် အကျိုးသက်ရောက်မှုရှိပါ၏။ ဝတ်တရား၏ သဘောမှာ ကျေရင်ကျေသလောက် ချမ်းသာမှုကို ပေးပါသည်။ ဝတ်တရားမကျေဘဲ ချမ်းသာမှုကို မရနိုင်။

ကျင့်ဝတ်တရားသည် လောကကို လှပတင့်တယ်စေတတ်သကဲ့သို့ ကျင့်ဆောင်နေသူတို့၏ဘဝကိုလည်း လှပ တင့်တယ်စေပါသည်။ ကျင့်ဝတ်တရားတွေ ဖောက်ပြန်ကြရင်ဖြင့် ရလာသော အကျိုးဆက်သည်လည်း ဘဝဟာ မငြိမ်မသက်၊ ကသိကအောင်ဖြစ်မှာ ဧကန်ဖြစ်၏။ တစ်ဦးနဲ့တစ်ဦး ဆက်ဆံရာ၌လည်း လွတ်လပ်ပေါ့ပါးမှု မရှိမှာသေချာသည်။ မိဘသည် သားသမီးအပေါ်၌ ထားရမည့် ကျင့်ဝတ်တရားကို ကျင့်ဆောင်သည့်အခါ အားနည်းခဲ့မည်ဆိုရင် သားသမီးအရိုအသေတန်မှု ဧကန်ကြုံရမည်။ ထိုနည်းမခြားသားသမီးများကလည်း သားသမီးကျင့်ဝတ်တရားကို လိုက်နာကျင့် ဆောင်မှုနည်းခဲ့လျှင် မိဘရဲ့ပစ်ပယ်မှုခံရမည်ဖြစ်ပေ၏။ ကျင့်ဝတ်တရားသည် ပင်ပန်းကြီးစွာ လုပ်ဆောင်ရမည့် အရာမဟုတ်။ စိတ်စေတနာလေး ရှေ့တန်းတင်၍ နှလုံးသွင်းမှန်စွာ လုပ်ဆောင်လိုက်ရုံသာဖြစ်၏။ သားသမီးကျင့်ဝတ် ငါးပါးတွင် **"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သား (သမီး)တို့တာ"** ဟူ၍ပါရှိရာ နံပါတ် (၁) ကျွေးမွေးမပျက် ဆိုရာမှာ မိမိစားမည့်အစားအစာထဲမှာ စိတ်စေတနာလေးစိုက်ကာ မိဘတို့ရဲ့ဂုဏ်ကို အာရုံပြုပြီး ကျွေးမွေးကြည့်ပါ။ တစ်ချိန်က ငါတို့ရဲ့မိဘတို့သည် ငါတို့ကို နေပူမိုးရွာမရှောင် စီးပွားရှာပြီး ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ကိုယ့်လက်ရှိလျက် ယူမစားနိုင်သောဘဝဝယ် မိဘများက ယုယကြင်နာစွာ ဝါးခွံ့ကျွေးခဲ့၏။ မကျန်းမမာဖြစ်ခဲ့ချိန်တွေမှာလည်း ယုယုယယပြုစုလုပ်ကျွေးခဲ့၏။ အဝတ်အထည်ဆိုရင်လည်း မိဘတို့က အရှက်လုံရုံမျှဝတ်ကြပြီး ငါတို့ကို လူတောတိုး၍ လူရာဝင်နိုင်အောင် ဆင်မြန်းပေးခဲ့သည် စသည်အားဖြင့် မိဘတို့ရဲ့ဂုဏ်ကို အာရုံပြု၍ ကျွေးမွေးကြမည်ဆိုရင် ကိုယ်စားဖို့ဝတ်ဖို့ထဲက မိဘတို့ကို စားဖို့ဝတ်ဖို့ ကျွေးမွေးဖြစ်မှာသေချာသည်။ အာရုံမပြုမိလျှင် တစိမ်းတရံကျွေးရ သကဲ့သို့ ခက်ပါလိမ့်မည်။ ကျွေးမွေးမှုဝတ်တရား မပျက်မကွက်ဘဲ ဆောင်ရွက်ကြသော သားလိမ္မာ သမီးလိမ္မာတို့သည် မလွဲမသွေချမ်းသာကြမည်ဖြစ်၏။

နံပါတ် (၂) ဆောင်ရွက်စီမံဟူသော ဤအချက်ကို စဉ်းစားကြည့်မည်ဆိုလျှင်လည်း စာရေးသူနှင့် စာဖတ်သူတို့ အမှုကိစ္စမှန်သမျှကို မိဘတို့က မခိုမကပ် လိုလိုလားလား ကြိုးစား၍ ဆောင်ရွက်ခဲ့ကြသည်။ မိုးရွာရွာ နေပူပူ အေးချင်သလောက်အေးပါစေ၊ သားသမီးအတွက်ဆို ကျန်းမာရေးဂရုမထား သားသမီးအရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်။ မိမိ ငယ်စဉ်အခါ မလုပ်ဆောင်နိုင်ခဲ့စဉ်က မိမိအတွက်ကို လုပ်ဆောင်စီမံပေးခဲ့သည်။ မိဘများပြုလုပ်ပေးခဲ့သော အခြင်းအရာကို ပြန်လည်မြင်အောင်ကြည့် နိုင်ပါက မိဘတို့အား အလွယ်တကူ ပြန်လည်၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ မိဘရဲ့ ဂုဏ် အလုံးစုံကို အာရုံပြုဖို့တော့ အရေးကြီးသည်။ အာရုံပြုမှ မိဘ၏ ဂုဏ်ကပေါ် မည်ဖြစ်ပါ၏။ ထို့ကြောင့် သားလိမ္မာ သမီးလိမ္မာ များအနေနဲ့ မိဘ၏ဂုဏ်ကို အဖန်ဖန်အာရုံပြုလိုက်ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

အရှင်ဝါယာမ (တောင်သာ)

# သူတော်ကောင်းတို့ အလှူပေးနည်း(၂)

**အရှင်သီလာစာရ(ပဲခူး)**
မြို့ဦးတောရစာသင်တိုက်၊ ဖားကန့်မြို့



(ယခင်အပတ်မှအဆက်)

### ကုသိုလ်ဖြစ်အောင်လာရောက်ကူညီ

အချို့သောပုဂ္ဂိုလ်များသည် မိမိအိမ်သို့ လာ ရောက်အလှူခံသည်ကို မနှစ်သက်ကြချေ၊ အချင်းချင်း လှူရန် တိုက်တွန်းသည်ကိုလည်း မနှစ်သက်ကြချေ။ "ကိုယ်စေတနာရှိရင် ကိုယ်လှူမယ်၊ လာရောက်တိုက်တွန်းရန်မလို၊ ဟောပြောရန်မလို"ဟု ဆိုလေ့ရှိကြသည်။ အမှန်စင်စစ် ထိုကဲ့သို့လာရောက်အလှူခံသူအား ကျေးဇူးတင်တတ်ရမည်၊ အလွယ်တကူအလှူထမြောက်အောင် လာရောက်ကူညီသည်၊ ကုသိုလ်တရားဖြစ်ပွားအောင် လာရောက်ကူညီသည်ဟု သဘောထား ပေးရမည်။ မိမိအား ကုသိုလ်ဖြစ်အောင် လာရောက်ကူညီသူဖြစ်သော ကြောင့် ရွှေ ငွေ ကျောက်သံ ပတ္တမြား ရတနာထုပ်ကြီးကို အိမ်အရောက် လာပို့သည်ဟု ယူဆရမည်၊ ဒါနကုသိုလ် သည် ဘဝဆက်တိုင်း အကျိုးခံစားရမည်ဖြစ်၍ ရွှေ ငွေ ရတနာတို့ထက် ပိုမိုအဖိုးတန်သော ရတနာဖြစ်သည်။ အလှူခံပုဂ္ဂိုလ်သည် အဖိုးတန်ရတနာများကို လှည့်လည်ပေးဝေနေသည်ဟု သဘောထားလျက်အလှူအတန်းပြု အိမ်စဉ်လှည့်လည်အလှူခံရမည်။ **သတ္တဝါသည် ပဋိသန္ဓေစကတည်း က ဘဝကိုနှစ်သက်သော (ဘဝနိကန္တိက) လောဘဇောဖြင့် စတင်၍ တွယ်တာကပ်ငြိခဲ့သည်၊ လောဘတွယ်တာမှု၊ မစ္ဆရိယ နှမြော ဝန်တိုမှုတို့ဖြင့် လူ့ဘဝကို စတင်ခဲ့ရ၍ စကားပြော တတ်ကာစ ကလေးငယ်သည်ပင် "ပေးဘူး၊ ပေးဘူး"ဟူ၍သာ ဟစ်အော်ပြောတတ်ခဲ့ကြပေသည်။ နှမြောဝန်တိုမှု၊ မပေးကမ်း လိုမှုကို မည်သူမျှ သင်ကြားပေးရန်မလို၊ တိုက်တွန်းပေးရန်မလို၊ နှမြောဝန်တိုမှု (မစ္ဆရိယ) လျော့နည်းသွားအောင်၊ ပေးကမ်းလို စိတ်ဖြစ်ပေါ်လာအောင်သာ တိုက်တွန်းနှိုးဆော်ပေးရန် လိုအပ်လှပေသည်။**

### ကိုယ်လှူသူခိုင်း၊ စည်းစိမ်လှိုင်း

အလှူခံခြင်းသည် နှမြောဝန်တိုခြင်းနည်းပါး သွားစေရန်၊ ပစ္စည်းဥစ္စာအပေါ်၌ တွယ်တာမှုနည်းပါး သွားစေရန်၊ ပေးကမ်းစွန့်လွှတ်နိုင်စေရန် တိုက်တွန်းခြင်း ဖြစ်၍ မွန်မြတ်သောဆောင်ရွက်ချက်ဖြစ်သည်။ အလှူ ခံ၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်၍ မွန်မြတ်သော လုပ်ငန်းကိုဆောင်ရွက်ရခြင်းဖြစ်သည်၊ တက်တက်ကြွကြွ စိတ်ပါလက်ပါဆောင်ရွက်သင့်ပေသည်။

ဒါနကုသိုလ်ကို သူတစ်ပါးအားမတိုက်တွန်းဘဲ လှုံ့ဆော်စည်းရုံးခြင်း မပြုဘဲ မိမိတစ်ဦးတည်းသာ ပြုလုပ်လျှင် နောင်တမလွန်ဘဝ၌ အကျိုးပေးသည့်အခါ ခြွေရံသင်းပင်းကင်းမဲ့၍ တစ်ယောက်တည်း အထီးကျန်စွာ စည်းစိမ်ခံစားရသည်။ ကိုယ်တိုင်လည်းပြုလုပ်၍ သူတစ်ပါးကိုလည်း တိုက်တွန်းနှိုးဆော်စည်းရုံး လုပ်ဆောင်သောပုဂ္ဂိုလ်သည် နောင်တမလွန်တွင် အကျိုး ပေးသည့်အခါ ခြွေရံသင်းပင်းပြည့်စုံစွာဖြင့် စည်းစိမ်ခံစားရသည်။

မြတ်စွာဘုရားလက်ထက်တော်က ပါယာသိ မြို့စားကြီးသည် သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းရန် မိမိ၏တပည့် ဥတ္တရလုလင်အား လွှဲအပ် ထားသည်။ ဥတ္တရလုလင်သည် ဆွမ်းအလှူဒါနကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်သည့်အပြင် မိမိလက်အောက်ငယ်သားများကိုလည်း တိုက်တွန်းနှိုးဆော်၍ ပြုလုပ်စေခဲ့သည်။ ၎င်းတို့ ကွယ်လွန်၍ တမလွန်ဘဝရောက်ကြသောအခါ ပါယာသိမြို့စားကြီးမှာ အခြွေအရံမရှိ၊ တစ်ဦးတည်း အထီးကျန်စွာ နတ်ဗိမာန်တစ်ခု၌ နတ်စည်းစိမ်ခံစားရသည်၊ ဥတ္တရလုလင်မှာမူ မြို့စားကြီးထက် တစ်ဆင့်မြင့်သော နတ်ပြည်၌ အခြွေအရံ ပရိသတ်စုံလင်စွာဖြင့် နတ်စည်းစိမ်ကို ခံစားရသည်။

### ဒါနအဓိပ္ပာယ်ဖွင့်ဆိုခြင်း

ဒါနဟူသောစကားသည် ပါဠိစကားဖြစ်၍ ပါဠိ နှင့်နီးစပ်သော ဗုဒ္ဓဘာသာ မြန်မာများအဖို့ ဒါန ဆိုလျှင် မိမိပိုင်ဆိုင်သော ပစ္စည်းဝတ္ထုကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟု သဘောပေါက်နားလည်ကြ၏။ ပါဠိစကားလုံးဖြစ်စေကာမူ မြန်မာစကားလို နားလည် နေကြပြီဖြစ်သည်။ ထို့နောက်ဒါနဟူသည် အလှူခံ ပုဂ္ဂိုလ်၏ အစီးအပွားကို အလိုရှိခြင်း၊ ပူဇော်သော အားဖြင့် ပစ္စည်းဝတ္ထုကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းပင် ဖြစ်၏ဟု ကျမ်းခံတို့၌ ရှင်းပြ တော်မူကြသည်။ (သရတ္ထ-၃၊ ၁၉၃၊ ဒီ၊ ဋီ-၂၊ ၆၈၊ မ-ဋီ-၃၊ ၃၇၊ အံ-ဋီ-၃၊ ၂၂၁)။

### ဒါန အမည်ခွဲများ

ယင်းဒါနသည် ဆောက်တည်အပ်သော အကျင့်တစ်မျိုးဖြစ်သောကြောင့် **"ဝတ"**လည်းမည်၏။ ပညာရှိများ ပညတ်ထားအပ်သောကြောင့် မြတ်သော အကျင့်၊ ဘုရားအစရှိသော သူတော်သူမြတ်တို့၏ အကျင့်ဖြစ်သောကြောင့် **"ဗြဟ္မစရိယ"**လည်းမည်၏၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ လောကီ စည်းစိမ်ချမ်းသာနှင့် ဈာန် ဝိပဿနာ၊ မဂ် ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာချမ်းသာကို ပေးတတ် ဆောင်နှင်းတတ်သောကြောင့် **"နိဒါန"**လည်းမည်၏။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၏ အခြေခံအကြောင်းရင်းဖြစ်သောကြောင့် **"မူလ"**လည်းမည်၏။

သုံးဆောင်ခံစားအပ်သော နှစ်သက်ဖွယ်အာရုံတို့ကိုမှီ၍ ဖြစ်ပေါ်လာသော ချမ်းသာ တို့၏ တည်ရာခိုင်မာသောဌာနဖြစ်၍ **"ပတိဋ္ဌာ"**လည်း မည်၏။ ဒါနသည် တစ်စုံတစ်ရာအခက်အခဲ၊ အကျပ်အတည်းနှင့် တွေ့ကြုံဆုံဆည်း နေရသူတို့၏ အကာ အကွယ် အစောင့်အရှောက် အထောက်အကူဖြစ်၍ မှီခိုရာ၊ ဆောက်တည်ရာ၊ လားရာ၊ ကိုးကွယ်ရာ၊ လဲလျောင်းရာဖြစ်သော ကြောင့် **"တာဏ၊ လေဏ၊ ဂတိ၊ ပရာယဏ"** တို့လည်းမည်ပေ၏။ သတ္တဝါတို့၏ ပစ္စုပ္ပန် တမလွန်နှစ်တန်သော ဘဝတို့၌ တိုးတက်ကြီးပွား ကြောင်း ဖြစ်၍ "ဒက္ခိဏာ"လည်းမည်၏၊ ပူဇော်အပ် ပူဇော်ကြောင်း ဖြစ်၍ **"ယည၊ ယာဂ"**တို့လည်းမည်၏။

### ကျမ်းဂန်လာ ဒါနဥပမာများ

ဒါနသည် သတ္တဝါတို့၏ အားထားမှီခိုရာဖြစ်သောကြောင့် **သီဟာသနပလ္လင်ကြီးနှင့်တူ၏၊** ဖြစ်လေရာ ဘဝတိုင်း၌ ဆောက်တည် ရာကို ရစေသောကြောင့် **"မဟာပထဝီမြေကြီး"နှင့်လည်းတူ၏၊** သတ္တဝါတို့သည် မြဲမြံစွာ ကိုင်ထားအပ်သောတရားဖြစ်၍ **"အာလမ္ဗဏရဇ္ဇု-လက်ကိုင်ကြိုးတန်း"**နှင့်လည်းတူ၏။ ဒုဂ္ဂတိဘဝ ဆင်းရဲဒုက္ခအမျိုးမျိုးမှ ထုတ်ဆောင်ကယ်တင် တတ်သောတရားဖြစ်၍ **"နာဝါ-လှေသင်္ဘော"**နှင့်လည်း တူ၏။ လိုချင်တပ်မက်မှု-လောဘ၊ နှမြောတွန့်တိုမှု-မစ္ဆရိယ စသောဆန့်ကျင်ဘက်ရန်သူဘေးမှ သက်သာ ရာကို ရစေတတ်သောတရားဖြစ်၍ **"သင်္ဂါမသူရ-စစ် မြေပြင် ရောက်စစ်သူရဲကောင်းကြီး"နှင့်လည်းတူ၏။** ဆင်းရဲနွမ်းပါး ဥစ္စာ ရှားပါးခြင်း၏ ဘေးရန်မှ စောင့်ရှောက် ကာကွယ်တတ်သော တရားဖြစ်၍ **"သုသင်္ခတနဂရ ကောင်းစွာတည်ဆောက်ထားအပ်သော မင်း နေပြည်မြို့တော် "နှင့်လည်းတူ၏၊** နှမြောဝန်တိုမှု မစ္ဆရိယ၊ မိမိ ပစ္စည်းတပ်မက်မှု လောဘ စသော စိတ်၏အညစ် အကြေးတို့ မလိမ်း မကပ်ငြိနိုင်သောတရားဖြစ်၍**"ပဒုမ ပဒုမ္မာကြာပန်း"နှင့်လည်းတူ၏။**

ထို့အပြင်ဒါနသည် ကိလေသာ လောင်စာ အမှိုက်တို့ကို လောင်မြိုက်တတ်သော တရားဖြစ်၍ **"အဂ္ဂိ-မီး"နှင့်လည်းတူ၏၊** သဒ္ဓါနည်းပါး၍ မစ္ဆရိယများ သူကို ချဉ်းကပ်နိုင်ခဲ့သော တရားဖြစ်၍ **"အာသိဝိသ- အဆိပ်တန်သောမြွေ"နှင့်လည်းတူ၏၊** ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ကြောက်ရွံ့ဖွယ်ကင်းရဲတင်းသော တရားဖြစ်၍ **"သီဟ-ခြင်္သေ့မင်း"နှင့်လည်းတူ၏၊** ဒါန သည် ဒါနပြုသူ အလှူရှင်အား ယခုမျက်မှောက်ဘဝ၌ လိမ္မာယဉ်ကျေးသော ခြေရုံသင်းပင် နှင့် ပြည့်စုံစေ၍၊ နောင်တမလွန်ဘဝ၌ သူတစ်ပါးတို့ထက် ခွန်အား သာလွန် ကောင်းမွန်စေတတ်သောတရားဖြစ်၍ **"ဟတ္ထိ- ဆင်ပြောင် ကြီး" နှင့်လည်းတူ၏၊** ယခုရောနောင်ပါ နှစ်ဖြာသော ဘဝတို့၌ တိုးတက်ကြီးပွား ကြောင်း ကောင်းမြတ်သော မင်္ဂလာဟု ဘုရားရှင်တို့ သမုတ် အပ်သော တရားဖြစ်၍ **"သေတဥသဘ-ငွေတောင်အတူ ကိုယ်လုံး ဖြူသော နွားလားဥသဘ"နှင့်လည်းတူ၏၊** ဘေးရန် ထူပြောလှသော ဒုဂ္ဂတိဘဝမှ ဘေးရန် ကုန်ခန်းငြိမ်းချမ်း သာယာသော သုဂတိဘဝသို့ ပို့ဆောင် တတ်သောတရား ဖြစ်၍ **"ဝလာဟက အာသရာဇာ-မြင်းပျံရတနာ"နှင့် လည်းတူ၏။** (ဒီ-ဋ္ဌ၊ ၂၊ ၆၂၊ မ-ဋ္ဌ၊ ၃၊ ၆၄-စသည့်) အလှူရှင်၏ သိုမှီးသိမ်းဆည်းထားအပ်သော **နိဟိတ ဘဏ္ဍက- ဥစ္စာဘဏ္ဍာထုပ်"နှင့် လည်းတူ၏။** (သံ-ဋ္ဌ၊ ၁၊ ၇၇)။

ပေးကမ်းလှူဒါန်းစွန့်ကြဲလှူဒါန်းခြင်းသည် စစ်တိုက်ခြင်းနှင့် လည်းတူ၏ (သံ၊ ၁၊ ၂၀-စသည်)၊ လောက၌ သေရမှာကြောက်သော သူသည် စစ်မတိုက်ဝံ့ သကဲ့သို့ မိမိပစ္စည်းဥစ္စာကုန်ခန်းမှာ ကြောက်သော သူသည်လည်း မပေးလှူနိုင်၊ အသက်ကိုသေချင်သေပါစေ ဟုဆိုကာ စွန့်လွှတ်နိုင်မှသာ စစ်တိုက်နိုင်သကဲ့သို့၊ ပစ္စည်းဥစ္စာကုန်ခန်း သော်လည်း ကုန်ခန်းပါစေဆိုကာ ပစ္စည်းဥစ္စာ၌တွယ်တာကပ်ငြိမှု အာလယ ပြတ်မှသာ ပေးလှူနိုင်ကြပေသည်။

**ထို့အပြင် စစ်တိုက်ရာ၌ စစ်သက်အနည်း အများသည် လိုရင်းပဓာနမဟုတ်ဘဲ ရဲစွမ်းသတ္တိရှိ၊ မရှိသာ လိုရင်းပဓာနဖြစ်၏၊ စစ်သည်အင်အား နည်းပါးသော်လည်း ရဲစွမ်းသတ္တိရှိလျှင် ရန်သူ စစ်သည်အင်အားအများကို အနိုင်ရသကဲ့သို့၊ ယုံကြည်မှုသဒ္ဓါ စသည်တို့နှင့် ပြည့်စုံသူသည် အနည်းငယ်သော လှူဖွယ်ဝတ္ထုကို လှူသော်လည်း များစွာသော နှမြောဝန်တိုမှု "မစ္ဆရိယ" ရန်သူကို နင်းချေနိုင်၏၊ ထို့ကြောင့် "ပေးလှူခြင်းသည် စစ်တိုက်ခြင်း"နှင့် တူသည်ဟု ဟောတော်မူခြင်းဖြစ် ပေသည်။**

ယင်းဒါနသည် ပုညကြိယာဝတ္ထုတရား သုံးပါး၊ ပုညာဘိသင်္ခါရ တရား သုံးပါး၊ သင်္ဂဟတရား လေးပါး၊ ရာဇဥပယ်တရား လေးပါး၊ မင်းကျင့်တရား ဆယ်ပါး၊ ပါရမီအကျင့် ဆယ်ပါး၊ အကျယ်-၃၀၊ မင်္ဂလာ တရား သုံးဆယ့်ရှစ်ပါး၊ တရားစုအသီးသီးတွင် တစ်ပါး အပါ အဝင်ဖြစ်ပေ သည်။

### လူတိုင်းအတွက်ဒါနအရေးကြီး

ဒါနသည် ပုဂ္ဂိုလ်အတန်းအစားမရွေး အလေး ထား၍ ဖြည့်ကျင့်ဆည်းပူးရမည့် တရားဖြစ်ပေသည်။ သံသရာခရီးသည် သက်ရှိသတ္တဝါအားလုံးနှင့် သက်ဆိုင်၏၊ သံသရာခရီးသည်တိုင်း မဖြစ်မနေသယ်ဆောင်သွားရမည့် ရိက္ခာလည်းမည်၏။ လျှောက်လှမ်း သွားရမည့် သံသရာခရီးရှည်လျှင် ရှည်သလောက် ဒါနရိက္ခာထုပ် များများပါသွားဖို့ အရေးကြီးသည်၊ ကမ္ဘာအသင်္ချေချီ၍ သံသရာခရီးကို လျှောက်လှမ်းတော်မူကြရသည့် ဘုရား အလောင်းတော်ကြီးများ အရေးတကြီးကျင့်ဆောင်ရမည့် ပါရမီအကျင့်တရားများကို ဆင်ခြင်တော် မူကြရာ၌ ဒါနပါရမီကို ရှေးဦးစွာတွေ့မြင်တော်မူကြပေသည်။

### ဒါနအတွက်အခက် လေးပါး

ဒါနသည် ဤမျှအရေးကြီးသော်လည်း မိမိပိုင် ပစ္စည်းဝတ္ထုကို စွန့်ကြဲပေးကမ်းလှူဒါန်းနိုင်ရန်အတွက် သတ္တဝါတိုင်းအဖို့ အဟန့်အတား တွေက များလွန်းလှ သည်။ ယင်းအဟန့်အတားများကား သံသရာနှင့်ချီ၍ အမတေတည်နေကြပြီးဖြစ်ရာ၊ ယင်းအဟန့်အတားများ ကို ကျော်လွှား၍ ပေးလှူနိုင်ရန် ခက်ခဲလှ၏။ ထို့ကြောင့်ပင် ဒါနအတွက်အခက် လေးပါးဟု ရှေးပညာရှိတို့ မိန့်ဆို တော်မူကြပေသည်။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်ပေသည် -

**(၁) မိမိနှစ်သက်သော ပစ္စည်းဥစ္စာကို သဒ္ဓါကြည်ဖြူစွာ ပေးလှူအံ့ဟု စိတ်ထဲမှာကြံဖို့ ရာခက်ခဲလှ၏။**

**(၂) စိတ်ထဲမှာ ကြံမိသည့်တိုင်အောင်ကြံထားသည့်အတိုင်း ပေးလှူအံ့ဟုနှုတ်ထွက်စကားပြောကြားနိုင်ခြင်းသည် (၃၃) လက်သစ်ရှိသော သန်လျက်ကို မျိုရသည်ထက်ခက်ခဲ၏။**

(စာမျက်နှာ ၁၇ သို့)

# ဣဿာ-မစ္ဆရိယ

မြတ်ဝေ (ရွှေပြည်သာ)

## ဣဿာ

**ဣဿာ-မနာလိုမှု၊ ငြူစူမှု၊ Envy**

သူတစ်ပါးတိုးတက်ကြီးပွားပြည့်စုံနေသည်ကို မနာလို မကြားလို မကြည့်လိုခြင်းသဘောကို ဣဿာဟုခေါ်သည်။

ENVY- the feeling of discontent and ill will caused by another's good fortune, wealth, success, advantages, etc.

Envy is feeling of discontent aroused by someone else's possession of things and success.

**မစ္ဆရိယ**

မစ္ဆိရယ= Macchariya- ဝန်တိုမှုသဝန်ကြောင်မှု 'Avarice, meanness, Nigga, idleness, selfishness.

သူတစ်ပါးတိုးတက်ကြီးပွား ပြည့်စုံနေသည်ကို မရှုစိမ့်နိုင်၊ မုဒိတာမပွားနိုင်ပဲ ဝန်တိုနေခြင်းကို မစ္ဆရိယဟုခေါ်သည်။ သူတစ်ပါးအား မရစေလို ဝန်တိုခြင်းဖြစ်သည်။ မစ္ဆရိယ၊ ဝန်တိုမှု(၅)မျိုးရှိသည်။

၁။ အာဝါသ မစ္ဆရိယ

တိုက်တာအိမ်ရာနှင့် စပ်၍ ဝန်တိုခြင်း၊

၂။ ကုလမစ္ဆရိယ

အပေါင်းအသင်း၊ ပရိသတ်နှင့် စပ်၍ ဝန်တိုခြင်း

၃။ လာဘမစ္ဆရိယ

ပစ္စည်းလာဘ်လာဘနှင့်စပ်၍ ဝန်တိုခြင်း။

၄။ ဝဏ္ဏမစ္ဆရိယ

ရုပ်အဆင်းနှင့်စပ်၍ ဝန်တိုခြင်း။

၅။ ဓမ္မမစ္ဆရိယ

တရားနှင့်စပ်၍ ဝန်တိုခြင်း(၅)မျိုးတို့ဖြစ်သည်။

ဣဿာ-မစ္ဆရိယနှင့်စပ်လျဉ်း၍ တစ်နည်းအဓိပ္ပါယ်ဖွင့်ဆိုနိုင်သေးသည်။

ဣဿာ- ငြူစူခြင်း၊ မနာလိုခြင်းသဘောသည် ဣဿာမည်၏။ သူတစ်ပါးလှကြောင်း၊ ဥစ္စာပေါကြောင်းစသော ဂုဏ်သတင်းစကားပြောကြားလာလျှင် နားမထောင်လိုခြင်း၊ ကဲ့ရဲ့ခြင်း၊ မကျေနပ်ခြင်းသည် ဣဿာသဘောများပင်ဖြစ်သည်။

မစ္ဆရိယ- ဝန်တိုခြင်းသဘောသည် မစ္ဆရိယမည်၏။ မိမိပစ္စည်းကိုဖြစ်စေ၊ သူတစ်ပါးပစ္စည်းကိုဖြစ်စေမိမိရာထူးစည်းစိမ်အာဏာများကိုဖြစ်စေ၊ အခြားသူတို့အား မရစေလိုသော သဘောသည် မစ္ဆရိယသဘောဖြစ်သည်။

**အကုသိုလ်စေတသိက် ၂ ပါး**

ဤဣဿာမစ္ဆရိယအကုသိုလ်တရား (၂)ပါးသည် မကောင်းမှုပြုရာ၌ ပါဝင်သော အကုသိုလ်စေတသိက်(၁၄)ပါးတွင် ပါဝင်သော ထင်ရှားသည့် အဓိကအကုသိုလ်(၂)ပါးဖြစ်သည်။

ဤမနာလိုဝန်တိုမှု အကုသိုလ်စိတ်တို့ကို မိမိတို့သန္တာန်ဝယ် လက်ခံကိန်းအောင်းထားလျှင် မိမိတို့အားကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများကိုဖြစ်စေသည်။ သို့အတွက် ဤမနာလိုဝန်တိုမှုသဘောတို့ကို ပယ်ရှားနိုင်မှသာလျှင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာမှုတို့ကို ရရှိခံစားနိုင်ကြရမည်ဖြစ်ပေသည်။ သို့သော်လည်း သာမာန်ပုထုဇဉ်လူသားများအဖို့ကား ဤစိတ်နှစ်ပါးကို ပယ်ရှားရန်မလွယ်ကူလှချေ။

**သိကြားမင်းကြီးသော်မှ**

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ သိကြားမင်းသည် ပုဗ္ဗနိမိတ်ငါးပါးကိုမြင်၍ သေရမည်ကို ကြောက်လာသည်။ ဣဿာမစ္ဆရိယစိတ်များလည်း ဝင်လာ၏။ မိမိသေလျှင် မိမိထက်သာသောသိကြားမင်းပေါ်လာမည်။ မိမိရာထူးကိုပါ သူတစ်ပါးရရှိမည်။ မိမိစည်းစိမ်ဥစ္စာများကိုလည်း သူတစ်ပါးရမည် စသည်တို့ဖြင့် စိုးရိမ်ကြောက်လန့်လာသည်။ မနာလိုဝန်တိုစိတ်ဖြစ်ကာ နှလုံးမသာမယာဖြစ်လာ သဖြင့် မြတ်စွာဘုရားထံသို့ သွားရောက်ပြီး မေးမြန်းလျှောက်ထားလေသည်။

"အရှင်ဘုရား လူနတ်ပြဟ္မာသတ္တဝါများသည် ဘေးရန်ဒုက္ခအမြဲပင်ရှိနေကြသည်။ အေးချမ်းသာယာစွာနေချင်ပါလျက် အဘယ်အကြောင်းကြောင့် မနေနိုင်ပါသနည်း။ ဘေးရန်ဒုက္ခများနှင့်သာ တွေ့ကြုံနေရပါသနည်း ဟု လျှောက်ထားမေးမြန်းလေသည်။

**မြတ်ဗုဒ္ဓဖြေကြားတော်မူပြီ**

ထိုအခါ မြတ်စွာဘုရားက "ကိုယ့်ထက်သာ မနာလိုသော ဣဿာ၊ ကိုယ်လို သူတစ်ပါးအား မကောင်းစား မချမ်းသာစေလိုသော မစ္ဆရိယ မနာလိုစိတ်များရှိနေခြင်းကြောင့်သာလျှင်၊ လူနတ်ပြဟ္မာသတ္တဝါများသည် အေးချမ်းသာယာချင်ကြသော်လည်း၊ မအေးချမ်းမသာယာကြပါ။ ဒုက္ခများနှင့် မတွေ့ကြုံချင်သော်လည်း မလွဲမသွေ တွေ့ကြုံနေကြရသည်ဟု ဖြေကြားတော်မူလေသည်။

**ဣဿာမစ္ဆရိယကို ပယ်သတ်နိုင်ပြီ**

သိကြားမင်းကြီးသည် ပုဗ္ဗနိမိတ်ကို မြင်၍ သေမည်ကိုကြောက်သဖြင့် ဣဿာမစ္ဆရိယစိတ်များ ဝင်လာသော ဝေဒနာကို အပ္ပမာဒေနသမ္ပာဒေထ မမေ့မလျော့ မပေါ့ဆသော သတိတရားနှလုံးသွင်းလျက် မှီဝဲ သင့် မမှီဝဲသင့် ဝေဒနာတို့ကို ရှုမှတ် ပွားများကာ အချိန်မီ ပယ်သတ်နိုင်ခဲ့လေသည်။

မမှီဝဲသင့်သော ဂေဟာဿိတဝေဒနာတို့ကို ရှုမှတ်ပယ်သတ်လျက် မှီဝဲသင့်သော နေက္ခမဿိတဝေဒနာတို့ကို ဖြစ်စေကာ သတိပဋ္ဌာန်ဘာဝနာကို ပွားများသဖြင့် သောတာပန်ဖြစ်သွားလေသည်။ တစ်ချိန်တည်းမှာပင် ယခင်က ဖြစ်ပေါ်ခဲ့သော ဣဿာမစ္ဆရိယဆိုင်ရာ နှလုံးမသာယာမှုများမှ လုံးဝလွတ်မြောက်မှုရရှိသွားခဲ့လေသတည်း။

**"စိရံတိဋ္ဌတု သဒ္ဓမ္မော"**

မြတ်ဝေ(ရွှေပြည်သာ)

# ဗုဒ္ဓမြတ်စွာ၏ ပဉ္စာသီတိယာ (၈၅) ပါးသော မဟာဂုဏ်တော်ဖွင့် ဗုဒ္ဓပူဇနိယ မဟာဝန္ဒနာ ဘုရားရှိခိုးကြီး

သီတာဦး (မြန်မာစာ)

(ယခင်အပတ်မှအဆက်)

၂၈။ **နရုတ္တမော**- လူသုံးပါးတို့ ထက်မြက်တော်မူသောကြောင့် **နရုတ္တမ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၂၉။ **နာထော** - သတ္တဝါတို့၏ အကျိုးစီးပွားကို တောင့်တတော်မူတတ်သောကြောင့်လည်းကောင်း၊ တစ်ထောင့်ငါးရာကိလေသာကို ပူပန်လောင်မြိုက်စေတတ်သောကြောင့်လည်းကောင်း၊ သတ္တဝါတို့အပေါ်၌ စိုးမိုးခြင်းကို ပြုတော်မူတတ်သောကြောင့်လည်းကောင်း၊ သတ္တဝါတို့၏ အစီးအပွားကို ပြုတော်မူတတ်သောကြောင့်လည်းကောင်း၊ သတ္တဝါတို့၏ ကိုးကွယ်အားထားရာဖြစ်တော်မူသောကြောင့်လည်းကောင်း **နာထ**ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၀။ **ပဉ္စနေတ္တော**- ဗုဒ္ဓစက္ခု၊ ဓမ္မစက္ခု၊ သမန္တစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာစက္ခု ဟု ဆိုအပ်သော ငါးပါးသောစက္ခုတို့နှင့် ပြည့်စုံတော်မူသောကြောင့် **ပဉ္စနေတ္တ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

က္ကတိ- ဤသို့ တိံသာယ- ၃၀ သော ဂုဏောဟိဂုဏ်တော်တို့နှင့် သမ္ပန္နံ-ပြည့်စုံတော်မူသော၊ တံဘဂဝန္တံ-ထိုမြတ်စွာဘုရားကို၊ ဝန္ဒာမိ-ရှိခိုးပါ၏ မြတ်စွာဘုရား။ (ဂုဏ်တော် ၃၀)

သောဘဂဝါ-ထိုမြတ်စွာဘုရားသည်-

၃၁။ **ပဝတ္တာ**- အထူးထူးအပြားပြားသော ဒေသနာနည်းတို့ဖြင့် တရားတော်ကို ဟောကြားတော်မူတတ်သောကြောင့် **ပဝတ္တာ** ဟု မင်္ဂလာနိမိတ်ပြ ဝိသိဋ္ဌဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၂။ **ပါရဂူ**- နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ရောက်တော်မူသောကြောင့် (ဝါ) ဘဝသံသရာ ဖြတ်ကျော်ကာလျှင်၊ ခေမာသောင်နန်း၊ တစ်ဖက်ကမ်းသို့ လှမ်းတက်တော်မူပြီးဖြစ်သောကြောင့် (ဝါ) ဘဝသမုဒ္ဒြာ၊ သံသရာဝယ်၊ တဏှာ ရေလျဉ်၊ အမြဲယှဉ်၍၊ လေးခွင်သြဃ၊ လှိုင်းလုံးကြွသား၊ မောဟနက်ရှိုင်း၊ ချင့်တွက်ပိုင်းလည်း၊ မနိုင်းအပ်ရာ၊ ဒေါသမှာမူ မုန်တိုင်းတူလျက်၊ ပြူစူစောင်း မြောင်း၊ ငါးမိကျောင်းနှင့်၊ မကောင်းဒိဋ္ဌိ၊ အကျိုကျိုလျှင်၊ ဝိစိကိစ္ဆာ၊ ယုံမှားစွာဟု ကိလေသာ ကျောက်ဆောင်၊ ကွင်းကာရှောင်၍၊ ဖောင်မဂ္ဂင်ကြီး၊ ငြိမ့်ငြိမ့်စီး၍၊ သောင်ကြီးကမ်းသာ၊ ဆိုထိုက်ရာသား၊ ခေမာရိပ်ချမ်း၊ တစ်ဖက်ကမ်းသို့ တက်လှမ်းကြွရောက်တော်မူတတ်သောကြောင့် **ပါရဂူ** ဟူ၍ မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ်ပြ ဝိသိဋ္ဌဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၃။ **ပုရိသဒမ္မသာရထိ**- ဆုံးမထိုက်သော လူယောကျ်ား၊ နတ်ယောကျ်ား၊ ဘီလူး ယောကျ်ား၊ တိရစ္ဆာန်ယောကျ်ားတို့ကို ဆုံးမတော်မူတတ်သောကြောင့် **ပုရိသ ဒမ္မသာရထိ** ဟု ဝိသိဋ္ဌဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၄။ **ပုရိသာဇညော**- လုလ္လကဲမြင့်၊ ဖွဲ့ကိုဝင့်၍၊ ရဲရင့်သောယောကျ်ား အာဇာနည်ဖြစ်တော်မူသောကြောင့် **ပုရိသာဇည** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၅။ **ပုရိသာတိသယော**- သီလ၊ သမာဓိ၊ ပညာ၊ ဘုန်းကံပါရမီ၊ သတိဝီရိယ၊ ဖွဲ့သတ္တိရှိသော ယောကျ်ားတကာတို့ထက် ကဲလွန်သောယောကျ်ားထူးယောကျ်ား မြတ် ဖြစ်တော်မူသောကြောင့် **ပုရိသာတိသယ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၆။ **ပုရိသုတ္တမော**- အနန္တပုည အနန္တဂုဏ အနန္တဉာဏ အနန္တတေဇအနန္တ က္ကဒ္ဓိ အနန္တဇုတိဟု ထုတိမင်္ဂလာ အစဉ်ဖြာသော မဟာပုရိသအတုလထွတ်ဖျား ယောကျ်ားမြတ်ဖြစ်တော်မူသောကြောင့် **ပုရိသုတ္တမ** ဟု အနုတ္တရဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၇။ **ဗုဒ္ဓေါ**- ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂတဖြာ၊ လေးသစ္စာကို၊ ဆရာမကူ၊ သယမ္ဘူဉာဏ်စွမ်းဖြင့် သိတော်မူတတ်သောကြောင့်လည်းကောင်း၊ ဝေနေယျ သတ္တဝါတို့ကိုလည်း သိစေတော်မူတတ်သောကြောင့်လည်းကောင်း **ဗုဒ္ဓ** ဟူ၍ ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၈။ **ဖြဟ္မာဘူတော** - တန်ခိုးရှိန်ဝါ၊ အာဏာထန်ပြင်း၊ ဖြဟ္မာမင်းကြီးသဖွယ် ဖြစ်တော်မူသောကြောင့် **ဖြဟ္မာဘူတ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၃၉။ **ဘဂဝါ**- က္ကဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသောကြောင့် **ဘဂဝါ** ဟု မင်္ဂလာနိမိတ်ပြ ဝိသိဋ္ဌဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၀။ **ဘူရိပညော**- ကမ္ဘာမြေကြီးအထုနှင့်တူသော အနန္တအသချေ်ယျ အပ္ပမေယျပညာနှင့်ပြည့်စုံတော်မူသောကြောင့် **ဘူရိပည** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

က္ကတိ-ဤသို့ စတ္တာလီသာယ ၄၀-အတိုင်းအရှည်ရှိသော ဂုဏောဟိ-ဂုဏ်တော်တို့နှင့် သမ္ပန္နံ-ပြည့်စုံတော်မူသော၊ တံဘဂဝန္တံ-ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရှိခိုးပါ၏မြတ်စွာဘုရား။ (ဂုဏ်တော်- ၄၀)

သောဘဂဝါ-ထိုမြတ်စွာဘုရားသည်-

၄၁။ **မဟာကာရုဏိကော**- ကြီးမားသောကရုဏာတော်ရှိတော်မူသောကြောင့် လည်းကောင်း၊ မြတ်သောပုဂ္ဂိုလ် ကရုဏာရှိသောပုဂ္ဂိုလ်ဖြစ်တော်မူသောကြောင့် လည်းကောင်း၊ နံနက်အခါ၌ စကြဝဠာတံတိုင်းမှ ဂန္ဓကုဋီသို့ ရွှေ့ရှုဉာဏ်ကွန်ယက် ဖြန့်ကျက်၍လည်းကောင်း၊ ကျွတ်ထိုက်သောဝေနေယျတို့ကို အမြဲရှုမျှော်သော မဟာကရုဏာရှိတော်မူသောကြောင့်လည်းကောင်း၊ **မဟာကာရုဏိက** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၂။ **မဟာမုနိ**- ကမ္ဘာများစွာရှည်ကြာသော နိစ္စကာလပတ်လုံး လူနတ်ဗြဟ္မာတို့၏ ကိုးကွယ်ရာ ဈာနလာဘီမဟာကဝိ မုနိအပေါင်းထက် တစ်ရံတစ်ခါ တစ်ကမ္ဘာ၌သာ ပွင့်ပေါ်လာသော မုနိပုဂ္ဂိုလ်မြတ်ဖြစ်၍ မြင့်မြတ်သောမုနိ ဖြစ်တော်မူသောကြောင့် **မဟာမုနိ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၃။ **မဟေသီ** - မြတ်သောသီလက္ခန္ဓဂုဏ်၊ သမာဓိက္ခန္ဓဂုဏ်၊ ပညာက္ခန္ဓဂုဏ်၊ ဝိမုတ္တိက္ခန္ဓဂုဏ်၊ ဝိမုတ္တိဉာဏဒဿနက္ခန္ဓဂုဏ်တို့နှင့် ရှာမှီးတော်မူတတ်သောကြောင့် **မဟေသီ** ဟု ကြည်ညိုဖွယ်ရာ မင်္ဂလာနိမိတ္တဝိသိဋ္ဌဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၄။ **မာရဇိ**- မာရ်ငါးပါးကို ဖျက်ဆီးသုတ်သင်အောင်ပွဲယင်တော်မူသောကြောင့် **မာရဇိ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၅။ **မာရာဘဥ္စနော**- ဒေဝပုတ္တမာရ်ကို ပါရမီကုသိုလ်တော်၏အစွမ်းသတ္တိဖြင့် ဖျက်ဆီးတော်မူ၏။ ကိလေသမာရ်ကို ဖျက်ဆီးအပ်သည်ရှိသော်၊ အဘိသင်္ခါရ၊ ခန္ဓ၊ မစ္စုမာရ်တို့ကို ဖျက်ဆီးခြင်းကိစ္စပြီး၏။ ဤသို့မာရ် (၅) ပါးကို ဖျက်ဆီးတော်မူသောကြောင့် **မရာဘဥ္စန** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၆။ **မာရာဘိဘူ**- မာရ်ငါးပါးတို့ကို လွှမ်းမိုးဖျက်ဆီးတော်မူတတ်သောကြောင့် **မာရာဘိဘူ** ဟု မှတ်ယူဖွယ်ရာ မင်္ဂလာနိမိတ္တ ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၄၇။ **မုနိ**- အလုံးစုံသောတရားတို့ကို သိတော်မူသောကြောင့် **မုနိ** ဟု ဝိသေသ

ဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

၄၈။ **မုနိန္ဒော-** အာဂါရမုနိ၊ အနာဂါရမုနိ၊ သေက္ခမုနိ၊ အသေက္ခမုနိ၊ ပစ္စေက မုနိ ဟု ဆိုအပ်သော မုနိ (၅)ပါးကို အစိုးရတော်မူသောကြောင့် **မုနိန္ဒ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

၄၉။ **မုနိမုနိ-** မုနိ (၅) ပါးတို့ထက် လွန်မြတ်သော ဝိသေသမုနိအတုမရှိ ဖြစ်တော်မူသောကြောင့် **မုနိမုနိ** ဟု ထုတိဩဘာမင်္ဂလာနိမိတ်ပြ ဝိသေသ ဂုဏ်ရည်ဘွဲ့အမည်ရှိတော်မူ၏။

၅၀။ **ယတိရာဇာ-** အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဟု ဆိုအပ်သော (၃) ပါးသော ရဟန်းမဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်သော အရိယာသံဃာတော်၊ ကလျာဏပုထုဇဉ်သံဃာတော်ဟုဆိုအပ်သော (၉) ပါးသောရဟန်းတို့၏ မင်းဖြစ်တော်မူသောကြောင့် **ယတိရာဇ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

ဣတိ-ဤသို့၊ ပဏ္ဏာသာယ- (၅၀) သော၊ ဂုဏေဟိ- ဂုဏ်တော်တို့နှင့်၊ သမ္ပန္နံ- ပြည့်စုံတော်မူသော၊ တံဘဂဝန္တံ-ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရှိခိုးပါ၏ဘုရား။ (ဂုဏ်တော်- ၅၀ ပြီး၏)

သောဘဂဝါ- ထိုမြတ်စွာဘုရားသည်-

၅၁။ **ယတိဿရော-** သာသနာ့ဝန်ထမ်းရဟန်းတို့၏ အရှင်သခင် အစဉ်ထာဝရ အစိုးရတော်မူသောကြောင့် **ယတိဿရ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၅၂။ **ရဝိဗန္ဓု-** နေမင်း၏အဆွေဖြစ်တော်မူသောကြောင့် **ရဝိဗန္ဓု** ဟု အတုလ ဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၅၃။ **လောကဂုရု-** လောကသုံးပါး၏ ဆရာဖြစ်တော်မူသောကြောင့် **လောကဂုရု** ဟု အတုလဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၅၄။ **လောကဇိနော-** သုံးလောကဘုံတခွင်မှာ အောင်ပလ္လင်အောင်မြေနန်း၌၊ အောင်ပန်းကိုဆွတ်ချူ အောင်တံခွန်လွှင့်ထူ၍ အောင်တော်မူအရှင်သူမြတ်ဖြစ်တော်မူသောကြောင့် **လောကဇိန** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။

၅၅။ **လောကဇေဋ္ဌော-** ဇေဋ္ဌောဟမသ္မိ လောကဿဟု မြတ်ဗုဒ္ဓလောင်းလျာ ကြုံးဝါးကာ မိန့်ဟသဖြင့်၊ လောက၏ အကြီးအမှူးဦးစီးရှေ့ဆောင်အခေါင်အမြတ် ဖြစ်တော်မူသောကြောင့် **လောကဇေဋ္ဌ** ဟု ဝိသေသဂုဏ်ရည်ဘွဲ့ အမည်ရှိတော်မူ၏။ **(ဆက်လက်ဖော်ပြပါမည်)**

**သီတာဦး (မြန်မာစာ)**

---

## ● နောက်ကျောဖုံးမှ

အသက် ၇၀ အရွယ်ရှိခဲ့ပြီဖြစ်သော ဘုန်းတော်ကြီးသည် ယခုအခါတွင် ဘုရားရှိခိုးဝတ်ပြုကြသူများ နောက်လိုက် တပည့်ပေါင်း နေ့စဉ်ပျမ်းမျှ ၃၀၀၀ ကျော်တို့နှင့်အတူ ဘုရားရှိခိုးတရားဘာဝနာ ပွားများအားထုတ်လျက်ရှိနေပြီဖြစ်သည်။ ထိုအရေအတွက်မှာ မျှော်လင့်မထားသည့် အံ့ဩစရာကောင်းလောက်သော ပရိသတ်အရေအတွက် ဖြစ်၍ ဗုဒ္ဓဝါဒဓမ္မစံချိန်စံညွှန်းအရ ဘုန်းတော်ကြီး၏ အသက်အရွယ် နှင့် စာသော် လွန်စွာများပြားလှသော ပရိသတ်အရေအတွက် ဖြစ်လေ သည်။

Because he always uses the same place to pray, the very soles of his feet have become embedded in the floor, in what looks like a homage to that many years of uninterrupted belief.

အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီးသည် ကျောင်းပေါ်ရှိ နေရာတစ်နေရာထဲကို အမြဲတမ်း အသုံးပြုလျက် ဘုရားရှိခိုး ဝတ်ပြု ကာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်နေသည်ဖြစ်ခြင်းကြောင့် ၎င်း အကြိမ်ကြိမ် အခါခါ မတ်တပ်ရပ်နေခဲ့သော ပျဉ်ကြမ်းခင်းပေါ်တွင် ၎င်း၏ ခြေရာနှစ်ဖက် စွဲထင်ကျန်နေရစ်ခြင်းဖြစ်လေသည်။ နှစ်ကာလ ပေါင်းများစွာ အနှောင့်အယှက်ကင်းရှင်းစွာဖြင့် ၎င်း၏ ယုံကြည်မှု သဒ္ဓါတရားအတိုင်း၊ မရေမတွက်နိုင်လောက်သော အကြိမ်အရေ အတွက်များဖြင့် ရှိခိုးဝတ်ပြု တရားကျင့်နိုင်ခဲ့လေသည်။

Everyday before sunrise, he arrives at the temple steps, places his feet in his footprints and bends down to pray a few thousand times before walking around the temple.

နေ့စဉ်နံနက် နေထွက်ပြီးသည်နှင့် တစ်ပြိုင်နက် ဘုရားကျောင်းဝန်းကျင်တစ်ဝိုက် စင်္ကြံလျှောက်နေသော ဘုန်းတော်ကြီးသည် ကျောင်းလှေခါးရင်းသို့ ရောက်ရှိလာပြီးသည့်နောက် ၎င်းမတ်တပ်ရပ် ဝတ်ပြုနေကျ ခြေချရာ ခြေရာခွက် အတွင်းနင်းချလျက် အကြိမ်အရေအတွက်ပေါင်း ထောင်သောင်းချီကာ ဘုရားရှိခိုး ဝတ်ပြုနေလေ့ရှိသည်။

Afterwords he walks around the temple until the time comes for other prayers. According to Buddhist dogma, one has to live life in a state of meditation and contemplation, so that, after death, he or she could achieve Nibbana, the state of eternal bliss.

ထို့နောက်တွင် ဘုန်းတော်ကြီးသည် နောက်ထပ် ရောက်ရှိလာကြမည့် ဓမ္မယောဂီများမရောက်လာကြမီ အချိန်အတွင်းတွင် ကျောင်းပတ်ပတ်လည် တစ်ကြော စင်္ကြံလျှောက်ယင်း တရားဓမ္မရှုမှတ်နေလေသည်။ ဤသည်မှာ ဗုဒ္ဓဝါဒဓမ္မအရ ယုံကြည်မှု သဒ္ဓါတရားအပေါ် တွင် အကြောင်းခံလျက် ကျင့်သုံးနေထိုင်ခြင်းပင်ဖြစ်လေသည်။

ဤသို့ဖြင့် ယုံကြည်မှုသဒ္ဓါတရားအားကြီးလာသောအခါ ၎င်းယောဂီအပေါင်းတို့သည် ဝိပဿနာဘာဝနာဓမ္မနှင့် လေးလေးနက် နက် ဆင်ခြင်ရှုကြည့်နေကြရသော သတိပဋ္ဌာန်ဓမ္မကျင့်စဉ်တရားနှင့် အညီ ၎င်းတို့၏ ဘဝကို မြုပ်နှံကြလျက် ပွားများကြိုးကုတ် အားထုတ် နေကြပေတော့သည်။

ယင်းသို့ ကြိုးစားအားထုတ်ကြရခြင်းဖြင့် တရားချစ်ခင်သူတော်စင်ကလျာဏနွယ်ဝင် ဓမ္မယောဂီယောကျ်ား၊ သို့မဟုတ် မိန်းမ တို့သည် သန္တိသုခနိဗ္ဗာနဓာတ်ကို ခံစားလျက်ရှိကြလေကုန်၏။

During the first years I would pray 2.000 to 3,000 times a day.But I have grown older, so in recent years I have only done around 1,000 each day".

"I reconstructed this temple and have prayed and walked around the temple all these times so that after my death my spirit will not suffer."


Chi has recently renealed in an interview.

စစဦးပထမဆုံးနှစ်တွေတုန်းကဆိုရင် ကျုပ်ဟာ တစ်နေ့ မှာ အကြိမ်အရေအတွက်ပေါင်း ၂၀၀၀ ကနေ ၃၀၀၀ လောက်အထိ ဘုရားရှိခိုးဝတ်ပြုပြီး တရားဓမ္မတွေကို ပွားများအားထုတ်ခဲ့တယ်။ ဒါပေမယ့် ကျုပ်လည်း အသက်အရွယ်ကြီးရင့်လာလို့ အိုမင်းမစွမ်းရှိ လာပြီဖြစ်တဲ့ လက်ရှိနှစ်ကာလတွေမှာတော့ တစ်နေ့တစ်နေ့မှာ အကြိမ် ၁၀၀၀ လောက်မနဲအားခဲပြီး ဝတ်ပြုပွားများနိုင်တော့တယ်" "ကျုပ်ဟာ အခု ဒီဘုရားကျောင်းကြီးမှာလည်းပဲ ယိုယွင်း ပျက်စီးလာတာတွေကို ဂရုတစိုက်ပြုပြင်ရင်းနဲ့ ဘုရားဝတ်ပြုပြီး တရား ဓမ္မတွေကို အားထုတ်လျက် ကျောင်းပတ်ပတ်လည်မှာ စင်္ကြံသွားနေခဲ့တာတွေကတော့ ကျုပ်သေဆုံးတဲ့နေ့အထိ ဒီလိုအလုပ်တွေကို အားခဲပြီး ကြိုးပမ်းလုပ်ဆောင်သွားမှာဖြစ်တယ်။ ဒီလိုကျင့်ကြံကြိုးကုတ် အားထုတ်နေရလို့တော့ ကျုပ်ရဲ့စိတ်တွေ ပင်ပန်းဆင်းရဲတာမျိုး လုံးဝ မခံစားရပါဘူး"

ဘုန်းတော်ကြီးချိုင်က ၎င်းအား တွေ့ဆုံ၍ မေးမြန်းစူးစမ်း လာကြသူများအား အထက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောကြားသည်ဟု တုံဂရမ်မြို့မှ လာသော အင်တာနက် သတင်း ဆောင်းပါးတွင် ဖော်ပြလေသည်။

**ဓမ္မဝီရသန္တာ**

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**



ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုဏ္ဍာဘိဝံသမဟာထေရ်

ဟောကြားတော်မူအပ်သော

# ပါဠိပိဋကတ်တော်ဒီဃနိကာယ်မဟာဝဂ္ဂသုတ္တန်

မဟာသတိပဋ္ဌာနသုတ်တော်လာ

အလွန်မွန်မြတ်လှပြီးနားလည်လွယ်၍ နိဗ္ဗာန်ရောက်ကြောင်း

လူတိုင်းလက်တွေ့ကျင့်နိုင်သော

# ဓမ္မာနုပဿနာတရားတော်မြတ်

ဤ"ဓမ္မာနုပဿနာတရားတော်မြတ်သည် သာသနာအတွက်အလွန်အကျိုးရှိပြီး၊ သာသနာပြုရာလည်းရောက်သည်မည်၍၊ မြန်မာဘာသာတစ်မျိုးတည်းဖြင့် အစအဆုံးဖော်ပြလိုက်ရပါသည်။
(ဓမ္မဝီရဂျာနယ်)

(ယခင်အပတ်မှအဆက်)

**နိရောဓသစ္စာ**

ပြင်ပမှာရှိတဲ့အာရုံ(၆)ပါးနဲ့ ခန္ဓာကိုယ်မှာရှိတဲ့ (အာယတန)ခေါ်တဲ့ ဒွါရ(၆)ပါးတို့တွေ့တိုက် စုဝေးမှုကြောင့် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်စတဲ့စိတ်(၆)ပါးပေါ်တယ် (မှန်ပါ့)၊ ဒီပေါ်တဲ့ (စိတ်)မှာ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်)ဆိုတဲ့ (ခန္ဓာငါးပါး)လုံးပါတယ်။ (အာရုံ)ကြောင့်ဖြစ်ရတဲ့ (စိတ်)တစ်ခုဖြစ်တိုင်း (ပညတ်)ပါသောစိတ်မှာ (ခန္ဓာငါးပါး)လုံးပါတယ်။ အဲဒီ(ခန္ဓာငါးပါး)ဟာ (ပီယ၊ သာတ)ဆိုတဲ့ ချစ်ခင်မှု၊ နှစ်သက်မှု၊ သာယာမှုတွေနဲ့ ဆက်သွားတော့ တပ်မက်မှု(တဏှာ)ဖြစ်လာတယ်၊ ဒီ(တဏှာ)ချုပ်ရာ၊ မကပ်ငြိရာ၊ မတွယ်တာရာ၊ စွန့်လွှတ်ရာ၊ ပယ်အပ်ရာတို့သည်(နိရောဓသစ္စာ)ဖြစ်တယ်. . . (မှန်ပါ့)

(နိရောဓသစ္စာ)ဆိုတာ (ခန္ဓာ)ချုပ်ရာ၊ (သင်္ခါရ)ချုပ်ရာ၊ (ဒုက္ခ)ချုပ်ရာ၊ (တဏှာ)ချုပ်ရာ (နိဗ္ဗာန်)ကိုပြောတာ. . . (မှန်ပါ့)၊ ရောဓ-(တဏှာ)ကြောင့်ဖြစ်တဲ့ (ဥပါဒါနခန္ဓာငါးပါး)ဖြစ်သော ဝဋ္ဋဒုက္ခကို အဖန်ဖန် ကျင်လည်ရခြင်းမှ နိ=ချုပ်ခြင်းဖြစ်သောကြောင့်၊ (ဒုက္ခ)ကျင်လည်မှုမှ ချုပ်ခြင်း၊ ဥပါဒါနက္ခန္ဓာငါးပါးမှ ကျင်လည်ရသောကြောင့် ဥပါဒါန်ခန္ဓာငါးပါးရမှု ဒုက္ခမှ ချုပ်ငြိမ်းရာ၊ သစ္စာ=အမှန်ဖြစ်သောကြောင့် နိရောဓသစ္စာကို (နိဗ္ဗာန်)လို့ခေါ်တယ်(မှန်ပါ့ဘုရား)။

(ဥပါဒါနက္ခန္ဓာ)လို့ခေါ်တဲ့ (ခန္ဓာငါးပါး)ဒုက္ခများမပြတ်မစဲ တသဲသဲဖြစ်ပွားရတဲ့ ထိုဝဋ္ဋဒုက္ခမှ အမှန်ချုပ်ငြိမ်းသွားခြင်းကို (နိရောဓသစ္စာ)(နိဗ္ဗာန်)လို့ခေါ်တယ်(မှန်ပါ့)။

**မဂ္ဂသစ္စာ**

မြတ်စွာဘုရားက ဘိက္ခဝေ=ရဟန်းတို့၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စံလို့ဟောတယ်၊ ဒုက္ခနိရောဓဂေ(ဒုက္ခ)ချုပ်ရာ၊ ဂါမိနိပဋိပဒါက (ဒုက္ခချုပ်ရာရောက်ရာ အကျင့်မှန်) တရား၊ ဒုက္ခချုပ်ရာ(နိဗ္ဗာန်)ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာတရား၊ ဒီအမှန်တရားကို ကိုယ်ပိုင်ရမှသာ ဒုက္ခချုပ်မှာ၊ ကိုယ်ပိုင်မရရင် ဒုက္ခကမချုပ်နိုင်ဘူး၊ ဒုက္ခချုပ်ရာ(နိဗ္ဗာန်)မရနိုင်တော့ဘူးပေါ့(မှန်ပါ့)။

ဒုက္ခချုပ်ရာ၊ ရောက်ရာအကျင့်မှန်တရားက ဘယ်လိုလည်းဆိုရင် မြတ်စွာဘုရားက

အရိယော= ကိလေသာတို့နှင့်ဝေးသောအရိယာဖြစ်စေသော

အဋ္ဌင်္ဂိကော=အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော

အယမေဝအရိယောအဋ္ဌင်္ဂိကောမဂ္ဂေါ= အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော အရိယာမဂ်ပါပေတည်းလို့ ဟောပါတယ်(မှန်ပါ့ဘုရား)။

အဲဒီ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့မဂ်၊ ကိလေသာတို့နဲ့ ဝေးစေတဲ့ (အရိယာမဂ်)ဆိုတာ ဘာလဲဆိုရင်-

(၁) သမ္မာဒိဋ္ဌိ= (သစ္စာ)တရားလို့ခေါ်တဲ့ (အမှန်)တရားကို သိမြင်ခြင်း၊
(၂) သမ္မာသင်္ကပ္ပေါ=မှန်စွာကြံစည်တတ်ခြင်း၊
(၃) သမ္မာဝါစာ=မှန်စွာပြောဆိုခြင်း
(၄) သမ္မာကမ္မန္တော=မှန်သောအလုပ်ကိုပြုလုပ်ခြင်း၊
(၅) သမ္မာအာဇီဝေါ=မှန်စွာအသက်မွေးတတ်ခြင်း၊
(၆) သမ္မာဝါယမော=မှန်စွာအားထုတ်တတ်ခြင်း၊
(၇) သမ္မာသတိ=အမှန်အတိုင်းသတိရှိခြင်း၊
(၈) သမ္မာသမာဓိ=အမှန်အတိုင်းတည်ကြည်မှုရှိခြင်း၊

**သမ္မာဒိဋ္ဌိ**

(သမ္မာဒိဋ္ဌိ)ဆိုတာ အမှန်တရားကိုသိတာ၊ မြတ်စွာဘုရားက ဘိက္ခဝေ=ရဟန်းတို့ (သမ္မာဒိဋ္ဌိ)အမှန်တရားကိုသိတာ မြင်တယ်ဆိုတာဟာ ဒုက္ခေ ယံခေါဉာဏံ= (ဒုက္ခသစ္စာ)၌ သိတတ်သော(ဉာဏ်)၊ ဒုက္ခဖြစ်ကြောင်း (သမုဒယသစ္စာ)၌ သိတတ်သောဉာဏ်၊ ဒုက္ခချုပ်ကြောင်း (နိရောဓသစ္စာ)၌ သိတတ်သောဉာဏ်၊ ဒုက္ခချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်စေတတ်သော (မဂ္ဂသစ္စာ)၌ သိတတ်သော(ဉာဏ်)ကို သမ္မာဒိဋ္ဌိလို့ ဝုစ္စတိ= ဆိုအပ်၏လို့ဟောပါတယ် (မှန်ပါ့)။

**သမ္မာသင်္ကပ္ပေါ**

(သမ္မာသင်္ကပ္ပ)ဆိုတာ နေက္ခမ္မသင်္ကပေါ=ကာမမှ ထွက်မြောက်သော ဝိတက်၊ အဗျာပါဒသင်္ကပ္ပေါ=ဒေါသမှကင်းသောဝိတက်၊ အဝိဟိံသာသင်္ကပ္ပေါ=ညှင်းဆဲခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ဝိတက်ဆိုတဲ့ စိတ်အကြံအစည်ဟာ မိစ္ဆာအယူမှားစွာမဟုတ်ဘဲ၊ သမ္မာ=မှန်ကန်သော (ပညာ)ဉာဏ်နှင့် ပြည့်စုံ သော အကြံကလေးတွေသိတတ်တဲ့ အကြံကလေးတွေနဲ့ (သမ္မာ)အမှန်မြင်အောင်ကြံတတ် စည်တတ်တဲ့ ဝိတက်မျိုးကို(သမ္မာသင်္ကပ္ပေါ)လို့ ခေါ်ဆိုရတယ် (မှန်ပါ့)။

**သမ္မာဝါစာ**

(သမ္မာဝါစာ)ဆိုတာ အမှန်အတိုင်းပြောဆိုတတ်တာကို ခေါ်တယ်၊ မုသာဝါဒ=မဟုတ်မမှန်သော စကား၊ မုသားမပြောဘူး၊ ပိသုနဝါစာ၊ ချောပစ်=ကုန်းတိုက်သောစကားမပြောဘူး၊ ဖရုသဝါစာ=ကြမ်းတမ်းဆဲရေးသော စကားကို မဆိုဘူး၊ သမ္ဖပ္ပလာပါ=အကျိုးမရှိသော အသိမ်အဖျင်းစကားတွေ မပြော

ဘူးဆိုရင် (သမ္မာဝါစာ)လို့ခေါ်တယ်(မှန်ပါ့)။

**သမ္မာကမ္မန္တော**

(သမ္မာကမ္မန္တော)ဆိုတာ မှန်သော ကောင်းသောအလုပ်ကိုသာ ပြုလုပ်ခြင်းခေါ်တယ်၊ မိမိရော သူတစ်ပါးရော ထိခိုက်မယ့်အလုပ်ကို မလုပ်ဘူး၊ သူ့အသတ်သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ သူ့သားမယားကို ကျူးလွန်ခြင်းတို့ကို မပြုလုပ်ဘဲ မှန်တဲ့ကောင်းတဲ့အလုပ် အကျင့်စာရိတ္တကောင်းတဲ့အလုပ်ကိုသာ လုပ်ကိုင်ခြင်းကို (သမ္မာကမ္မန္တော)လို့ခေါ်တယ်. . . (မှန်ပါ့)။

**သမ္မာအာဇီဝေါ**

(သမ္မာအာဇီဝေါ)ဆိုတာ မှန်သော အသက်မွေးဝမ်းကျောင်းမှုပြုတာကိုခေါ်တယ်၊ မှားသော အသက်မွေးဝမ်းကျောင်းမှုဖြစ်တဲ့ အရက်သေစာ ရောင်းဝယ် အသက်မွေးခြင်း၊ တိရစ္ဆာန်များသတ်ဖြတ်ရောင်းဝယ်၍ အသက်မွေးခြင်း၊ လူသေစေတဲ့လက်နက်များရောင်းဝယ်အသက်မွေးခြင်း၊ လိမ်လည်လှည့်ဖျားသွေးဆောင် ဖျားယောင်း၊ အသက်မွေးခြင်းတို့ကို မပြုလုပ်ပဲ၊ မှန်ကန်တဲ့ အသက်မွေးကျောင်းခြင်းကိုခေါ်တယ်. . . (မှန်ပါ့)။

**သမ္မာဝါယာမော**

(သမ္မာဝါယာမော)ဆိုတာ (အကုသိုလ်)တရားတို့ကို မဖြစ်အောင် လုံ့လဝီရိယပြုတယ်၊ စိတ်ကိုစောင့်ထိန်းတယ်၊ မဖြစ်သေးတဲ့(ကုသိုလ်)တရားတွေကို ဖြစ်အောင်လုံ့လပြုတယ်၊ စိတ်ကိုချီးမြှောက်တယ်၊ ဖြစ်ပြီးကုန်သော ကုသိုလ်တရားတွေမှာလည်း လုံ့လဝီရိယနဲ့ ပြုတယ်၊ စိတ်ကိုချီးမြှောက်ပြီး (ဝီရိယ)ကောင်းထားတာကို (သမ္မာဝါယမော)လို့ခေါ်တယ်။

**သမ္မာသတိ**

(သမ္မာသတိ)ဆိုတာ မိမိရဲ့အဇ္ဈတ္တသန္တာန်မှာရှိတဲ့ ရူပကာယ ကာယာနုပဿီ(ကာယ)ကိုသော်လည်းကောင်း၊ ဝေဒနာနုပဿီ(ဝေဒနာ)ကိုသော်လည်းကောင်း၊ စိတ္တေ(စိတ်)ကိုသော်လည်းကောင်း၊ ဓမ္မာနုပဿီ(ဓမ္မ)သဘောလေးများကိုသော်လည်းကောင်း၊ အဖန်တလဲလဲ (သတိပဋ္ဌာန်)တရားကိုပွားခြင်း၊ (သတိ)ပြု၍ရတတ်သော သိတတ်သော (သမ္မာဉာနော)ပညာ အဆင်အခြင်နဲ့ ပြည့်စုံတဲ့ (သတိ)လေးကို (သမ္မာသတိ)လို့ခေါ်တယ်. . (မှန်ပါ့)(သမ္မာသတိ)ဆိုတာက (ပညတ်) ကိုဖယ်ပြီး (ရုပ်နာမ်)ကို သတိပြုရတာကိုခေါ်တယ် (မှန်ပါ့)။

**သမ္မာသမာဓိ**

(သမ္မာသမာဓိ)ဆိုတာ သတောဝ=သတိနဲ့ပြည့်စုံခြင်း၊ သမ္မဇာနောဝ=ပညာအဆင်အခြင်နဲ့ ပြည့်စုံပြီး သုခစ္စ=သုခဝေဒနာလေးနဲ့ ခံစားပြီး (ပညာ)နဲ့ ယှဉ်တဲ့ (သတိ)တွေပြည့်ဝပြီး(သမ္မာဒိဋ္ဌိ)အမြင်စင်ကြယ်ပြီး (ဓမ္မလေး)တွေရဲ့ (ဖြစ်မှုပျက်မှု)လေးတွေကို မြင်နေရင်လည်း (သမ္မာသမာဓိ)ဖြစ်တယ်လို့လည်း ခေါ်နိုင်ပါတယ်(မှန်ပါ့)။

**သစ္စာ(၄)ပါး**

သစ္စာ(၄)ပါးဆိုတာ (အတိတ်) ကို ရောက်သွားတဲ့စိတ်မှာရှိတယ် (မှန်ပါ့)"အတိတ်စိတ်သာ နှိပ်ကွပ်ပါ သစ္စာ(၄)ဖြာ သိစမြဲ" လို့ အဆိုရှိတယ် (မှန်ပါ့) ငါကောလိပ်ကျောင်းတုန်းက ငါစစ်တပ်ထဲတုန်းက ငါ့မှာဘာဖြစ်တယ်၊ ညာဖြစ် တယ်ဆိုရင် အဲဒါ (သမုဒယသစ္စာ)ဖြစ်နေတာ၊ ပြောနေတုန်း ခံစားနေရတာက (ဒုက္ခသစ္စာ)ဒီလိုအတိတ်ကို တွေးလိုက်၊ ပြောလိုက်နဲ့ ဒါတွေဟာ (သမုဒယ သစ္စာ)နဲ့ (ဒုက္ခသစ္စာ)ပါလားလို့ ဒီလိုသိရင် သိတာက (မဂ္ဂသစ္စာ)၊ အတိတ်ချုပ် သွားတာက (နိရောဓသစ္စာ)ပဲ(မှန်ပါ့)။

(စူဠသုဘဒ္ဒါ)က ငါဟာ ဆန္ဒန်ဆင်မင်းရဲ့ ဒုတိယမယားဖြစ်ခဲ့ရတာကိုး၊ ဒါကြောင့် ခါချဉ်ကောင်တွေရှိတဲ့ ပန်းကိုမှ ငါ့ကိုပေးတာ၊ ဒါကြောင့် ငါမကျေဘူးလို့ ဒီလိုအောက်မေ့တာ (သမုဒယသစ္စာ)ပဲ၊ ဆင်စွယ်ရတော့ (ဒုက္ခသစ္စာ)ပဲပေါ့(မှန်ပါ့)။

ဒါကြောင့် ဘယ်တော့မှမတွေးနဲ့၊ တွေးမိရင် တွေးတဲ့စိတ်ကို နှိပ်ကွပ်လိုက်ပါ၊ တွေးစိတ်မှာ (အတိတ်)ဆိုတာအမြဲပါတယ်၊ အဲဒါ(သမုဒယနဲ့ ဒုက္ခ)တွေပဲ၊ အယုတ်သစ္စာ(၂)ပါးကို လုပ်ယူနေတဲ့ ဖြစ်ရပ်တွေဖြစ်နေတယ်။ **ဒါကြောင့် မိမိသန္တာန်မှာ အတွေးစိတ်မပေါ်စေနဲ့ (မှန်ပါ့ဘုရား)။**

**အတိတ်စိတ်က အတိတ်ကိုပြန်တွယ်တော့ =သမုဒယသစ္စာ**
**အတိတ်ကဖြစ်ရပ်ကို ပြန်ခံစားနေရတာက =ဒုက္ခသစ္စာ**
**အတိတ်စိတ်ကို နှိပ်ကွပ်ရမှန်းသိတာက=မဂ္ဂသစ္စာ**
**အတိတ်စိတ်ချုပ်သွားတာက=နိရောဓသစ္စာပေါ့ (မှန်ပါ့)**

အတိတ်စိတ်က (ဇာတိ)ပဲ၊ (ဇာတိ)ဖြစ်နေပြီဖြစ်တော့ ဇာတိပိဒုက္ခာ၊ အတိတ်ကဘာဖြစ်တာကို တွေးမိရင်ဖြစ်ခဲ့တဲ့ (ဇာတိ)တွေးမိလို့ အဲဒီတုန်းက ခံစားရတဲ့ အာရုံတွေက (ဒုက္ခသစ္စာ)ပေါ့ (မှန်ပါ့)၊ (ဇာတိ)ဆိုတာ၊ (စိတ်တစ်ခု)စဖြစ်တာလည်း (ဇာတိ)ပဲ၊ မြတ်စွာဘုရားက (ဇာတိပိဒုက္ခာ)လို့ ဟောတယ် မဟုတ်လား(မှန်ပါ့)။

အမေ့ဝမ်းထဲမှာ(စိတ်) သွားဖြစ်တာကလည်း (ဇာတိ)ပဲ၊ အတိတ်ကို တွေးမိတဲ့(စိတ်)ကလည်း (ခန္ဓာငါးပါး)ရတဲ့ (ဇာတိ)ပဲ၊ ဒီအတိတ်စိတ်(ဇာတိ)ပေါ်ပြီး ဇရာ၊ မရဏပျက်တာပေါ့၊ (ဇာတိပိဒုက္ခာမရဏပိဒုက္ခာ)ပေါ့၊ (ဥပါဒ်-ဌီ-ဘင်)လည်းခေါ်တယ်၊ နေ့စဉ် အတိတ်စိတ်တွေနဲ့ပဲ (ဇာတိ၊ ဇရာ၊ မရဏ) သမုဒယသစ္စာ(ဖြစ်လိုက်)ဒုက္ခသစ္စာရလိုက် (ပျက်လိုက်)နဲ့၊ သမုဒယသစ္စာရလိုက်၊ ဒုက္ခသစ္စာရလိုက်နဲ့ (အယုတ်သစ္စာ ၂ ပါး)နဲ့ပဲ သံသရာလည်နေကြတယ်၊ (မဂ္ဂ)နဲ့ (နိရောဓ)က မပါကြဘူး၊ သေတော့လည်း (သမုဒယ)စိတ်ဖြစ်တဲ့ ဘယ်ဘဝရောက်လို့ပါလဲနဲ့ပဲ (ဇာတိ) တစ်ဖန်ထပ်ရကြဦးမယ်၊ မွေးလာတော့လည်း (ဒုက္ခနဲ့သမုဒယ)တွေပဲလည်နေကြတာပဲ၊ ဒီလိုနဲ့ ကာမ(၁၁)ဘုံသားတွေဟာ (ဒုက္ခ)နဲ့ (သမုဒယ)ကလွဲလို့ အမြတ်သစ္စာ(၂)ပါးကို မသိကြဘူး(မှန်ပါ့)။

အတိတ်စိတ်နဲ့ နေလိုက်လို့ရှိရင် သေခါနီးကျတော့ ဘယ်တုံးက ဘာလှူဒါန်းခဲ့တာဆိုတာကို အမှတ်ရတဲ့အတိတ်စိတ် (သမုဒယ)ကြောင့် ကောင်းမှုကံဖြစ်ပြီး နတ်ပြည်သုဂတိမှာဖြစ်တဲ့ (စိတ်)ကလည်း (ဇာတိ)ပဲ၊ လူ့ပြည်က ကုသိုလ်ကောင်းမှုကံလေးရှိသလောက် နတ်ပြည်မှာဖြစ်တာပဲ။ ကောင်းမှုကံကုန်ရင် နတ်သက်ကြွေပြီး မကောင်းမှုကံ အကျိုးပေးလာရင် လူ့ပြည်ကျော်ပြီး တိရစ္ဆာန်တောင်ဖြစ်ကြတယ်၊ ဒါကြောင့် ဒီလိုအတိတ်စိတ်ကို နှိပ်ကွပ်တတ်လို့ရှိရင် သံသရာပြတ် (ပဋိစ္စသမုပ္ပါဒ်)ပြတ်ပြီး (မဂ္ဂ)နဲ့ (နိရောဓ) ဖြစ်ပြီး (နိဗ္ဗာန်)ရောက်ကြောင်းဖြစ်တာပေါ့ ဒကာကြီး(မှန်ပါ့ဘုရား)။

(ဆက်လက်ဖော်ပြပါမည်)

---

(စာမျက်နှာ ၁၂ မှ)

(၃) **ပေးလှူအံ့ဟု နှုတ်ထွက်စကားပြောကြားရခြင်းထက် ရက်ရက်ရောရောလက်တွေ့ လှူနိုင်ဖို့က ပို၍ခက်ခဲ၏။**

(၄) **ရက်ရက်ရောရောလက်တွေ့ပေးလှူနိုင်ခြင်းထက် ပေးလှူပြီးနောက် နောင်တ တစ်ဖန်မပူပန်ဖို့ပို၍ပင်ခက်ခဲပြန်၏။**

**ထို့ကြောင့်ကျေးဇူးရှင် မာန်လည်ဆရာတော်ဘုရားကြီးက "မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရဲရှင့်၊ ကြံခဲစွာသည့်၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မန္တန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆဲ့သုံးဖန်၊ လက်သစ်ပြန်သည့်၊ သန်လျက်ဓားကို၊ ထင်ရှားပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ ပေးမည်မြွက်ခဲ၊ မြွက်က ပဲလျက်၊ ရဲရဲရက်ရက်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီး မှလည်း၊ နောင်တမပူ၊ ခဲစွဟူ၏"ဟု ဒါန အတွက်အခက်လေးပါး ကို စပ်ဆိုတော်မူခဲ့ပေသည်။ (မဃဒေဝလင်္ကာသစ်၊ ပုတ္တော ဝါဒခဏ်း၊ အပိုဒ်ရေ - ၂၈၅)။**

အရှင်သီလာစာရ(ပဲခူး)
မြို့ဦးတောရစာသင်တိုက်၊ ဖားကန့်

# ၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် (၆–၅–၀၉)နေ့တွင် ကျရောက်သော နှစ် ၁၅၀ ပြည့် မန္တလေးနေပြည်တော် မော်ကွန်း

မောင်ထိန်ဝင်း (သစ်တော)



## မန္တလေးနေပြည်တော်ကြီးပေါ်ထွန်းမည်ကို မြတ်စွာဘုရား မိန့်ခွန်းတော်ချွေတော်မူခဲ့ခြင်း

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်သည် လက်မှုစက်မှုအတတ်ပညာမျိုးစုံနှင့် ထိပ်တန်းသာသနာ့ဝန်ဆောင်တို့ဖြင့် သာသနာတော်ထွန်းလင်းရာ မြို့တော်ကြီးဖြစ်မည်ကို အနာဂတံသ ဉာဏ်စွမ်းဖြင့် မြင်တော်မူခဲ့လေသည်။

မြတ်ဘုရားဘုန်းခေါင်သည် ညီဖွားလိမ်မာ အာနန္ဒာနှင့်အတူ၊ ဇမ္ဗူပျံ့မွှေး မန္တလေးတောင်မြေအငူသို့ ကွန့်ချီကြွမြန်းတော်မူခဲ့ဖူးလေသည်။ ထိုစဉ်ကာလထိုအခါက လပြည့်ဝန်းတစ်မျှ လှပရွှန်းစည်သော မျက်နှာရှိသဖြင့် စန္ဒမုခီအမည်ရှိသော ဘီလူးမသည် သဒ္ဓါကြည်ညိုခြင်းပိုမိုကဲလွန်လှသဖြင့် မိမိ၏ ပန်းငုံနှယ်ပုံ သားမြတ်အစုံကို ခွေဖြတ်ကာ လှူဒါန်းခဲ့လေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က နောက်တော်ပါ ညီတော်အာနန္ဒာအား-

"အို. . ညီဘွားအာနန္ဒာ ဤစန္ဒမုခီမည်သော ဘီလူးမကား ငါဘုရားသာသနာတော် ၂၄၀၀ ပြည့်သော အချိန်ကာလအခါသမယတွင် ဤမန္တလေးတောင်သေလာအရပ်၌ ရာဇဓာနီ မင်းနေပြည်တော်ကြီးတည်ထောင်ဖန်ဆင်းပြီး ငါဘုရား၏ သာသနာတော်ကို လွန်စွာချီးမြှောက်သူဖြစ်လိမ့်မည်' ဟု မိန့်ခွန်းတော်လှစ်ခွေတော်မူခဲ့သည်။

## မြန်ပြည်အခေါင် မန်းရွှေတောင်ဝယ်

ယင်းဖြစ်စဉ်ထုပ္ပာတ်အကြောင်းရပ်ကို စာဆိုတော်ပညာရှိ အမတ်ကြီးစလေဦးပုညက အောက်ပါရတနာနဒီမော်ကွန်းနှစ်ပိုဒ်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

"ဘဝန္တဂူ၊ သယမ္ဘူလျှင်၊ နှစ်ဆူစကြာ၊ ဒေသစာဖြင့်၊ သုနာပရန်၊ နက်သန်ဌာနီ၊ တမ္ပဒီသို့၊ ပါရမီနု၊ ဝေနေစုကို၊ မျှော်ရှုရွှယ်ရည်၊ချွတ်အံ့လည်သော်၊ မြန်ပြည်အခေါင်၊ မန်းရွှေတောင်ဝယ်၊ လရောင် စက်ဝါ၊ လက္ခဏာနှင့်၊ မျက်နှာကြည်မြ၊ ရွှန်းရွှန်းပသည့်၊ စန္ဒမုခီ၊ နတ်နာရီလျှင်၊ သိဂီဦးသစ်၊ ဇမ္ဗူရစ်သို့၊ ကျစ်လစ်ဖွံ့ထွား၊ ရင်ညှံ့သားကို၊ တရားညွှတ်နူး၊ ပန်းနှယ်ခူး၍၊ ကျေးဇူးလေးနက်၊ လှူဒါန်းဆက်သော်၊ ရွှေငှက်ကရဝိက်၊ တောင်လုံးညိတ်မျှ၊ ထိတ်ထိတ်သဟန်၊ ရင့်ကတွန်သို့၊ ဆင်းကြန်အင်ညီ၊ မယ်ဒေဝီအား၊ ဝစီနက်တံ၊ ဗျာဒိတ်သံဖြင့်၊ တောင်ယံနှိုးနိမ့်၊ ဖြိုးဖြိုးသိမ့်သည်၊ ငြိမ့်ငြိမ့်ပဲ့တင်ခတ်တီးတည်း။"

"ဒီပလင်္ကာ၊ သုဓမ္မာနှင့်၊ ခေတ္တရာစံ၊ ပုဂံတောင်တည်၊ ဝရွှေပြည်၌ မြိုက်ရည်ဓမ္မစက်၊ ငါ့နှုတ်နက်လျှင်၊ မွန်းချက်သူရိန်၊ ထွန်းခဲ့ထိန်ပြီ၊ အာလိန်ခွေညွှတ်၊ သိန္ဓေထွတ်သို့၊ ဝင်သဝတ်ရောင်၊ မြခိုးမှောင်သည်၊ မန်းတောင်သမိုက်၊ မြေမကိုင်မှုထက်၊ လွှင့်ရိုက်သာသနာ၊ နှစ်ထောင်သာ၍ ငါးရာခွန့်ရှည်၊ အညွှန့်စည်သော်၊ ဤသည်နတ်နှယ်၊ ကလျာငယ်လျှင်၊ နယ်ဇမ္ဗူပြင်၊ ရန်မာန်နှင်၍၊ အိမ်ရှင်စည်ကြီး၊ အလိုတီးလိမ့်၊ ငဲ့ခြီးကြော်ကြွေး၊ နှစ်ထောင်ရှေးတိ၊ လေးရာအစ၊ ထွန်းသည်ကပင်၊ ဇေယျတေဇ၊ နေလရောင်ခြည်၊ မန်းတောင်တည်သား၊ ကြည်သရာနံ၊ စက်ပျံစီးလွတ်၊ လောကဓာတ်ကို၊ ဆုံးဖြတ်ဆော်နှိုး၊ ကုန်းဘောင်ရိုးလျှင်၊ တန်ခိုးပြည့်စုံ၊ တိုက်လုံးခြံ၍၊ ရွှေဘုံရတနာ၊ ပြည်အောင်သာကို၊ နိမ္မာနတ်တူ၊ တည်တံ့ဟူသည်၊ ရှစ်ဆူရိပ်ကြာ ညီးညီးတည်း. . ။"

## မန္တလေးတောင်ထိပ် ဆုတောင်းပြည့်ဘုရားအနီးဘီလူးမစေတီ

ယင်းအထက်ပါသမိုင်းကြောင်းကို ခိုင်မာသည့်အနေဖြင့် မန္တလေးတောင်တော်ထိပ် ဆုတောင်းပြည့်ဘုရားအနီး ဘီလူးမစေတီတော်၌ စန္ဒမုခီဘီလူးမပုံကိုလည်းကောင်း၊ တောင်ထက်၌ဉာဏ်တော် ၁၈ တောင်ရှိ ဗျာဒိပ်ပေးရွှေရုပ်ပွားဆင်းတုတော်ကြီးကိုလည်းကောင်း ထုလုပ်ပူဇော်ခဲ့ကြလေသည်။

စန္ဒမုခီဘီလူးမပုံမှာ မန္တလေးတောင်သာသနာပြုရသေ့ကြီး ဦးခန္တီစီမံသွန်းလုပ်ခဲ့သောပုံဖြစ်၍၊ ဗျာဒိတ်ပေးရွှေရုပ်ပွားတော်ကြီးမှာ မန္တလေးတည်ထောင်စက ထုလုပ်ပူဇော်ခဲ့သော မူလရုပ်ပွားတော်မြတ်မှ ဆင့်ပွားလာသောကိုယ်စားဆင်းတုတော်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ မူလကုသိုလ်တော်ဖြစ်သော ရုပ်ပွားတော်မြတ်မှာ ၁၂၅၅ ခုနှစ် မီးသင့်ခဲ့ရာ ဤပုံတော်ကို အသစ်မွမ်းမံပြင်ဆင် လုပ်ဆောင်ထားခြင်းဖြစ်လေသည်။

## မန္တလေးမြို့တော်တည်ထွန်းရန် တဘောင်ပေါ်ခြင်း

"သီရိပဝရ ဝိဇယာနန္တယသ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ" တံဆိပ်နာမံကို ခံယူတော်မူသော ပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် သက်တော် ၃၈ နှစ်၊ သက္ကရာဇ် ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့တွင် မင်းအဖြစ်သို့ ရောက်တော်မူသည်။

မင်းအဖြစ်သို့ရောက်တော်မူသည့်အချိန်မှစ၍ အမရပူရမြို့တော်၌ စံလိုတော်မူစိတ်နည်းသည်နှင့် မြို့တော်သစ်နန်းတော်သစ်တည်၍ စံတော်မူရန်ကြံစည်စိတ်ကူးတော်မူခဲ့လေသည်။ ယင်းသို့ ကြံစည်စိတ်ကူးဆဲအချိန်တွင်

"မကြံုစတောင်း၊ ထွတ်မင်းလောင်း၊ မင်းကောင်းရွှာပြည်၊ မန္တလေး၌ အေးစိမ့်တည်၊ လေးမည်ကျွန်းကို၊ ဖြူဝန်းမိုး၍၊ အစိုးရတော်မူလိမ့်မည်"

"အသက်ရှည်စေလို၊ မန်းတောင်ရိပ်ခို"

စသည့် တဘောင်များပေါ်လာသည်။ ယင်းတဘောင်များသည် မင်းတုန်းမင်းတရားကြီးအား မြန်မြန်ဆန်ဆန် မြို့တည်ဖြစ်အောင် နှိုးဆော်သကဲ့သို့ ဖြစ်လေသည်။

## မြို့တော်တည်သင့်ကြောင်း စာသွင်းကြခြင်း

မင်းတုန်းမင်းတရားကြီးသည် မြို့တော်အသစ်တည်သင့်မသင့်ကို သံဃာသာမိ၊ သံဃာဓိပတိ၊ သံဃနာယက၊ သံဃပါမောက္ခ၊ သံဃဦးကိုင်

သာသနာပိုင်ဖြစ်သော 'ဥေယျဓမ္မာဘိ မုနိဝရ ဉာဏကိတ္တိ သီရိဇဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု' စသော ဘွဲ့တံဆိပ်နာမံတော် ၃ ထပ်ရှိတော်မူသော ဆရာတော်ဘုရားကြီးဦးဥေယျထံ သပြေငါးရွာစား မင်းလှသင်္ခယာတို့ကို စေလွှတ်၍ လျှောက်ထားစေတော်မူသည်။

သာသနာတော်ပိုင်ဆရာတော်ဘုရားကြီးသည် ရေမြေ့ရှင်ငါတို့ဘုရင်သည် သာသနာပြုမင်းတရားဖြစ်သည်။ မြို့တော်သစ်နန်းတော်သစ်၌ စိတ်သစ်မွေးကာ ဘုရားမြတ်စွာသာသနာတော်ကို ချီးမြှောက်တော်မူလိမ့်မည်ဟု သဘောတော်ပိုက်တော်မူ၍ ကျမ်းဂန်ထုံးစံရှိသည်နှင့်အညီ မြို့တော်သစ်တည်သင့်ကြောင်းထောက်ခံအားပေးသင့်ကြောင်း မြွက်ကြားတော်မူ၍-

၁။ ရွှေရေးဆောင်ဆရာတော်

၂။ ဆူးခါးဆရာတော်

၃။ ညောင်ကန်ဆရာတော်

၄။ ကတိုးဆရာတော်

၅။ ခွေးချိုဆရာတော်

၆။ ဝိဘင်းပြန်ဆရာတော် ဦးတိလောကဟူသော တံဆိပ်တော်ရဆရာတော်(၆)ပါးကို သိုက်ဓာတ်စာဟောင်းစာတမ်းများနှင့် ညှိနှိုင်းဆက်သွင်းရမည်ဟု မိန့်တော်မူသဖြင့် ဖော်ပြပါဆရာတော်များအသီးသီးစာဆက်သွင်းရလေသည်။ လူပညာရှိတို့ကလည်း မြို့တော်သစ်တည်၍ စံတော်မူသင့်ကြောင်း စာသွင်းကြသည်။ ဘုံကျော်ဆရာတော်စသော ဆရာတော်အချို့တို့က မြို့တော်သစ်တည်ရန် သဘောတူတော်မမူကြချေ။

**ရတနာပုံရွှေမြို့တော်နယ်နိမိတ် ၄ ရပ်ရွှေကြိုးသတ်မှတ်ခြင်း**

ဝန်ရှင်တော်မြဲတောင်မြို့စား သေနတ်ဝန်ကြီး မဟာမင်းလှကျော်သူစသူတို့သည် ၁၂၁၈ ခုနှစ် တပို့တွဲလဆန်း ၃ ရက်နေ့တွင် အမရပူရမြို့မှ မန္တလေးတောင်ရှိရာ အရပ်သို့သွား၍ မြို့နန်းရာ ချဉ်းနင်းကြည့်ရှုကြရာ မန္တလေးတောင်တော်ကို ဗဟိုထား၍ တောင်ဖက်ကို ဒုဋ္ဌဝတီမြစ်၊ မြောက်ကိုမတ္တရာမြစ်အနောက်ကို ဧရာဝတီမြစ်၊ အရှေ့ကို နတ်ထိပ်တောင်ရိုးအထိ၊ ရတနာပုံရွှေမြို့တော်နယ် ၄ ရပ် နိမိတ်ရွှေကြိုး၊ သတ်မှတ်၍ မြို့တော် နန်းတော်တည်ထားရန်သင့်သည့် ပုံစံများရေးသားကြပြီး တပို့တွဲလဆန်း ၄ ရက်နေ့ နံနက် ညီလာခံမှန်နန်းတော်စနုဆောင်တွင် ဆက်သွင်းရာ၊ ဤနေရာကား နန်းတော် ဤနေရာကား မြို့စသည်ဖြင့် နန်းရာမြို့ရာများကို မင်းတရားကြီးကိုယ်တိုင် ပိုင်းခြားသတ်မှတ်တော်မူသည်။

**မန္တလေးမြို့သို့ ပြောင်းရွှေ့တော်မူခြင်း**

မန္တလေးမြို့တော်တွင် မြို့နန်းတော် တည်လုပ်၍ မပြီးမီ ယာယီစံနန်းတော်တည်ဆောက်ပြီး၊ ၁၂၁၉ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်ကြာသပတေးနေ့တွင် အမရပူရမြို့တော်မှ မိဖုရားခေါင်ကြီးနှင့်အတူ တိမ်ဦးလရောင် ဆင်မတော်ထက်ရွှေစက်တော်တင်၍ နောက်သုံးတပ်ဝင်း ကိုယ်ရံတော်အခင်းအကျင်းများနှင့် မန္တလေးမြို့သို့ ပြောင်းရွှေ့စံတော်မူသည်။

**နန်းစဉ်ဘုရားများနှင့်၊ သံဃာတော် ၅၀၀ ကျော်ကိုလည်း ပင့်ဆောင်ခြင်း**

၁၂၁၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်တွင် မန္တလေးမြို့တော်၌ စွယ်တော်စင်မှစ၍ ဆရာတော် သံဃာတော်များ သီတင်းသုံးရန် ယာယီကျောင်းတော်များ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ အမရပူရမြို့မှ ရုပ်ပွားတော်စွယ်တော်ဓာတ်၊ ပိဋကတ်တော်၊ အသီတိရဟန္တာ၊ သာသနာပြု သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် တံဆိပ်တော်အရ-မရ သံဃာတော် ၅၀၀ ကျော်တို့ကို မန္တလေးမြို့တော်သစ်သို့ ပင့်ဆောင်ကြသည်။

**'အုတ်ကျစ်ကျော်အေး မန္တလေး'နှင့်အညီ မြို့တော်ကျုံးတော်များ ပန္နက်ချခြင်း**

၁၂၂၀ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့ ညဥ့် ၂ ချက်တီးကျော် ၁၄ ရက် တနင်္ဂနွေနေ့သို့အဝင် နာရီပြည့် ၂ ပါဒ်အချိန်တွင် အမြောက်သံကြားအခါတော်နှင့်အညီ

၁။ ရွှေမြို့တော်ကြီး

၂။ ကျုံးတော်

၃။ မဟာလောကမာရဇိန်စေတီတော်

၄။ သိမ်တော်ကြီး

၅။ မဟာအတုလ ဝေယန်ကျောင်းတော်

၆။ ပိဋကတ်တိုက်တော်

၇။ သုဓမ္မာဇရပ်တော်

ဟူသော ၇-ဌာနကို တစ်ချိန်တည်းတစ်ပြိုင်နက်တည်း ပန္နက်ချမှတ်တော်မူသည်။

**မြို့လေးထောင့်တွင် ဆီပြည့်အိုးကြီးများမြှုပ်နှံခြင်း**

အခါတော်မရောက်မီ မြို့လေးထောင့်တွင် မြေအတူး၍ အုတ်အင်္ဂတေ အသေအချာလုပ်ဆောင်ပြီးလျှင် ပိဿာ ၁၈၀ ဝင် အဖုံးပိတ်စုံမြေအိုးကြီးများ ကို အတွင်းအပြင် စဥ့်သုတ်ကောင်းမွန်စွာလုပ်ဆောင်၍ စဥ့်အိုးကြီးတစ်လုံး တစ်လုံးအတွင်း နှမ်းကြီးဆီ ပိဿာ ၄၀၊ နှမ်းလျင်ဆီ ၄၀၊ မုန်ညှင်းဆီ ၄၀၊ သုံးရပေါင်း ဆီပိဿာချိန် ၁၂၀ ကိုထည့်သွင်းစေပြီးလျှင် မြဲမြံခိုင်ခံ့အောင် ဖုံးပိတ်ပြီးမှ ၁၂၂၀ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့၊ ညဥ့် ၂ ချက်တီးကျော်၊ ၁၄ ရက်တနင်္ဂနွေနေ့သို့အဝင် ၂နာရီ၊ ၃ပါဒ်၊ ၅ ဗီဇနာ၊ ၁ ပြန်၊ ခရာပြည့် အချိန်မတိမ်းမယိမ်းစေရ တည့်မတ်စွာ ဆီအိုးကြီးများကို မြှုပ်နှံစေလေသည်။

**မန်းနှစ် ၁၅၀ ပြည့်အထိမ်းအမှတ်ပွဲတော်**

သို့ဖြစ်၍ ယခုလာမည့် ၁၃၇၁ ခု ကဆုန်ဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ် မေလ ၆ ရက် ဗုဒ္ဓဟူးနေ့တွင် ရတနာပုံမန္တလေးရွှေမြို့တော်ကြီး မြို့တည်နန်းတည်နှစ် (၁၅၀)ပြည့်မြောက်ခဲ့လေပြီ၊ မန်းနှစ် ၁၅၀ ပြည့်အထိမ်းအမှတ်အခမ်းအနားများ ဆင်ယင်ကျင်းပကြရန် ဆိုင်ရာတို့မှ စီစဉ်ပြင်ဆင်လျက် ရှိနေကြပြီဖြစ်သည်။

**သာသနာတော်နှစ် ၂၄၀၀ ပြည့်နှစ်အထိမ်းအမှတ်**

မန္တလေးနန်းတော်တည်ရာတွင် မြို့ရိုးအုတ်မြစ်သံတောင် ၁ တောင်၊ အုတ်ရိုးထု ၁ တာ၊ အရပ်သံတောင် ၁၅ တောင်၊ သူရဲခို သံတောင် ၃ တောင်၊ ၂၈စုအရပ် ၁၈ တောင်၊ အချင်းတာ ၆၀၀၊ ၄ မျက်နှာတာပေါင်း ၂၄၀၀ ရှိလေသည်။


ယင်းသို့နန်းမြို့ရိုးကို တည်လုပ်သည်မှာ ထိုစဉ်က ကြုံကြိုက်ရောက်ရှိသည့် သာသနာတော်နှစ် ၂၄၀၀ ပြည့်ရောက်သောအခါ၌ တည်လုပ်သည့် အထိမ်းအမှတ်အနေဖြင့် တည်ခြင်းဖြစ်သည်။

"ရှင်ဘိုးတော်ရင်း၊ မင်းထက်မင်းလျှင်၊ နန်းခင်းမြေကြန်၊ ချင့်ဝေဖန်လျက်၊ ရွှေဉာဏ်ပိုက်ကြုံး၊ အစဉ်ထုံးဖြင့်၊ မြို့ကျုံးစေတီ၊ သင်္ဂီလျှံမောင်း၊ သိမ်ကျောင်းသုဓမ္မာ၊ ရွှေစာအမြတ်၊ ပိဋကတ်တိုက်၊ သမိုက်မြဲမှန်၊ ခုနစ်ဌာန်ကို၊ ဆောင်ဖန်အောင်စည်၊ တစ်ပြိုင်တည်းက"

ဤသို့စသည်ဖြင့် နန်းတော်မြို့တော်တို့ကို တည်ဆောက်တော်မူ၍ မင်းတုန်းမင်းတရားသည် တိုင်းပြည်နိုင်ငံတော်ကို အုပ်ချုပ်တော်မူ၍ မြတ်စွာဘုရားသာသနာတော်မြတ်ကြီးကိုလည်း များစွာပွင့်လင်းစည်ပင်အောင် ချီးမြှောက်ပြုစုတော်မူလေသည်။

မောင်ထိန်ဝင်း(သစ်တော)

**စာကိုး။ ။** ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ သာသနဇောတိပါလကျောင်း၊ ဓမ္မာစရိယဂဏဝါစကဘီအေ(ဂုဏ်ထူး)ဆရာတော်အရှင်ကေလာသပြုစုတော်မူသော 'မန္တလေး သာသနာဝင်'ကျမ်း။




မုံရွာမြို့မဟာလယ်တီတိုက်၊ ကျမ်းပြ

# လယ်တီဆရာတော

ရေးသားပြုစုတော်မူ

# လယ်တီနိဗ္ဗာန်တာ

# The Ledi Dhamma

# by

# MAHĀ THERA LED

(လယ်တီနိဗ္ဗာန်ကျမ်း) **(L**

နိဗ္ဗာန်ဟူသည် လောကီအာရုံတို့ထက် လွန်မြတ်သော လောကုတ္တရာ တရား။ ခန္ဓာမှလွတ်သော ခန္ဓဝိမုတ်တရား။ ယုတ်ညံ့သော ရာဂ၊ ဒေါသ၊ မောဟ ကိလေသာ
ဖြစ်ပျက်မစဲ တသဲသဲသော နိမိတ်အပေါင်း ချုပ်ငြိမ်းကုန်ဆုံးရာတရား။ ဆင်းရဲဒုက္ခအပေါင်းတို့မှ ကင်းငြိမ်းလွတ်မြောက် သောတရား။ ပုဂ္ဂိုလ် သတ္တဝါ စသည် အတ္တတို့

ထိုတရားမြတ်သည် ပုထုဇဉ်တို့၏ ဉာဏ်နှင့်မှန်းဆ၍မရ၊ ခက်ခဲ နက်နဲသောတရား။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ ဟာသဉာဏ်၊ တိက္ခဉာဏ်၊ တိက္ခ ပညာ၊
ထိုမျှနက်နဲခက်ခဲသော တရားထူးတရားမြတ်ကို ကျမ်းပြုအကျော် ကမ္ဘာကျော် မဟာထေရ်ကျော် လယ်တီဆရာတော်ဘုရားကြီး ဖွင့်ဆိုရှင်းပြ တော်မူခဲ့သည့် "လယ်တီ
နှစ်ဘာသာနိဗ္ဗာန်ကျမ်းတို့ကို ဓမ္မဝီရ ဓမ္မမိတ်ဆွေ သူတော်စင်များ လေ့လာပွားများတော်မူနိုင်ကြစေရန် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

### မြင်းမိုရ်တောင်နှင့် မဟာပထဝီမြေ

မြင်းမိုရ်တောင်ကြီး တစ်ခုလုံး၌လည်းကောင်း၊ မဟာပထဝီမြေကြီး တစ်ခုလုံး၌လည်းကောင်း ပရမတ်မြေဓာတ်သက်သက်ကို ကြည့်လိုသည်ရှိသော် အဏုမြူမျှ အထည်ဒြပ်မရှိ၊ ခက်မာသော အခြင်းအရာ ကြိယာသဘောသက်သက်ကို ကွက်ခြား၍ ကြည့်ရသည်။ အဏုမြူမျှ အထည်ဒြပ်မရှိဘဲ မှန်ထဲ၌ ထင်သော အရိပ်ကြီးကဲ့သို့မြင်လို့မ်မည်။ အဏုမြူမျှလောက် အရှည်အတို အကြီး အငယ် အခဲအမာထင်၍လာလျှင် ပရမတ်မြေအစစ် မဟုတ်ပြီ။ သဏ္ဌာန ပညတ်ဒြပ် အထည်နှင့်ရောပြီ။ သဏ္ဌာနပညာဒြပ် အထည်နှင့်ရောခဲ့လျှင် ဖြစ်မှု ပျက်မှုကိုရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။

မြင်းမိုရ်တောင် မဟာပထဝီမြေကြီးတို့ကို အကုန်ခြုံ၍ ကြည့်သော အခါ၌ပင် အခဲအကျိတ် အထည်ဝတ္ထုအဏုမြူမျှ မရောမယှက်ဘဲ ပရမတ် အစစ်အမှန်ဖြစ်သော ခက်မာမှုဟူသော မြေဓာတ်သက်သက်ကို ထင်မြင်အောင် ရှုနိုင်သူအား ထိုအောက်ငယ်သော သက်ရှိသက်မဲ့တို့၌ ပရမတ်စစ်ဖြစ်သော မြေဓာတ်ကို ထင်မြင်အောင်ရှုမှုအလွန်လွယ်လှတော့သည်။ မှန်၌ထင်သော အရိပ်, ရေ၌ထင်သော အရိပ်, သစ်ပင်ရိပ်, တောင်ရိပ်အစရှိသော အရိပ်တို့ သည် မြင်းမိုရ်တောင်မျှပင် ကြီးမားစွာ ထင်မြင်ရငြားသော်လည်း အဏုမြူမျှ အထည်ဒြပ်မရှိသည့်အတွက်ကြောင့် ပျောက်ခွင့်ပျက်ခွင့်ဆိုက်ခဲ့လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက် နိုင်ပျက်နိုင်သကဲ့သို့၊ ထို့အတူ မြင့်မိုရ်တော်နှင့်အမျှ ပျံ့နှံ့ကြီးကျယ်၍နေသော ထိုပရမတ်မြေဓာတ်သည်လည်း တစ်ခုတည်းသော ပရမတ်ဆန် ပရမတ်ခဲဟူ၍ အဏုမြူမျှမရှိသည့်အတွက် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းမှာပင် အကြိမ်တစ်ရာမက ပျောက်ပျက်ကွယ်ပနိုင်ရာသော အရိပ်နိမိတ် ထင်မြင်နိုင် လိမ့်မည်။ မိမိကိုယ်၌ ထိုပရမတ်စစ်ဖြစ်သောမြေဓာတ်ကို အလင်းပေါက်အောင် ကြည့်ရှုသောအခါ ဉာဏ်ငုံနိုင်လောက်ရုံ၊ ဉာဏ်ဝါးနိုင်လောက်ရုံ ပိုင်း၍ ပိုင်း၍ ကြည့်။

**Mount Sineru and the Earth**

In the whole of Mount Sineru or the Earth, earth element in the absolute sense cannot be found anywhere not even on the scale of an atom. Only its nature of extension can be delineated for examination where its material form will not even assume the dimensions of an atom, but will as immaterial as an image appearing in a mirror or on the surface of water. Should its material dimensions become discernible even on the scale of an atom, what has been seen is not earth element in its absolute sense but only misconceiving the designation of form. Should the designation of form be mistaken for material substance, meditation on the phenomena of formation and dissolution might become difficult to discern.

On examination of the Mount Sineru and the Earth, when the earth element is discerned without even noticing an atom of matter, and the absolute nature of solidity and hardness has been noted, meditation on this earth element in the absolute sense evident in smaller animate and inanimate entities become very easy. Though the reflection in a mirror or the surface of water of trees or mountains may be on a scale larger than that of Mount Sineru, such reflections do not have even one atom of matter in them so that should the chance for them to disappear or break apartarise it will occur within a wink of the eye or a flash of lighting. In the same way, though the extent of the earth element may be even larger than the Mount Sineru itself due to the fact that it does not boast even one atom of matter in the absolute sense, that it may undergo dissolution for more than a hundred times within a wink of the eye or flash of lightning will become evident in one's mind.When one tries to discen this earth element in one's body, it will be advisable to examine part by part to

က်၊ ကျမ်းပြုအကျော် ကမ္ဘာကျော်


ရာတော်ဘုရားကြီး

းပြုစုတော်မူသော

# န်တရားတော်များ

# mma on Nibbana
# by
# A LEDI SAYADAW

)     **(Ledi Nibbān)**



ာ ကိလေသာအပေါင်းတို့ ချုပ်ဆုံးကုန်ပျောက်ရာတရား။ သန္တိ ပကတိ ငြိမ်သက်အေးငြိမ်းသောတရား။ သုခ ပူပန်ကြောင့်ကြတောင့်တမှုကင်း၍ လွန်စွာချမ်းသာသောတရား။
ည် အတ္တတို့မှ ကင်းဆိတ်ရာတရား။
က္ခ ပညာ၊ ဝိပဿနာဉာဏ်ပညာတို့ဖြင့် ပိုင်းခြားစိတ်ဖြာလေ့လာတတ်မှ မြင်နိုင် သိနိုင်သော အရိယာတို့၏ ဒဿနဉာဏ်မြင်ဖြင့်သာ သိမြင်နိုင်သောတရား ဖြစ်၏။
သို့ "လယ်တီနိဗ္ဗာန်တရားတော်များ" ကို ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝဆရာတော်ဘုရားကြီး၏ကျေးဇူးဖြင့် မိခင်ဇရာဝတီတိုက်မှ ထုတ်ဝေ ခဲ့သော မြန်မာ-အင်္ဂလိပ်

(ဓမ္မဝီရ)

**ဦးခေါင်းပိုင်းကို ပိုင်း၍ကြည့်ပုံ**

ဦးခေါင်းကို ပိုင်း၍ကြည့်သောအခါ အတွင်းပြင် မခြားမနား ထုတ်ချင်းပေါက်အောင်ကြည့်။ မြေဓာတ်မဟုတ်သော အဆင်းဓာတ် ခုခံ၍နေတတ်သည်။ သဏ္ဌာနပညတ်ဒြပ် အထည်ကြီးလည်း ခုခံ၍နေတတ်သည်။ ဉာဏ်ကို ကြပ်ကြပ်လှုပ်၍ပေးလေ။ ခြေဖဝါးတိုင်အောင် အောက်အဖို့စုကိုလည်း ဉာဏ်နိုင်ရုံ နိုင်ရုံ ပိုင်း၍ကြည့်။ တစ်ကိုယ်လုံးစပ်မိသောအခါ ဉာဏ်ကို ဦးထိပ်ကနေ၍ ရှုယ်လိုက်လျှင် ခြေဖဝါးတိုင်အောင် ထုတ်ခြင်းပေါက်ထွင်း၍ သွားလိမ့်မည်။ မိမိကိုယ်ခန္ဓာတစ်ခု၌ ဓာတ်ပေါက်အောင်မြင်ခဲ့လျှင် စကြဝဠာအနန္တ, ကမ္ဘာအနန္တ ရှိသမျှသော သတ္တဝါခန္ဓာစုအကုန်လုံး ဓာတ်ပေါက်ပြီးဖြစ်တော့သည်။

ဤပရမတ် မြေဓာတ်တစ်ခုပေါက်၍သွားလျှင် ကြွင်းသော ရေဓာတ်, မီးဓာတ်, လေဓာတ်, စက္ခု, သောတ စသော အဇ္ဈတ္တိက ဓာတ်၊ ရူပ, သဒ္ဒ စသော ဗာဟိရဓာတ်စုရှုနည်း၊ ဖောက်နည်း အလွန်လွယ်ကုန်တော့သည်။

**ဤတွင်ရွေ့ကား ပထဝီဟူသော မြေဓာတ်ကို ဓာတ်ဉာဏ်ပေါက်အောင်ရှုနည်းအမြွက်ပြီး၏။**

**ပရမတ်နှစ် ရေဓာတ်အစစ်**

ပရမတ်နှစ် ရေဓာတ်အစစ်ကား-

တွယ်မှု, ကပ်မှု, ဖွဲ့စေးမှုသည်သာလျှင် ပရမတ် ရေဓာတ် အစစ်တည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စေးမှုဟူသော ပရမတ် ရေဓာတ်သည် ထက်သန်ခြင်းသို့ ရောက်သည်ရှိသော် စိုစွတ်ခြင်း, ယိုစီးခြင်း ဟူသော ပဂ္ဂရဏရေဓာတ်ဖြစ်လေ၏။ ထိုတွယ်မှု, ကပ်မှု, စေးမှု ဟူသော အာဗန္ဓနကြိယာ သက်သက်မျှသာဖြစ်သော ပရမတ်ရေအစစ်သည်လည်း အဏုမြူကို အစိတ်တစ်သိန်းစိတ်သော်လည်း တစ်စိတ်စာမျှ အခဲအကျိတ်အဆန်အမာ အထည်ဒြပ်ဟူ၍ မရှိ။ တွယ်ကပ်ဖွဲ့စေးခြင်းကြိယာအမူအရာ သက်သက်မျှသာတည်း။ ထိုတွယ်မှု, ကပ်မှု, ဖွဲ့စေးမှုဟူသော ပရမတ်ရေဓာတ်သည် မြေဓာတ်, မီးဓာတ်, လေဓာတ် သုံးပါးတို့ကို တစ်ခုတည်းတစ်သားတည်းကဲ့သို့နေအောင် ဖွဲ့နှောင်

an extent that one is capable of taking on that task.

**Dissecting the Head**

When dissecting the head, try not to differentiate between its exterior and interior, but try to see through it all. In this operation, its appearance, which does not constitute the earth element, tends to obstruct the view. Its designated form also might become a resisting factor.

Try to juggle your perspective in order to gain the proper insight. Try to view the netherparts right down to the soles of the feet as far as one's capacity for insight permits. When a view from head to toe has been achieved, from the vantage point above one's head, a penetrating view of one's anatomy right down to the soles of the feet will be afforded. When one gains an insight of one's own anatomy, an incisive view of the numberless planets of the universe, the innumerable cosmic systems and the sentient beings inhabiting them are open to view.

After the earth element in its absolute sense has been envisioned, perceiving the remaining elements of water, fire and air, the intrinsic fundament of sight, hearing etc, and extrinsic aspects of form, sound and the like are all too easy.

This concludes the method of incisively perceiving the earth element or pathavi.

**The absolute essence of the water element**

The absolute reality of the water element consists of the tendency to cling, to adhere and agglutinative construction. When these tendencies are developed to a high degree, the characteristics of wetness and oozing give rise to the flowing and cohesion of the water element. Though these characteristics of water element be divided into hundreds of thousands of its original manifestation, not even an iota of material solids will be found,

စည်းကြပ်ပေသည်ဖြစ်၍ ကလာပ်တူမဟာဘုတ်တို့သည် တစ်ပါးကိုတစ်ပါး အားပြုခွင့်ရကြကုန်သည်။ တစ်ပါးကိုတစ်ပါး ထောက်ပံ့ခွင့်ရကြကုန်သည်။ ဖွဲ့နှောင်စည်းကြပ် ချုပ်ထိန်း၍နေသော ရေဓာတ်ချုပ်ကွယ်ပျောက်ပျက်ခဲ့သည်ရှိသော် ထိုဓာတ်ကြီးသုံးပါးတို့သည် အစည်းပြေပျက်၍ ခဏချင်းပျောက်ပျက်ကွယ်ဆုံးကြလေကုန်၏။ ဤကား ကလာပ်တစ်ခုတည်း၌ ရေဓာတ်၏ကျေးဇူးကို ဆိုသောစကားရပ်တည်း။

လောက၌ ပရမာဏုမြူမှစ၍ သတ္တဝါ၌ အသူရိန်နတ်ကြီးဟု ဆိုအပ်သော ရုပ်တုံးရုပ်ခဲကြီးတိုင်အောင်၊ ဗဟိဒ္ဓ၌ မြင့်မိုရ်တောင်ကြီး၊ စကြဝဠာတောင်ကြီး၊ မဟာပထဝီမြေကြီးတိုင်အောင် သဏ္ဌာန်ကြီးငယ် အထည်ဒြပ်အနေနှင့် ရုပ်တရားတို့ အကျိတ်အခဲ အတုံးအခဲဖြစ်၍ နေကြမှုသည်လည်း ဤရေဓာတ်၏ ကျေးဇူးပင်တည်း။ ဤရေဓာတ်မှတစ်ပါး အကျိတ်အခဲဖြစ်အောင် ဖွဲ့စည်းသောဓာတ်ဟူ၍ မရှိပြီ။

ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုမြင့်မိုရ်တောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။ ရှစ်သောင်းနှစ်ထောင် နှစ်ပြန်ဆောင်သော စကြဝဠာတောင်ကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့သည်ဖြစ်အံ့၊ ထိုစကြဝဠာတောင်ကြီးသည် ယခုခဏချင်း ကွယ်ပျောက်ရာ၏။ မဟာပထဝီမြေကြီး၌ရှိသော ဖွဲ့စည်းမှုသည် ယခုခဏချင်း ပျက်ဆုံးခဲ့ သည် ဖြစ်အံ့၊ ဤမဟာပထဝီမြေကြီးသည် ယခုခဏချင်း ကွယ်ပျောက်၍ ကောင်းကင်အတိသာ ဖြစ်လေရာ၏။

အဘယ့်ကြောင့်နည်းဟူမူ ဖွဲ့စည်းမှုဟူသော ချုပ်ထိန်းမှုမရှိခဲ့သည်ရှိသော် မြင့်မိုရ်တောင်, စကြဝဠာတောင်, သိလာပထဝီ ဖြစ်၍နေသော တစ်ခဲနက်သော ပရမတ်မြေ, ပရမတ်မီး, ပရမတ်လေတို့သည် တစ်ပါးကိုတစ်ပါး ထောက်ခံမှု, မှီတွယ်မှု အစည်းအရုံး ခဏချင်း ကင်းလွတ်ကြလေကုန်၏။ နိဗ္ဗာန်မှတစ်ပါးသော သင်္ခတလက္ခဏာရှိသော ပရမတ္ထဓမ္မတို့မည်သည် ထောက်ခံမှု, မှီတွယ်မှုနှင့်ကင်း၍ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မျှ အသက်ရှည်၍ တည်နေနိုင်သောမည်သည် မရှိလေကုန်။ မြင့်မိုရ်တောင်ကြီး, စကြဝဠာတောင်ကြီး, မဟာပထဝီမြေကြီးတို့၌ ပရမတ်ရေဓာတ်သက်သက်ကို ကွက်ခြား၍ ကြည့်ရှုလိုသည်ရှိသော် ခက်မာမှုဟူသောမြေဓာတ်နှင့်မရောစေမူ၍ ဖွဲ့စည်းမှုဟူသော ရေဓာတ်မှုသက်သက်ကို ကွက်ခြား၍ကြည့်ရသည်။ အဆင်းသဏ္ဌာန် အထည်ဒြပ်စုလည်း ခုခံ၍နေတတ်သည်။ (ကြည့်ရှုသော ဓမ္မဝဝတ္ထုနညာဏ်၌ အဆင်းသဏ္ဌာန် အထည်ဒြပ်စု ခုခံ၍နေခဲ့လျှင် နောက်၌ဖြစ်မှုပျက်မှုကို ရှုသောအခါ မထင်နိုင်ဘဲ နေတတ်သည်။) ပရမတ်အစစ်ကို အမြင်စင်ကြယ်လှပါမှ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို မြင်နိုင်သည်။

မြေဓာတ်၌ ဆိုခဲ့ပြီးသောအတိုင်း ဤရေဓာတ်၌လည်း ဖွဲ့စည်းမှုသက်သက်ဟုဆိုအပ်သော ရေဓာတ်အမြင် စင်ကြယ်သောအခါ မြင့်မိုရ် မဟာပထဝီတစ်ခုလုံး၌ အကျိတ်အခဲ အဆန်အမာမရှိသည့်အတွက် မှန်ထဲ, ရေထဲမှာ ထင်မြင်ရသော မိုးရိပ်, တိမ်ရိပ်, နေဝန်း, လဝန်း, အရိပ်သစ်ပင်တို့ကဲ့သို့ ဖွဲ့စည်းမှုဟူသော အာပေါလက္ခဏာကြီး ထင်မြင်လိမ့်မည်။ မြင့်မိုရ်တောင်, မဟာပထဝီတို့၌ ထင်မြင်နိုင်သောအခါ လူ, နတ် , ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့၌ ထင်မှုမြင်မှု အလွန်လွယ်လှတော့သည်။ သတ္တဝါသဏ္ဌာန်မှာ ထင်မြင်မှုသာလိုရင်းဖြစ်သည်။ မြင့်မိုရ်, မဟာပထဝီတို့က ချီ၍ပြလိုက်သည်မှာ သတ္တဝါသဏ္ဌာန်၌ ထင်လွယ်မြင်လွယ်အောင် ချီလိုက်သည်။ မိမိသဏ္ဌာန်၌ ဦးခေါင်း ခြေဖဝါး ထုတ်ချင်းပေါက်အောင် ထင်လင်းပြီးမှ သူတစ်ပါးသဏ္ဌာန်စုကိုလည်း ထို့အတူ ထုတ်ချင်းပေါက်အောင် ရှုလေ။

**ဤတွင်ရွှေ့ကား အာပေါဟူသော ရေဓာတ်ကို**
**ဓာတ်ပေါက်အောင် ရှုနည်းအမြွက်ပြီး၏။**

(ဆက်လက်ဖော်ပြပါမည်။)

for the tendency to cling and cohere is just the behaviour of the water element. This clinging and cohering quality of the water element acts on the other remaining elements of earth, fire and air to form a homogeneous entity. In this way a cell consisting of the four primary elements have a basis to interact with each other. When this element of cohesion is lost, the remaining three elements lose their cohesion and so dissolved within a short while.

In this world from the sub-atomic particle (paramānumū ) to the Asurinda demigod, and in the extrinsic, from the great Mount Sineru, the mountain ranges girdling the cosmos to the earth, the material forms large and small owe their appearance of material substance to the element of water. Apart from this water element or the element of cohesion, there is no element that can provide the wherewithal to become solids.

Should Mount Sineru with a bulk of twice the height or depth of 84,000 yojana be deprived of this cohesive force, the whole edifice may well disappear within a twinkling of an eye. Should the cohesive element in this earth vanish, the earth may well disappear its place taken by the void that is space.

The reason for it being that, should there be no more cohesive force holding together these entities of Mount Sineru, the mountain ranges of the cosmos, the rocks on this earth, the homogeneous conglomeration of absolute earth, absolute fire and absolute air will have nothing to hold them together. With the exception of nibbāna with its unconditioned characteristic, all absolute phenomena cannot exist for more than the blinking of an eye or a lightning flash. When visualizing the water element in the absolute sense with reference to the Mount Sineru or the earth, the earth element or the element of hardness or extension should be differentiated from the element of cohesion, examining the latter exclusively. At this, the form or material substance of the object tends to reslst this seruting (should the material form of the object interfere with one's analytical study of the situation, later contemplation on the occurrence or dissolution of the phenomena might be obfuscated.) Only when the absolute aspects are clearly visualized, anicca, dukkha and anatta may be clearly appreciated.

In the same manner that has ben said in connexion with the earth element, when one's perception of the structuring character of the water element has been developed to the point of clarity, the absence of any solidity in the great bulk of Mount Sineru and the earth will become evident as will the fact that they are no more substantial than the reflections of the sky, the clouds, the shining discs of the sun and the moon, but are merely manifestations of the structuring character of the āpo element.

When this has been perceived, its manifestations in human beings, in celestial gods and in Brahma supreme deities become all too easy to perceive. The overriding aim in this exercise is to perceive it within the context of various forms of sentient beings. The prologue involving Mount Sineru and the planet earth has been depicted just to facilitate its perception in animate beings. After perceiving it clearly by incisively viewing one's own anatomy from head to the soles of the feet, try to perceive it in the forms of others as well.

Thus concludes this brief talk on the method of incisively perceiving the āpo or water element.

**(to be continue)**



## ရန်ကုန်မြို့၊ ကျောက်ကုန်းတောရ မေဒိနီစာသင်တိုက်
## သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ ဂဏဝါစက
## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
## ဆရာတော်အရှင်ကောဝိဒဓဇ ဟောကြားတော်မူအပ်သော
## (သဒ္ဓမ္မဒေသနာ မေဒိနီတရားပေါင်းချုပ်)
# ကမ္ဘာရန်သူကြီး သုံးမျိုးတရားတော်

(ယခင်အပတ်မှအဆက်)

**မေတ္တာစွမ်းအား ထူးဆန်းစွာ တွေ့မြင်ကြရခြင်း**

သာမာဝတီကလဲ မိန်းမငါးရာတို့ကို "အို အမိတို့၊ ငါတို့မှာ တစ်ခြားကိုးကွယ်ရာ မရှိတော့ဘူး။ မင်းကြီးအပေါ်၌လည်းကောင်း မာဂဏ္ဍီမိဖုရားအပေါ်၌လည်းကောင်း၊ မိမိကိုယ်၌လည်း ညီညီမျှမျှ မေတ္တာစိတ်ထားကြပါ။ ဘယ်သူ့ကိုမှ အမျက်မထွက်ကြလင့်" ဟုပြောဆိုဆုံးမပြီး နေလေတယ်၊ မင်းကြီးကတော့ ဗိုလ်ခြေတစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကိုယူကာ လေးညို့ကို ဖြန့်ပြီး အဆိပ်လူးသော မြားတင်၍ သာမာဝတီမိဖုရားကို ရှေ့ကထားပြီးလျှင် မိန်းမအားလုံးကို တန်းစီနေစေ၍ သာမာဝတီမိဖုရား၏ ရင်ဝဆီသို့ မြားကို ပစ်လွှတ်လေသတဲ့။

အားလုံးကို အသေသတ်မည်ဟု ဆုံးဖြတ်ချက်ချပြီး ဤကဲ့သို့ စီရင်ခြင်းဖြစ်တယ်ပေါ့။ သို့သော်လဲ မင်းကြီးပစ်လွှတ်သော ထိုမြားသည် သာမာဝတီမိဖုရား၏ မေတ္တာဓာတ်အစွမ်းကြောင့် ဆုတ်နစ်ပြန်လည်ကာ လာခဲ့ရင်း ခရီးသို့ ရှေ့ရှုပြီးလျှင် ဥတေနမင်းကြီး၏ ရင်ဝနှလုံးသားကို ဝင်၍ စူးဝင်မည်ကဲ့သို့ တည်နေသတဲ့။ သာမာဝတီရဲ့ မေတ္တာဓာတ်အား ကြီးမားလှပါတယ်။ မေတ္တာအကျိုး ဆယ့်တစ်မျိုးမှာ 'နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ဘမတိ" ဟူ၍ ဘုရားရှင်ဟောကြားထားတဲ့ အကျိုးတစ်ပါးရှိတယ်မဟုတ်လား။ မေတ္တာတရားပွားများနေသူအား မီးလဲမလောင်နိုင်ဘူးတဲ့၊ အတိတ်ဘဝက မိမိလွန်ကျူးတဲ့ ပြုမှုရှိလျှင်တော့လဲ မလွယ်ဘူးပေါ့။ တန်ခိုးပြင်းထန် ရှင်မောဂ္ဂလာန် မထေရ်ကြီးပင် အတိတ်ကံရှိတော့ ခိုးသားသတ်ခံရသေးတယ်မဟုတ်လား။

ယခု ဥတေနမင်းကြီး ပစ်လွှတ်တဲ့မြား သာမာဝတီထံသို့ မသွားဘဲ မင်းကြီးရင်ဝဆီသို့ ပြန်လာနေတယ်တဲ့နော်။ ယင်းကဲ့သို့ အံ့ဩစဖွယ် ဆန်းကြယ်လှတဲ့ အဖြစ်ကို မင်းကြီးမြင်တွေ့ရလျှင် 'ငါပစ်အပ်သော မြားသည် ကျောက်ဖျာ ကျောက်ခဲကိုပင် ဖောက်ခွဲသွားနိုင်ပါတယ်။ ယခုအခါ ဟင်းလင်းအပြင် ကောင်းကင်ရပ်၌ ထိခတ်ဖွယ်ရာ မရှိဘဲလျက် ငါရဲ့မြားသည် ငါ၏ ရင်ဝနှလုံးဆီသို့ ရှေ့ရှုဖြစ်နေပါပေါ့လား၊ အသက်မရှိသော အဝိညာဏက မြားကပင် သာမာဝတီရဲ့ ဂုဏ်ကျေးဇူးကို သိရှိပေသေးသည်။ ငါသည်ကား လူပင်ဖြစ်ပါလျက် မသိချေတကား" ဟု စဉ်းစားမိလေသတဲ့။ "လူမိုက်နောက်မှ နောင်တရ" လို့ ဆိုမလား မသိဘူးနော်။ ထိုဥတေနမင်းကြီးသည် လေးကို စွန့်ပြီးလျှင် လက်အုပ်ချီကာ သာမာဝတီမိဖုရား၏ ခြေရင်း၌ ဆောင့်ကြောင့်ထိုင်လျက်

**မိန်းမရှိသေ အသက်ရှည်ရေး**

သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။

သာမာဝတီ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။ (ဓမ္မ၊ ဋ္ဌ၊ ပ၊ ၁၄၆)

ဟူသော ဂါထာကို ရွတ်ဆိုလေသတဲ့။ "မိန်းမရှိခိုးသွားမကျိုး၊ မိန်းမရှိသေအသက်ရှည်" ဆိုတဲ့ မြန်မာစကားပုံတွေဟာ ဒီအဖြစ်အပျက်တွေများ ဆက်စပ်နေသလားပဲနော် (ဒကာကြီး ဦးစိန်)။

သာမာဝတီ၊ ရွှေရောင်အဆင်း၊ ဝါဝင်းလှပ အိုချစ်နှမ သာမာဝတီ။ (ဘုရင်ကြီး စိတ်ဓာတ်ပျော့လာပြီး ချော့ခေါ်နေရှာတာနော်) သမ္မုယှာမိ၊ အသိဉာဏ်ကင်း မိုက်မိခြင်းကြောင့် ထန်ပြင်းလွန်စွာ တွေဝေမိပါ၏။ စဉ်းစားဆင်ခြင်ဉာဏ်မဝင်၍ အစဉ်များပြား ငါမိုက်မှားမိပေ၏။ မေ၊ ကောသမ္ဗီဟုနာမည်ကျော်ဟီး ပြည်ကြီးသခင် ငါဘုရင်အား။ သဗ္ဗာ ဒိသာ၊ ဝန်းကျင်ပတ်ချာ ဆယ်ဖြာခေါ်အပ် အလုံးစုံသော အရပ်မျက်နှာတို့သည်။ မုယှန္တိ လင်းရောက်ကင်းပြတ် အမှောင်ဓာတ်က ထူထပ်ပိတ်ဖုံး အမိုက်တုံး အမိုက်ခဲကြီးဖြစ်နေပေကုန်၏။ သာမာဝတီ၊ ငယ်စဉ်ကာလ မေတ္တာမျှ၍ တကွပေါင်းမှီ အိုချစ်နှမ သာမာဝတီ။ မံ၊ ငါ့ကို။ တယဿု၊ ရှေးကကျေးဇူးရှိခဲ့ဖူးကို အထူးသိမြင်ကယ်တင်ပါလော့။ တွဉ္စ၊ မေတ္တာပေါင်းယှက် နှမသက်ထား သင်မိဖုရားသည်သာလျှင်။ မေ၊ ကောသမ္ဗီပြည်ရှင် ငါဘုရင်၏၊ သရဏံ၊ ယုံကြည်မြတ်နိုးကိုးကွယ်ရာသည်။ ဘဝ၊ မေတ္တာဓာတ်ရင်း မပြတ်သွင်း၍ ချက်ချင်းမြန်စွာ ဖြစ်စမ်းပါလော့။

အိုနှမတော် သာမာဝတီ၊ ငါသည် အသိဉာဏ်တွေ ကင်းကွာပြီး လွန်စွာတွေဝေလှပါတယ်။ စဉ်းစားဉာဏ်ဝင် အထင်ရမ်းကား မိုက်မှားမိပါတယ်။ ငါအား ဆယ်ပါးသော အရပ်မျက်နှာတို့သည် မိုးမှောင်ကကျ သန်းခေါင်ညသို့ မကလွန်ကဲ မိုက်မဲလှပါတယ်၊ အို-ရှင်မသာမာဝတီ၊ သင်သည် ငါ့ကို မြန်စွာညှာထောက် ဘေးမရောက်အောင် စောင့်ရှောက်ပါလေတော့။ ရှင်မသည် ငါ၏ ယုံကြည်လေးစား အားကိုးဖွယ်ရာသည် လျင်မြန်စွာ ဖြစ်စမ်းပါလော့ဟု ပြောဆိုတမ်းတလေသတဲ့။

သာမာဝတီ မိဖုရားသည် မင်းကြီး၏ မြည်တမ်းစကားကိုကြားလေလျှင်-

"အို အရှင်မင်းကြီး ကောင်းပါပြီ၊ ကျွန်ုပ်ကို ကိုးကွယ်ဆည်းကပ်ပါဟု" မပြောဆိုဘဲ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကထွတ်ထား မြတ်ဘုရား၏ တပည့်မဖြစ်သည့်အားလျော်စွာ "အို ဘုရင်မင်းမြတ်၊ အကျွန်ုပ် ကိုးကွယ်ဆည်းကပ်ရာကို အရှင်မင်းကြီးလဲ ကိုးကွယ်ဆည်းကပ်ပါ" ဟု ဆိုလိုသဖြင့်-

(က) ဪဒံ ဝတွာ သာမာဝတီ၊ သမ္မာသမ္ဗုဒ္ဓသာဝိကာ။
မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။

(ခ) ဧသ ဗုဒ္ဓေါ မဟာရာဇ၊ ဧသ ဗုဒ္ဓေါ အနုတ္တရော။
သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွ ဉ္စ မေ သရဏံ ဘဝ။

ဟူသော နှစ်ဂါထာကို ရွတ်ဆိုပြီးလျှင် ဥတေနမင်းကြီးအား လျှောက်ကြားပြောဆိုလေတယ်။

(က) သမ္မာသမ္ဗုဒ္ဓသာဝိကာ၊ ဥဒေယျငါးတန် တရားမှန်ကို ဧကန်သိမြင် ဘုရားရှင်၏ သွန်သင်ညွှန်ပြ ဩဝါဒကို တိကျလိုက်နာ မှန်စွာကျင့်ဘိ

တပည့်မဖြစ်သော၊ သာမာဝတီ၊ သာမာဝတီအမည်ကျော်ကြား မိဖုရားသည်။ ဣဒံ ဝစနံ၊ အကြောင်းထင်ရှား ဤစကားကို၊ ဝတွာ၊ သာယာခွန်းချို လျှောက်ဆိုပြီး၍၊ မဟာရာဇ၊ တိုင်းကြီးသခင် ဘုရင်မင်းမြတ်၊ တွံ၊ ကျွန်မသက်ထား မောင်တော်ဘုရားသည်။ မံ၊ အားထားဖွယ်ဟု တကယ်ယူဆ ကျွန်တော်မကို။ သရဏံ၊ ယုံကြည်လေးမြတ် ဆည်းကပ်ခြင်းသို့။ မာ ဂစ္ဆ၊ အကြောင်းထောက်ချင့် မရောက်ပါလေလင့်။ အဟံ၊ ကျွန်တော်မသည်၊ ယံ၊ သုံးလူထွတ်ထား တရားသခင် အကြင်ဘုရားရှင်ကို။ သရဏံ၊ ကြည်ညိုလေးစား အားထားလောက်ဖွယ် ကိုးကွယ်ရာအဖြစ်သို့။ ဂတာ၊ သုံးလူထွတ်မျှူး ဂုဏ်တော်ထူးကို ရည်စူးလျက်သာ ရောက်ရှိပါ၏။

(ခ) မဟာရာဇ၊ ပြည်ကြီးသေဌ်နင်း ဘုရင်မင်းမြတ်။ ဧသ ဧသော ဘဂဝါ၊ ကျွန်တော်မသည် ယုံကြည်လေးမြတ် ဆည်းကပ်အပ်သော ဤမြတ်စွာဘုရားသည်။ ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားလျက်သာ ဆရာမရှိ ကိုယ်တော်တိုင် သိတော်မူပါ၏။ ဧသ ဧသော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဤဘုရားရှင်သည်။ ဗုဒ္ဓေါ၊ သိအပ်ဖွယ်မှန် ကြွင်းမကျန်ဘဲ ဧကန်တည့်တည့် အမှန်သိတော်မူပါ၏။ ဧသ ဧသော ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဤဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ အနုတ္တရော၊ အဘယ်နတ်လူ ဗြဟ္မာဟူ၍ ပြိုင်သူ တစ်ယောက် ထွန်းပေါက်ပေါ်လာ မရှိပါ၍ သေချာချင့်ထောက် နှစ်ယောက်မြောက်တူသူ ရှိတော်မမူပေ။ (ဝါ) နတ်နှင့် လူဝယ် ပြိုင်တူပင်းပ တစ်ယောက်မျှ မရှိပါပေ။ တံ၊ ဗုဒ္ဓံ၊ ဂုဏ်တော်မြတ်အပေါင်း ခညောင်းလေငြား ထိုမြတ်စွာဘုရားကို။ သရဏံ၊ ယုံကြည်လေးမြတ် မပြတ်ကိုးကွယ်အပ်သည်၏အဖြစ်သို့။ ဂစ္ဆ၊ အသက်ကိုပင် ခင်မင်ကင်းပြတ် ချဉ်းကပ်လေတော့။ တွဥ္စ တွံ စ၀၊ တိုင်းပြည်အုပ်စိုး တန်ခိုးထန်ပြင်း အရှင်မင်းကြီးသည် သာလျှင်။ မေ၊ မင်းတရားသာ အားထားရာဟု စိတ်မှာစွဲထား ကျွန်တော်မ၏ သရဏံ၊ ကြည်ညိုလေးစား အားထားမှီခိုရာသည်၊ ဘဝ၊ အရာရာမှာ ထောက်ထားညှာ၍ မှန်စွာ စင်စစ် ဖြစ်တော်မူပါလော့။

သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကထွတ်ထား မြတ်စွာဘုရား၏ တပည့်မဖြစ်သော သာမာဝတီ ထိုစကားကိုလျှောက်ထား ပြောကြားပြီးလျှင် အရှင်မင်းကြီးသည် ဘုရားနှမတော်ကို ဆည်းကပ်ကိုးကွယ်ရန်မလိုပါ။ သစ္စာလေးပါး ပိုင်းခြားသိမြင်မြတ်စွာဘုရားသခင်သည် သစ္စာလေးပါးကို ပိုင်းခြားဝေဖန် အမှန်သိသော ဘုရားဖြစ်တော်မူပါ၏။ ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ပြိုင်သူမရှိ လွန်မြတ်သောသူ မရှိ အမြတ်ဆုံးဖြစ်တော်မူပါ၏။ အရှင်မင်းကြီး သုံးလောကထွတ်ထား ထိုမြတ်စွာဘုရားကို ဆည်းကပ်ကိုးကွယ်ပါလော့။ အရှင်မင်းကြီးသည်လည်း ဘုရားနှမတော်၏ ကိုးကွယ်ရာ လဲလျောင်းရာ ပုန်းအောင်းရာ စင်စစ် ဖြစ်တော်မူပါလော့ဟူ၍ ပြောဆိုလျှောက်ထားလေသတဲ့။

သာမာဝတီ၏ ပြောစကားကို ဥတေနမင်းကြီး ကြားလေလျှင် "ငါသည် ယခုအခါ အလွန်အကဲ ဆင်းရဲဒုက္ခတွေ့ကြုံကြရမည်ဖြစ်၍ အလွန့်အလွန်ပင် ကြောက်ရွံ့ပါ၏" ဟု ပြောဆိုတောင်းပန်သော်လည်း သာမာဝတီက ရေးနည်းတူစွာ ငြင်းပယ်သဖြင့်

တေန ဟိ တွဥ္စ သရဏံ ဂစ္ဆာမိ၊ သတ္ထာရဥ္စ သရဏံ ဂစ္ဆာမိ၊ ဝရဥ္စ တေဒမ္မိ။

ဟူ၍ ပြောဆိုလေတယ်။ ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ ရှင်မ သို့ဖြစ်လျှင်၊ ငါသည် ရှင်မကိုလဲ ဆည်းကပ်ကိုးကွယ်ပါ၏။ လူနတ်တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားကိုလဲ ဆည်းကပ်ကိုးကွယ်ပါ၏။ ရှင်မအားလဲ အလိုရှိအပ်သော ဆုမြတ်ကိုပေးပါ၏ဟု ပြောဆိုလေလျှင် အရှင်မင်းမြတ်ပေးအပ်သော ဆုမြတ်ကိုတော့ ယူပါမည်ဟု သာမာဝတီက ကြည်ဖြူစွာ ခွင့်ပြုလျှောက်ဆိုလေတယ်။

ဥတေနမင်းကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ကိုးကွယ်ဆည်းကပ်မှုပြုပြီး (ဝါ) သရဏဂုံ ဆောက်တည်ပြီး ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား နန်းတော်တွင်းသို့ ပင့်ဖိတ်ကာ (၇)ရက်ပတ်လုံး အလှူကြီးပေးလှူ၍ သာမာဝတီကိုခေါ်ပြီးလျှင်-

"ချစ်နှမ သာမာဝတီ ထပါလော့၊ ဆုမြတ်ကို ယူပါလော့" ဟု ပြောဆိုလေသတဲ့။ ယခုအခါမှာတော့ ဘုရင်နှင့် မိဖုရားနှစ်ပါးလုံးကြည်ဖြူပြီး ဆန္ဒတူဖြစ်နေကြပြီပေါ့။

သာမာဝတီမိဖုရားက "အရှင်မင်းမြတ် ဘုရားနှမတော်သည် ရွှေငွေ၊ အစရှိသည်ကို အလိုမရှိပါ။ မြတ်စွာဘုရားသည် ရဟန်းတော်ငါးရာနှင့်အတူ ဤနန်းတော်တွင်းသို့ အမြဲမပြတ် ကြွလာနိုင်ခြင်း နှမတော်တို့လဲ မြတ်စွာဘုရားဟောကြားတော်မူအပ်သော တရားတော်ကို ကောင်းစွာနာယူနိုင်ခြင်း ဆိုတဲ့ ဆုကိုသာ ပေးသနားတော်မူပါ" ဟု လျှောက်ဆိုလေလျှင် ဥတေနမင်းကြီးသည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရဟန်းငါးရာနှင့်အတူ ဤနန်းတော်သို့ အမြဲကြွတော်မူပါ။ သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့သည် တရားတော်ကို နာယူကြပါလိမ့်မည် ဘုရား" ဟု လျှောက်ထားလေတယ်။

မြတ်စွာဘုရားက "မင်းကြီး ဘုရားတို့မည်သည် တစ်နေရာတည်းသို့ အမြဲမသွားသင့်ပေ။ လူအပေါင်းသည် ဘုရားကြွလာခြင်းကို မျှော်လင့်တောင့်တကြသည်" ဟု မိန့်တော်မူသည်ရှိသော်-

"မြတ်စွာဘုရား ယင်းသို့ဖြစ်လျှင် ရဟန်းတော်တစ်ပါးကို စေလွှတ်တော်မူပါ" ဟု လျှောက်ဆိုပြန်တယ်တဲ့။

မြတ်စွာဘုရားက ရှင်အာနန္ဒာမထေရ်ကို စေလွှတ်တော်မူတယ်။ ရှင်အာနန္ဒာမထေရ်ကလည်း ထိုအချိန်အခါမှစ၍ ရဟန်းတော်ငါးရာကို ခေါ်ယူကာ နန်းတော်တွင်းသို့ အမြဲကြွတော်မူသတဲ့။

သာမာဝတီ အမှူးပြုသော မောင်းမများကလဲ အမြဲမပြတ် မထေရ်နှင့် ရဟန်းတော်များကို ဆွမ်းကပ်ကြတယ်။ အာနန္ဒာမထေရ်ထံမှ တရားတော်ကို နာယူကြသတဲ့။

တစ်နေ့သောအခါတွင် ထိုအမျိုးသမီးတို့သည် မထေရ်မြတ်၏ တရားတော်ကို အထူးကြည်ညိုလှသဖြင့် အပေါ်တင် ပန်းနွယ်ပုဆိုး ငါးရာတို့ကို ဓမ္မပူဇာအဖြစ် လှူဒါန်းလိုက်ကြသတဲ့၊ အပေါ်တင်ပုဆိုးဆိုတာ ယခုခေတ်ကုလားမတွေ ဝတ်နေတဲ့ ဆာရီခေါ် အပေါ်ရုံဝတ်ထည်ကိုဆိုတာပေါ့။ ဒီကပရိသတ်ကတော့ မျက်စိကြီး၊ နားကြီးတွေမို့ အားလုံးသိပြီးဖြစ်နေတယ် ထင်ပါရဲ့။ အမျိုးသမီး ငါးရာတို့ လှူဒါန်းသော အပေါ်တင်ပန်းနွယ်ပုဆိုး တစ်ထည်ဟာ အသပြာငွေ ၅၀၀ စီ တန်သတဲ့ (ဒကာကြီးဦးစိန်ရဲ့)။

ဥတေနမင်းကြီးမှာလဲ သာမာဝတီရဲ့ ကျေးဇူးကြောင့် မြတ်စွာဘုရားရဲ့ တပည့်၊ ဒကာ၊ သပါသကာတစ်ဦးဖြစ်သွားပြီနော်။ ယခင်ကဆိုလျှင် ဘုရားရှင်ကို ဆည်းကပ်ခစားတဲ့သူ မဟုတ်ပေဘူး။ ဇနီးလိမ္မာ သာမာဝတီသာသနာပြုလိုက်တဲ့အတွက်ကြောင့် အယူမှန်သို့ ရောက်ခဲ့ရတာကိုး။ ဒါကြောင့် အိမ်သူဇနီး၊ အမျိုးသမီးတွေ လိမ္မာလျှင် လင်ယောကျ်ား ကိုယ်တော်ချောတို့ဟာ ပြောသလို ပါရတယ်လို့ မှတ်ပါ။

အချို့သော မိဘ၊ ညီအစ်ကို၊ မောင်နှမတွေအပေါ်မှာ ဆိုးပေပေလုပ်တတ်တဲ့သူများ အိမ်ထောင်ကျသွားပြီး နောက်ပိုင်းတွင် တော်တော်ကလေးယဉ်လာတာကို ဦးပဥ္စင်းတို့ မကြာခဏတွေ့နေရတယ်။ သို့အတွက် ဓမ္မကထိကကိုယ်တော်ကတော့ ဒီလိုပဲပြောချင်တယ်။ "လင်ယောကျ်ားတွေ ဆိုးပေနေတာ အိမ်သူဇနီးတွေ မလိမ္မာလို့ဘဲ" လို့၊ သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရေးမှာလဲ အမျိုးသမီးများကသာ ရင်အုပ်မကွာ နေရတာမို့ ပိုပြီးအရေးကြီးပါတယ်။ အမျိုးသမီးတွေက အမျှော်အမြင်ကြီးစွာနှင့် လင်ယောကျ်ားပေါ်မှာရော သားသမီးတွေအပေါ်မှာရော အလိမ္မာဉာဏ်နှောပြီး ပြုပြင်သွားနိုင်လျှင် ကြီးပွားအောင်မြင်သော အိမ်ထောင်စုကြီးတစ်ခုဖြစ်လာဖို့မှာ သေချာတယ်

ပေါ့။ သို့အတွက်ကြောင့် တရားနာလာကြတဲ့ ဒါယိကာမကြီးများမှ အစပြု၍ အားလုံးသော အမျိုးကောင်းသမီးများ အိမ်တွင်းသာသနာပြုရေးကို လေးလေးစားစား စိတ်မှာထားပြီး ဆောင်ရွက်ကြဖို့ သာသနာပြုစိတ်ဓာတ် မွေးကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပေတယ်။

ယခုလဲ သာမာဝတီမိဖုရားကြီးက ဥတေနမင်းကြီးကို မြတ်စွာဘုရားရဲ့ အဆုံးအမကို နာယူကာ ဥပါသကာ ဒါယကာတစ်ဦးဖြစ်အောင် ဆွဲဆောင်သိမ်းသွင်းလာခဲ့တာကို မှတ်သား နမူနာယူကြဖို့ပါပဲ။ သာမာဝတီရဲ့ ကြီးမားသော မေတ္တာဓာတ်ကြောင့်လဲ ယခုလို ထူးခြားစွာအောင်မြင်တယ်လို့လဲ ဆိုနိုင်တယ်ပေါ့။ ဒီသာမာဝတီမိဖုရားကြီးဟာ မေတ္တာဓာတ်ဖြင့် နေရာမှာ ဧတဒဂ်ဘွဲ့ထူးရတဲ့ အမျိုးသမီးကြီးတစ်ယောက်ပေါ့။ ဒါကြောင့် မြတ်စွာဘုရားက-

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ မေတ္တာဝိဟာရီနံ ယဒိဒံ သာမာဝတီ။ (အင်္ဂုတ္တရ၊ ပ၊ ၂၇)

ဟူ၍ နှုတ်သံမြွက်ကာ ဧတဒဂ်အရာ၌ ထားတော်မူခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာဘေး လာမည့်အရေးကို မြော်တွေးကြောက်ငြား အို ချစ်သားတို့၊ မမ၊ သုံးလူထွတ်ထား ငါဘုရား၏၊ သာဝိကာနံ၊ ရတနာသုံးရပ်ကိုးကွယ်ဆည်းကပ် ခစားခြင်းရှိကုန်သော ဥပါသိကာမအပေါင်းတို့တွင်၊ ယဒိဒံ-ယာ ဧသာ သာမာဝတီ၊ အကြင် သာမာဝတီအမည်တွင်ငြား မိဖုရားသည်၊ အတ္ထိ၊ စင်စစ်မသွေ ရှိပေ၏။ ဧတံ-ဧသာ သာမာဝတီ၊ သာမာဝတီ၊ အမည်တွင်ငြား ထိုမိဖုရားသည်။ အဂ္ဂံ-အဂ္ဂါ၊ အများနှင့်စာ မေတ္တာအရာတွင် မှန်စွာထူးချွန် သာလွန်မြင့်မြတ်လှပေသည်သာတည်း။

ဤကဲ့သို့ပင် ဗုဒ္ဓမြတ်စွာက "ငါ၏ တပည့်ဒါယိကာမများတွင် မေတ္တာတရားပွားများပြီးနေသည့်အရာဝယ် သာမာဝတီမိဖုရားသည် အသာလွန်ဆုံး အမြတ်ဆုံးဖြစ်ပေ၏" ဟု နှုတ်ခွန်းတော် မိန့်မြွက်ကာ ဧတဒဂ်အရာ၌ ထားတော်မူခဲ့ခြင်းဖြစ်ပေတယ်။

မေတ္တာတရားကို ပွားများခြင်းသည် မိမိအတွက်လဲ ပစ္စုပ္ပန်မှာရော သံသရာမှာပါ အကျိုးများတယ်၊ မေတ္တာကို ခံယူရတဲ့ သူတစ်ပါးမှာလဲ ချမ်းသာသုခကို ခံစားရနိုင်တယ်။ ဒါကြောင့်မို့လဲ ဦးပဉ္စင်းတို့ ဗုဒ္ဓဘာသာဝင်များ နေ့စဉ်ဘုရားရှိခိုးပြီးတိုင်း မေတ္တာတရားကို ပွားများကြခြင်းပဲ မဟုတ်လား (ဒကာကြီးဦးစိန်ရဲ့)။

အရကျက်ပါ။ ။ သတ္တဝါအများ၊ မှန်းထားရွယ်ကာ၊ ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းဖို့ရာ။ ကိုယ့်စိတ်နှလုံး၊ ရွှင်ပြုံးချမ်းသာ၊ မေတ္တာပန်း၊ ဆင်မြန်းပွားများပါ။ ဥတေနမင်းကြီးနှင့်သာမာဝတီမိဖုရား တို့သည် "ရေကိုသားလည်း အခြားမထင်" ဆိုသလို ခွဲခွာ၍ မရနိုင်လောက်အောင် ဖြစ်နေကြပေပြီ။ မြတ်စွာဘုရားနှင့် တပည့်ရဟန်းများကလည်း နန်းတော်တွင်းသို့ အမြဲပင် ဝင်၊ ထွက်သွားလာနေကြပေပြီ။ ထိုအခါ မာဂဏ္ဍီကလဲ "ငါလုပ်သလိုမဖြစ်၊ မဖြစ်စေလိုတဲ့ အတိုင်းချည်းဖြစ်နေတာကလား။ ယခု ဘယ်လိုလုပ်ပါဦးမည်နည်း" ဟု ကြံစည်တဲ့အခါ အကြံတစ်ခု ပေါ်လာတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရှေ့မျက်နှာဖုံးမှအဆက်

## နှစ်သစ်မင်္ဂလာကြည်သာရွှင်လန်းအေးချမ်းသာယာ ရှိကြပါစေမှ

### မြန်မာတို့၏ နှစ်သစ်ကူးအထူးနေ့ရက်များ

ယင်းနေ့ကို မင်္ဂလာရှိသော နေ့ထူးနေ့မြတ်အဖြစ် နိုင်ငံတိုင်း၌ ကိုယ့်ဓလေ့နှင့်ကိုယ် ဆင်နွှဲကျင်းပကြကာ အလုပ်ပိတ်ရက် ရုံးပိတ်ရက်အဖြစ် သတ်မှတ်၍ပင်ထားကြသည်။

ယခုနှစ်မြန်မာတို့၏ နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် တန်ခူးလပြည့်ကျော် ၃ ရက်နေ့မှ ၁၂ ရက်နေ့အထိ (ဧပြီလ ၁၂ ရက်နေ့မှ ၂၁ ရက်နေ့အထိ) စုစုပေါင်း ရုံးပိတ်ရက်(၁၀)ရက်တိတိ သတ်မှတ်ပြဋ္ဌာန်းထားလေသည်။

### နှစ်ကာလများကို ရေတွက်ကြသည့်အစဉ်အလာ

ကမ္ဘာပေါ်တွင် လူမျိုးအလိုက် ဘာသာအလိုက် ကိုယ့်ဓလေ့၊ ကိုယ့်စရိုက်၊ ကိုယ့်ဘာသာဖြင့်၊ နေ့ရက်လနှစ်ကာလများရေတွက်ကြသည့် အစဉ်အလာသည် လူ့ယဉ်ကျေးမှု ထွန်းကားသည့်အချိန်မှစ၍ ရှိလာခဲ့ကြလေသည်။

နှစ်ဟူသည့် ကာအပိုင်းအခြားကို သတ်မှတ်သည့် အစဉ်အလာရှိချိန် မှစ၍ နှစ်ဆန်း တစ်ရက်နေ့ဟူသော ဝေါဟာရပေါ်လာသည်ဟု ယေဘုယျအားဖြင့် ယူဆရန်ရှိသော်လည်း မည်သည့်ခုနှစ် သက္ကရာဇ်မှစ၍ နှစ်ဆန်းတစ်ရက် နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပ ခဲ့ကြသည်ဟုမူ တတ်အပ်မဆိုနိုင်ချေ။

### အဟောင်းမှ အသစ်သို့ ကူးပြောင်းခြင်းဆိုသည်မှာ

အဟောင်းမှသည် အသစ်သို့ ကူးပြောင်းခြင်းကား နှစ်လိုဖွယ်ရာဖြစ်သည်။ ထို့ကြောင့်လည်း နှစ်သစ်ကူးပြောင်းခြင်းကို မင်္ဂလာဟု အများက လက်ခံကြခြင်းဖြစ်သည်။ ယင်းသို့ မင်္ဂလာ ရှိ သောနေ့ကို သတ်မှတ်ကြပုံ၊ ကြိုဆို ကြပုံ၊ ဆင်နွှဲ ကြပုံများကား လူမျိုးတစ်မျိုးနှင့်တစ်မျိုးမတူကြချေ။

အချို့က ဧပြီလထဲတွင် နှစ်ဆန်းကြ၍၊ အချို့က ဇန်နဝါရီတွင် နှစ်ဆန်းကြသည်။ ကြိုဆို ကျင်းပနည်းလည်း ရိုးရာဓလေ့ထုံးစံအလိုက် ကွဲပြားကြသည်။ အချို့သူတို့က နှစ်ဆန်းပွဲ နှစ်ကူးပွဲတွင် ရေပက်ဖျန်းကစားကြ၍၊ အချို့တို့က မီးထွန်း ကြသည်။ အချို့က ကခုန်မြူးတူးကြ၍ အချို့က ဘုရားရှိခိုးဆုတောင်းဝတ်ပြုပွဲများ ကျင်းပကြသည်။

မည်သို့ပင် ဆိုကြစေကာမူ နှစ်ဆန်းသည့်အချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောပယ်ဖျက်လိုကြခြင်း၊ တစ်နှစ်ကုန်၍ အသက်သိက္ခာဂုဏ်ဝါကြီးရင့်လာသည်တို့ကို အသိအမှတ်ပြုကြသည့် လက္ခဏာအဖြစ် သက်ကြီးဝါကြီး မိဘဘိုးဘွားတို့အား ဂါရဝပြု ပူဇော်ကြခြင်း၊ ဘာသာဓလေ့အရ စိတ်ကောင်း စိတ်မြတ်မွေးမြူ၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းတို့၌ကား တသဘောနှင်နှင် ဖြစ်လေသည်။

### ကမ္ဘာတစ်ခွင်နှစ်ဆန်းတစ်ရက်နေ့ ကျင်းပ ကြပုံများ

လွန်ခဲ့သည့်နှစ်ထောင်ပေါင်းများစွာက အီဂျစ်လူမျိုးတို့၏ နှစ်ဆန်းတစ်ရက်နေ့သည် နိုင်းမြစ်ရေလျှံသည့် ဇွန်လလယ်မှ နေ့တစ်နေ့ ဖြစ်သည်။ ရှေးရောမလူမျိုးတို့ကမူ မတ်လ ၁ ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့ဟု သတ်မှတ်ခဲ့ကြသော်လည်း ဂျူလီယက်ဆီဇာက တံခါးပေါက်များနှင့် အစနှင့်အဆုံးကို အစိုးရသော ဂျေနပ်နတ်မင်းအား ဂုဏ်ပြုသောအားဖြင့် ယင်းကို အစွဲပြုမှည့်ခေါ်ထားသော ဇန်နဝါရီလ ၁ ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့အဖြစ် သတ်မှတ်လိုက်လေသည်။

အင်္ဂလန်ပြည်တွင် ရောမတို့ဝင်ရောက် မသိမ်းပိုက်မီက ဒီဇင်ဘာ ၂၅ ရက်နေ့ကို နှစ်ဆန်း တစ်ရက်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ရောမတို့ဝင်ရောက်သိမ်းပိုက်ပြီးနောက်တွင် ရောမတို့နည်းတူ ဇန်နဝါရီ ၁ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့အဖြစ် သတ်မှတ်ခဲ့သည်။ အလယ်ခေတ်လောက်က ခရစ်ယာန်အယူဝါဒီတို့၏ နှစ်ဆန်းတစ်ရက်နေ့ သည် မတ်လ ၂၅ ရက်နေ့ဖြစ်သည်။ ၁၅၈၂ ခုနှစ်တွင် ဂရက်ဂိုရီယန်ပြက္ခဒိန်ကို ရောမ ကက်သိုလစ်ဂိုဏ်းဝင်တို့လက်ခံအသုံး ပြုလိုက်သည့်အချိန်မှစ၍ နှစ်စဉ်ဇန်နဝါရီ ၁ ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့အဖြစ် သတ်မှတ်လိုက်ကြသည်။ ယခုအချိန်တွင်မူ ဇန်နဝါရီ ၁ ရက်နေ့သည် ကမ္ဘာ့နှစ်ဆန်းတစ်ရက်နေ့ ဖြစ်နေလေပြီ။

**ထိုင်းနိုင်ငံမှတမူထူးသည့်နှစ်ဆန်းတစ်ရက်နေ့**

ထိုင်းနိုင်ငံ၌မူ နှစ်ဆန်းတစ်ရက်နေ့ကို အမျိုးမျိုးတွက်ကြသည်။ ယင်းသို့ ကွဲပြားချက်များ အနက် ယိုးဒယား(ထိုင်း) နှစ်၏ လေးလနှင့် ငါးလတို့ အကူးတွင် ကျင်းပသော ပွဲတော်ကား လူထု၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ ယင်းလ အတွင်းရှိလကွယ်နေ့ လဆန်း ၁ ရက်နေ့၊ လဆန်း ၂ ရက်နေ့တို့တွင် မည်သည့်နေ့ရက်၌ နှစ်သစ်ကူးရန်အခါတော်ကျရောက်သည်ကို ပုဏ္ဏားဟူးရား တို့က တွက်ချက်ကြ၍ နှစ်ဆန်း တစ်ရက်နေ့ကို သတ်မှတ်ပေးသည်။

**အိန္ဒိယနိုင်ငံမှ နှစ်ဆန်းတစ်ရက်နေ့များ**

အိန္ဒိယနိုင်ငံ၌မူ သက်ဝင်ယုံကြည်ကြသော ဘာသာအယူဝါဒ အလိုက် နှင့် နေထိုင် ကြသော ဒေသများအလိုက် နှစ်ဆန်းချိန်ကွဲပြား ကြသည်။ ပါရစီ လူမျိုးတို့၏ နှစ်ကူးချိန်သည် စက်တင်ဘာလ ၅ ရက်နေ့ဖြစ်၍ ဟိန္ဒူဝါဒီ တို့၏နှစ်ကူးချိန်သည် နိုဝင်ဘာလတွင်ကျရောက်၍ ဒီပါဝလီ (ဒေဝါလီ)မီးထွန်း ပွဲတော်ဟုခေါ်ကြသည်။ အချို့ဟိန္ဒူတို့ကမူကား ဟိန္ဒူပြက္ခဒိန်၏ ဆယ့်တစ်လ မြောက်ဖြစ်သော(ဖာဂွန်း)လတွင် ကျင်းပလေ့ရှိသည်။ ယင်းကို ဟူလီပွဲတော်ဟု ခေါ်သည်။ တရုတ်တို့၏ နှစ်ကူးပွဲသည် ဖေဖော်ဝါရီလအတွင်း၌ကျရောက်သည်။

**မြန်မာတို့၏ နှစ်ဆန်းတစ်ရက်နေ့**

မြန်မာတို့၏ နှစ်ဆန်းတစ်ရက်နေ့သည် ဧပြီလ ၁၆ ရက်နေ့ သို့ မဟုတ် ၁၇ ရက်နေ့ခန့်တွင် ကျရောက်တတ်သည်။ နိုင်ငံတော်ပြက္ခဒိန်တော် ဆက်အဖွဲ့က မည်သည့်နေ့ မည်သည့်အချိန်တွင် နှစ်သစ်ဆန်းမည်ကို တွက်ချက်သတ်မှတ်ရသည်။

နှစ်ဆန်းချိန် လူမျိုးတစ်မျိုးနှင့် တစ်မျိုး မတူကြဘဲ နှစ်ဆန်းပွဲတော် ကျင်းပကြပုံခြင်းလည်း မတူကြပေ။ မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကို သင်္ကြန်ဟု ခေါ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည်ဟူသောအနက် အဓိပ္ပါယ် ရသည်။ နှစ်သစ်ကို ကြိုဆိုသည့်သဘောဖြင့် မြန်မာတို့သည် ရေပက်ကစား ကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေးကင်းစင်၍ ဘေးဘယာများဝေးကွာ ကင်းစင်ကာ ကြည်လင်အေးမြရှိကြစေရန် ရည်သန်သည့် သဘောဖြစ်သည်။

လူကြီးမိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ကြခြင်း၊ အိမ်တွင်း အိမ်ပြင်ရှိ အညစ်အကြေး အမှိုက်သရိုက်များကို ရှင်းလင်း သန့်ရှင်းကြခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီ၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်များသို့ ထွက်၍ ဥပုသ် သီတင်းဆောက်တည်ကြကာ ဒါနပြုကြခြင်း၊ ဘုရားပုထိုးရုပ်ပွားတော် များအား ရေသပ္ပါယ်ခြင်း အစရှိသည့် ကျက်သရေမင်္ဂလာရှိသော ကုသိုလ် ကောင်းမှုများကို ပြုကြရင်းဖြင့် မင်္ဂလာအခါသမယကို ထိန်းသိမ်းစောင့်ရှောက် ကြရင်း ကုန်လွန်ကြ စေသည်။ ဤကား မြန်မာတို့၏ မင်္ဂလာနှစ်ဆန်း တစ်ရက် နေ့ဆင်နွဲကြပုံများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်မြန်မာတို့၏ နှစ်သစ်ကူး သဘင်ပွဲတော်ဖြစ်သည့် သင်္ကြန်အခါတော် ရှိသည်သာမဟုတ်၊ တိုင်းရင်းသားလူမျိုးစုများ ဖြစ်ကြသည့် ပြည်ထောင်စုသားများ၏ ကရင် နှစ်သစ်ကူးပွဲ၊ ချင်းနှစ်သစ်ကူးပွဲ၊ ကယား နှစ်သစ်ကူးပွဲစသည်ဖြင့် တိုင်းရင်းသားလူမျိုးများ အလိုက် နှစ်သစ်ကူးပွဲတော် များလည်း နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ကြလေသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးသည် မြန်မာမှုဟုဆိုအပ်သော တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအစဉ်အလာ များအား ထိန်းသိမ်းမြှင့်တင်၊ စောင့်ရှောက်ခဲ့ကြသည် မှာ နှစ်ထောင်ချီကြာမြင့်ခဲ့ပေပြီ။ အမွန်အမြတ်ထား အပ်သော မြန်မာမှု၊ မြန်မာတို့၏ ယဉ်ကျေးမှု အစဉ်အလာတို့အား လောကသားအားလုံး မျှဝေ ခံစားရရှိကြစေတော့၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လောကသားများ မကောင်းမှုပြုရန် ရှက်ခြင်း၊ ကြောက်ခြင်း တည်းဟူသောဟီရိသြတ္တပ္ပတရားဖြင့် အားလုံး၏ ဘဝငြိမ်းချမ်းစွာ စည်ပင်သာယာဖွံ့ဖြိုး တိုးတက်လာစေတော့ဟု နှစ်ဦး၊ နှစ်သစ်၊ နှစ်ကူး ကာလတွင် ဆန္ဒပြုဆုတောင်းလိုက်ရပေတော့သည်။

ငြိမ်းချမ်းဦး

(စာမျက်နှာ ၇ မှ)

ထိုနေ့နာရီ ညနာရီ သိရန်-

ပတ်သံ-တာ-ရှည်-တီး-သံ-မြည်၊ လက်- ဆီ-ကံ-စာ-ရေး ဟူ၍ သံပေါက်ကဗျာပြုထားသည်

-ပတ်-သံ-တာ-ရှည်-သံပေါက်ကို နံသင့် သင်္ချာယူ

-ဒုတိယသံပေါက်အရ (၁၀)တိုးပြီး တပိုး တစ်ပြန်ထပ်မံ၍ တင်လိုက်လျှင်ရသော သင်္ချာသည် နေ့နာရီဖြစ်သည်။ အကြွင်းနာရီသည် ညနာရီဖြစ်သည်။

ဥပမာ တံခူး-ပတ်-၅ ကို ၁၀ တိုး-၁၅-တပိုးတင် ၃၀

ကဆုန် သံ-၆-ကို ၁၀ တိုး-၁၆ တပိုးတင် ၃၂

နယုန် တာ-၇ကို ၁၀ တိုး-၁၇ -တံပိုးတင် ၃၄

ဝါဆို ရှည်-၈ကို ၁၀ တိုး-၁၈-တံပိုးတင် ၃၆

ဝါခေါင် တီး-၇ကို ၁၀တိုး-၁၇တံပိုးတင် ၃၄

တော်သလင်း သံ-၆ကို ၁၀ တိုး ၁၆ တံပိုးတင် ၃၂

သီတင်းကျွတ် မြည်-၅ကို ၁၀ တိုး-၁၅ တံပိုးတင် ၃၀

တန်ဆောင်မုန်း လက်-၄ကို ၁၀ တိုး ၁၄ တံပိုးတင် ၂၈

နတ်တော် -ဆီ-၃ကို ၁၀ တိုး ၁၃ တံပိုးတင် ၂၆

ပြာသို ကံ-၂ကို ၁၀ တိုး ၁၂ တံပိုးတင် ၂၄

တပို့တွဲ စာ-၃ကို ၁၀ တိုး ၁၃ တံပိုးတင် ၂၆

တပေါင်း ရေး-၄ကို ၁၀ တိုး၁၄ တံပိုးတင် ၂၈

သိပ္ပံစာဆိုအရမူ နေသည် ရွေ့လျားလှည့်ပတ်မှုမရှိဘဲ မိမိ ဝင်ရိုး ပေါ်၌လည်၍ တစ်နေရာ တည့်တည့်တွင် လည်နေသည်။

ကမ္ဘာလုံးအပါအဝင် ဂြိုဟ်ကြီးများက မိမိတို့ ဝင်ရိုးပေါ် လှည့်လည်လျက်နေ၏။ ဆွဲငင် အားကြောင့် နေကို လှည့်လည်၍ သွားနေသည်။

ကမ္ဘာ၏ အရံဂြိုဟ်-လများလည်း ကမ္ဘာ ဂြိုဟ်၏ ဆွဲငင်အားကြောင့် ကမ္ဘာပေါ်တွင် ဒီရေ တက်မှု-ကျမှုဖြစ်နေရသည်ဟုဆိုပါသည်။

(ဗုဒ္ဓစာပေ အဋ္ဌကထာ ဋီကာကျမ်းများအဆိုအရ ဆားငန်ရေ ကြွတက်မှုကြောင့် ဒီရေဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။)

သိပ္ပံပညာရှင်တို့၏ အဆိုအရ ကမ္ဘာသည် ၂၃ ၁/၂ ဒီဂရီ စောင်း၍ ဝင်ရိုးအပေါ် (၂၄) နာရီ တစ်ပတ်နှုန်းဖြင့် လည်နေသည်။ လိမ္မော်သီး ပန်းသီးလုံးကဲ့သို့ တောင်မြောက်ဝင်ရိုးစွန်း မျက်နှာပြင် လုံးမှုလျော့ပြီး ပြားသယောင်ရှိသည်။ အလယ်အီကွေတာပိုင်း နည်းနည်းစူထွက်နေသည်ဟု ဆိုပါ သည်။

ဝင်ရိုးစွန်းအရှည် မိုင်(၇၉၀၀)၊ အီကွေ တာအချင်းမိုင် (၇၉၂၆. ၇) ဖြစ်သည်ဟုဆိုပါသည်။ ဝင်ရိုးနှင့် အီကွေတာ အတိုင်းအတာ ပမာဏ (၂၇) မိုင်ကွာသည်။

ကမ္ဘာကြီး၏ စက်ဝန်းအတိုင်းအတာမှာ မိုင်ပေါင်း(၂၅၀၀၀)ခန့် ရှိသည်ဟုဆိုသည်။

ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်၌ ၂၄ နာရီ တစ်ပတ် လည်နေသဖြင့် စက်ဝန်းအတိုင်းအတာ တစ်နာရီမိုင်(၁၀၀၀)နှုန်းဖြင့် ကျင်လည်နေသကဲ့သို့ လည်နေကြောင်း ခန့်မှန်းနိုင်ပါသည်။

၂၄ နာရီ တစ်ပတ်ဖြင့် လည်ရင်းပင် နေကိုလည်း ဘဲဥပုံသဏ္ဍာန် လှည့်ပတ်၍သွားနေရာ ရက်ပေါင်း ၃၆၅ ရက် (၆၆၁)နာရီနီးပါး လောက်တွင် တစ်ပတ်ပတ်မိသည်ဟုဆိုပါသည်။ ယင်းတစ်ပတ် ပတ်မိကာလကို တစ်နှစ် ကာလ အဖြစ် သတ်မှတ်သည်။

**ကျမ်းကိုး**

**သတပဒိကပုစ္ဆာ ဝိသဇ္ဇနာကျမ်း**

တက္ကသိုလ်သျှင်သီရိ

(ဆက်လက်ဖော်ပြပါမည်)

# ဗုဒ္ဓဘာသာဝင်တို့၏ မဟာကျေးဇူးရှင် အရှင်အာနန္ဒာ

မြင့်သိန်း(မော်ကျွန်း)



(ယခင်အပတ်မှအဆက်)

နောက်သုံးလကြာလျှင် ပရိနိဗ္ဗာန် စံဝင်တော်မူမည်ဟုဆုံးဖြတ်တော်မူပြီး နောက်တစ်နေ့တွင် ဝေသာလီမြို့တော်အား 'ဆင်ပြောင်ကြီး ကဲ့သို့ ကိုယ်တော်တစ်ခုလုံးကို လှည့်၍ ကြည့်တော်မူရန် ဘုရားရှင်ဆုံးဖြတ်တော်မူ၏၊ နောက် (နာဂါပလောကိတံ အပလောကေတွာ) ဝေသာလီမှ 'ဘဏ္ဍဂါမ' သို့ ကြွတော်မူခဲ့သည်။ ဝေသာလီသည် 'နိဂဏ္ဌ'တို့၏ အမာခံနယ် မြေတစ်ခုဖြစ်၏။ ဝေသာလီရဲ့ 'အမ္ဗပါလီ'သည် အလှကြောင့် ကျော်ကြားနာမည်ကြီးခဲ့ပါသည်။

After the Buddha decided to enter Parinibbāna within three months, the next day he left Vesāli for Bandagāna after taking one last look at the city 'turning his whole body round like on elephant' (nāgā palokitam apaloketvā). Vesāli was a stronghold of 'Niganthas'. Its Ambapāli' was famous for her beauty.

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက် ဘုရားရှင်၏ ဓာတ်တော်များမှ ဝေစုတစ်စုကို ဌာပနာ၍ စေတီတစ်ဆူကို ဝေသာလီမြို့တော်၌ တည်ထားခဲ့၏။ ထိုမှ နှစ်ပေါင်းတစ်ရာတိုင်ကြာပြီးနောက် ဒုတိယအကြိမ် သင်္ဂါယနာတင်ပွဲတော်ကြီးကို ဝေသာလီအနီး 'ဝါလုကာရာမ' ကျောင်းတော်၌ ကျင်းပခဲ့။)

After the Buddha's Demise a portion of his relics was enshrined in the city. One hundred years later the second synod was held in 'Vālukārāma' monastery near Vesāli.)

ကျောင်းတစ်ကျောင်း၌ ဘုရားရှင် တစ်ပါးတည်း သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာ၏ အများအကျိုးဆောင်ရွက် ခြင်းနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်နှင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်လည်း ဖြစ်သော အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့လေသည်။ ထိုအခါက ရဟန်းအတော်များများသည် မိမိတို့၏ ခန္ဓာကိုယ်ကို ရွံရှာစက်ဆုပ်လာသောကြောင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ကြပါလေတော့သည်။ မိမိဖာသာမသတ်ရဲသူတစ်ချို့က 'မိဂလဏ္ဍိက' ကို တွေ့သွားကြပါ၏။ ထိုသူမှာ ရဟန်းတို့၏ သင်္ကန်း ကိုဝတ်၊ ရဟန်းကျောင်းမှာနေ၊ ရဟန်းတို့စွန့်သော ဆွမ်းကျန်ကို စားနေသော်လည်း ရဟန်းလည်း မဟုတ်၊ သာမဏေတစ်ပါးပင် မဟုတ်ပါချေ။

Wherein the Buddha retired into solitude in a monastery. Ananda's service for others concerning with an interesting event which was also a horror was happened. At that time many of the monks in disgust with their bodies put an end to their lives themselves. Some of them who did not dare to attempt suicide sought out 'Migalandika', who wore the robe of the monks, stayed in the monastery, ate the alms food given-away by the monks, but was neither a monk nor even a movice.

ကိုယ့်ကိုယ်ကို မသတ်ရဲသည့် ရဟန်းတို့က မိမိတို့၏ ခေါင်းကိုဖြတ်ပေးပါဟု ရန်သူကို ခိုင်းစေကြ၏။ ဤကိစ္စကို သူက ဓားတစ်လက်တည်းဖြင့် ကိစ္စပြီးစေရာ ရဟန်းတော် များစွာကို အဆုံးစီရင်ပြီးသောအခါ၌ ဘုရားရှင်သိရှိသွားတော်မူပြီး ရပ်ခိုင်းတော်မူရပါ၏။ ပျံတော်မူသွားကြရှာသော များစွာသောရဟန်းတော်တို့ကြောင့် 'အသုဘကမ္မဋ္ဌာန' (ရွံရှာစက်ဆုပ်ဖွယ်ဟု ရှုမှတ်ရသော ကမ္မဋ္ဌာန်းအာရုံ)မှ တစ်ပါး 'ဝိပဿနာဉာဏ်' ကိုရရှိနိုင်သော အခြားသော ကမ္မဋ္ဌာန်းအာရုံကို သင်ကြားပေးတော်မူပါရန် အရှင်အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားတောင်းပန်ပါသည်။ မြတ်ဗုဒ္ဓက သဘောတူ တော်မူပြီး 'တတိယပါရာဇိက သိက္ခာပုဒ်'ကို ပညတ်တော်မူပါသည်။

They asked him to cut of their heads. This he did with a sword and put to death many monks until the Buddha discovered this incident and stopped it. Ananda requested the Buddha, on account of those monks who had died in large numbers, to teach the monks other subject of meditation (Kammatthāna)by means of which they might obtain 'Insight Knowledge', other than 'Asubha Kammatthāna' (loathsomeness as the subject of meditation). The Buddha agreed and promulgated the 'Third Parajika Sikkhapada.

မြတ်ဗုဒ္ဓဒေသစာရီကြွသွားတော်မူခိုက်တွင် မြတ်ဗုဒ္ဓကိုယ်စား ဆက်လက်၍ ရှိခိုးပူဇော်နိုင်ရန်အတွက် ဥပါသကာတို့၏ အကြီးအမှူးဖြစ်သော 'အနာထပိဏ်သူဌေး' (အနာထပိဏ္ဍိက)ကြီး၏ တောင်းပန်လျှောက်ထားချက်ကို အကြောင်းပြု၍ အရှင်အာနန္ဒာသည် 'ပသေနဒီကောသလမင်းကြီး'၊ 'ဝိသာခါ'၊ 'အနာထပိဏ်နှင့် အခြားသော ဒါယကာ၊ ဒါယိကာမများ၏ အကူအညီဖြင့် 'အရှင်မဟာမောဂ္ဂလာန်မထေရ်' မြတ်ကြီးက ဗုဒ္ဓဂယာရှိ 'မဟာဗောဓိပင်'မှ ယူဆောင်လာခဲ့သော အစေ့မှပေါက်လာသည့် ပျိုးပင်ကလေးကို 'ဇေတဝန်' ကျောင်းတော်ပရဝုဏ်တံခါးအနီး၌ စိုက်ပျိုးတော်မူပါသည်။ နောင်သောအခါ 'အာနန္ဒာဗောဓိ' ဟု အမည်တွင်သွားသည့် ဤဗောဓိပင်ရင်း၌ ဘုရားရှင်သည် အနေကဇာတင်သည့် သဘောမျိုးဖြင့် တစ်ညဥ့်ပတ်လုံး 'ဖလသမာပတ်ဝင်စား' တော်မူခဲ့ပါသည်။


In order that people might still worship the Buddha, when he was away on tour, owing to the request made by 'Anā thapindika', the chief lay disciple, Ananda with the assistance of 'King Pasenadī Kosala', 'Visākha', 'Anāthapindika' and other lay people, planted the seedling taken from 'Maha Bodhi Tree' at 'Buddha

(စာမျက်နှာ ၂၉ သို့)

၁၃၁၅ ခုနှစ်၊ ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(**Y.M.B.A**)အသင်းကြီးမှ ကြီးမှူးကျင်းပသော

ဗုဒ္ဓဘာသာသင်ခန်းစာဖွင့်ပွဲကြီးအတွက် မြို့မ အမျိုးသမီးကျောင်းတွင်

# ဆရာတော် "အရှင်ဇနကာဘိဝံသ" ဟောကြား ဆုံးမညွှန်ကြားပေးတော်မူသော တရားတော်



(ယခင်အပတ်မှအဆက်)

**လူမျိုးဘာသာမခွဲခြား ဘက်မလိုက်တဲ့ တရားနည်းဥပဒေ**

ဘုန်းကြီးက ကောက်ချက်ချတယ်။ ဒီဗိမ္ဗိသာရသောတာပန်မင်းရဲ့ ဥပဒေပြုအမတ်တွေသည် ဘာသာဝါဒအမျိုးမျိုးရှိရမယ်။ ဘာသာဝါဒ အမျိုးမျိုးရှိလို့ ဒီဥပဒေကို ရဲရဲဝံ့ဝံ့လုပ်ပေးတယ်။ ဒီတော့ သောတာပန်ပေမယ့် ငါက သောတာပန်၊ ဗုဒ္ဓဘာသာမှ ငါအမတ်ခန့်မယ်လို့ မရှိဘူး။ **တိုင်းပြည်အုပ်ချုပ်တဲ့သူကတိုင်းပြည်မှာ တော်တယ်လို့ဆိုလို့ရှိယင် ဗုဒ္ဓဘာသာဟုတ်တဲ့သူရော မဟုတ်တဲ့သူရော ပညာဘက်က တော်ရင် ပညာဘက်က ခန့်မယ်၊ စစ်ဘက်က တော်ရင် စစ်ဘက်က ခန့်မယ်၊ ဗုဒ္ဓဘာသာ ဟုတ်တာ မဟုတ်တာ ရွေးမနေဘူး။ အဲဒါကြောင့် သောတာပန်ရှင်ဘုရင်ရဲ့ တိုင်းနိုင်ငံမှာတောင်မှ ဘယ်လိုလူမှု၊ ဗုဒ္ဓဘာသာဝင်မှု၊ ဘာမှုဆိုတာတွေ မပါဘူး။ တိုင်းပြည်စီးပွားရေးက တိုင်းပြည်စီးပွားရေးပါပဲ။**

**မင်းမှာကတိ၊ လူမှာသစ္စာ**

အဲဒီဗိမ္ဗိသာရမင်းလက်ထက်မှာ မဟုတ်လား၊ အားလုံးကြားဖူးကြမယ်၊ **ကာကဝလ္လိယ** ဆိုတာ။ စာက - **တာလဝလိယ** လို့ ရှိတယ်။ **တာလဝလိယ** ဆိုတဲ့ **ကာကဝလ္လိယ** ဇာတ်၊ လူတစ်ယောက်၊ ရာဇဝတ်သားတစ်ယောက်ကို တရားသူကြီးတွေက တံကျင်လျှိုပြီး သတ်ရမယ်ဆိုပြီး တံကျင်လျှိုထားတာ။ သောတာပန်ဘုရင်ရဲ့ တိုင်းပြည်မှာလည်း တံကျင်လျှိုသတ်တဲ့ကိစ္စလည်းရှိတယ်။ အဲဒီ တံကျင်လျှိုထားတဲ့သူက ရှင်ဘုရင်ကြီး မြို့တော်အလှည့်မှာ လှမ်းမြင်လို့ အော်ပြီးတော့ ရှင်ဘုရင်ပွဲတော်များ တစ်ခါလောက်စားလိုက်ရယင် သေပျော်ပါပြီလို့ဆိုလို့- ပေးမယ်လို့ဝန်ခံခဲ့တယ်။ နောက်မေ့သွားတယ်။ ညပွဲတော်ခါနီးမှသတိရလို့ ညကြီးမင်းကြီးလွှတ်ရတာ မဟုတ်လား။

**ဗုဒ္ဓ၏အဆုံးအမဆိုတာ လောကီအလိုကို မတရားတဲ့နည်းနှင့် မဖြည့်ဆည်း**

ဗုဒ္ဓဘာသာကြောင့် ဘာမှမလုပ်ကောင်းဘူး။ နေဦး တစ်ခုပြောမယ်- ဗိမ္ဗိသာရမင်းရဲ့ လက်ထက်မှာဘဲ "ယနေ့ နေ့ကြီးရက်ကြီးဖြစ်ပါတယ် ဆိုပါတော့၊ ကဆုန်လပြည့်နေ့လို သားငါးများကို မသတ်ဖို့ရန် ဘုရင့်အမိန့်တော်"။ နေ့ကြီးရက်ကြီး မသတ်ဖို့ရန် ဘုရင့်အမိန့်တော်ဆိုတော့ နေ့သေးရက်သေးတွေတော့ သတ်နေကြတာဘဲ မဟုတ်ဘူးလား။ တကယ်တော့ဘာသာရေးနဲ့ ဘာမှမဆိုင်ဘူး။ ဒါပေမယ့် ဘာသာရေးနဲ့တိုင်းပြည်အုပ်ချုပ်ရေးကို သင့်တင့်သလိုဘဲ တိုင်းပြည်အုပ်ချုပ်သွားရမှာဘဲ။ မြတ်စွာဘုရားနဲ့ ဗိမ္ဗိသာရမင်းရှိတဲ့နေရာတောင်မှ သင့်တော်သလို အုပ်ချုပ်တဲ့နည်းရှိပါတယ်။ ဒါကိုပြောခြင်းအားဖြင့် ဘုန်းကြီးက ဘာကို အားပေးတယ် ညာကို အားပေးတယ် မဆိုလိုဘူး။

**အများထဲက အမှန်ရတဲ့ ဓမ္မာသောက**

ဗုဒ္ဓဘာသာဟာ တိုင်းပြည်အုပ်ချုပ်ရင် အောက်တန်းကျသွားမလားလို့ ဒီလိုထင်မှာစိုးလို့ အောက်တန်းမကျပါဘူး။ ဘုန်းကြီးတို့ ရာဇဝင်အရ ထင်ရှားရှိပြီးသားဖြစ်တဲ့ 'ဓမ္မာသောက' မင်းကြီး။ စောစောတုန်းက ညီတော်နောင်တော် (၁၀၀) လောက် သတ်လိုက်ရတယ်။ ဗုဒ္ဓဘာသာမဖြစ်သေးဘူး။ နောက်အဲဒီသတ်ဖို့ ကိစ္စတွေဘာတွေ ဖြစ်ပြီးတော့မှ အတော်ကြာတော့ သူရဲ့တူတော်လည်း တော်တယ်။ တူမှန်းလည်းမသိဘူး။ သတ်တုန်းက ထွက်ပြေးလို့၊ သတ်တုန်းက မိဖုရားထွက်ပြေးလို့ တစ်နေရာမှာ ဖွားတယ်။ အဲဒီ တူတော်လေး (၇) နှစ် လောက်ကြာတော့မှ ကိုရင်ဝတ်နှင့် မင်းရင်ပြင်မှာ သွားတာမြင်လို့ အင်မတန်ချစ်တာနဲ့ခေါ်ပြီးတော့ ဣန္ဒြေကလည်းရ၊ ကြည်ညိုစရာလည်းကောင်းလို့ ခေါ်ပြီးတော့မေးရာက တရားရပြီးတော့ ဗုဒ္ဓဘာသာဖြစ်တယ်။

**သာယာအေးငြိမ်းဖြစ်ခဲ့ရသည့်အင်ပါယာနိုင်ငံတော်**

ဗုဒ္ဓဘာသာဖြစ်ပြီးတော့ ဗုဒ္ဓမြတ်စွာရဲ့ လူနဲ့ဆိုင်တဲ့တရားတော်တွေကို ဟိုနားမှာကျောက်တိုင်စိုက်၊ ဘယ်လိုနေရမယ်။ ဒီနားမှာ ကျောက်တိုင်စိုက်၊ တရားတော်တွေချည်းဘဲ။ ကျောက်တိုင်မှာရေးပြီးတော့ အကုန်လုံးကြေငြာတယ်။ အဲဒီလို ဗုဒ္ဓဘာသာဖြစ်ပြီးတော့မှ တိုင်းပြည်အုပ်ချုပ်ရတာ ပိုပြီးတော့တောင်မှ သာယာပါသေးသတဲ့။ ပိုပြီးတော့တောင် အုပ်ချုပ်ဖို့လွယ်ပါသေးသတဲ့။ ဒီမြန်မာပြည်ဘဲဖြစ်ဖြစ်၊ ဒီပြင်ဗုဒ္ဓဘာသာကိုးကွယ်တဲ့ တစ်ခြားနိုင်ငံငယ်ကလေးတွေဘဲဖြစ်ဖြစ်၊ အောက်ကျနောက်ကျ ဖြစ်ရတာဟာ ဘုရားကြောင့်ဖြစ်ရတာမဟုတ်ဘူး။ ဗုဒ္ဓဝါဒကြောင့် မဟုတ်ရပါဘူး။ ဗုဒ္ဓဝါဒကို အခုဘုန်းကြီးပြောသလို အတိအကျမသိတာ မလိုက်နာတာကြောင့်။

**ဖြောင့်ဖြောင့်မှန်မှန်ကျင့်ကြပါလျှင်**

လူတွေက ပြောတယ်။ စီးပွားရေး ဘယ်ကိစ္စ-ဘယ်ကိစ္စတော့ မလုပ်ရဘူးဆိုတယ်။ ဆိုပါတော့ပေါ့။ ဗုဒ္ဓမြတ်စွာဘုရားက **အဒိန္နာဒါန** သူတစ်ပါးကျေကျေနပ်နပ်မပေးတာကို မယူရဘူး ရှောင်ကြဉ်ရမယ်လို့ အမိန့်ရှိတယ်။ ဗုဒ္ဓဘာသာဆိုတဲ့ ဘုရားဒကာ ကျောင်းဒကာတွေ ရှောင်ကြဉ်ရဲ့လား။ အမှန်တော့ ဗုဒ္ဓဘာသာဝင်လို့သာပြောနေတာ။ ကိုယ်ရှောင်ချင်တာကျတော့ရှောင်တယ်။ ကိုယ်မရှောင်ချင်တာကျတော့ မရှောင်ဘူး။ ကိုယ်မလုပ်ချင်ကြတော့ ဘုရားအလိုတော်ကျမလုပ်ဘူး။ ကိုယ်လုပ်ချင်တာတော့ ဘုရားအလိုတော်နဲ့ ဆိုင်ဆိုင်မဆိုင်ဆိုင် လုပ်တာပဲ။ ပြီးတော့ ဘုရားကိုတော့ လွှဲမချနဲ့။

**ဘုရားအလိုတော်ကျ နေတတ်ကြပြီလား**

မြတ်စွာဘုရားက အတိအကျ၊ အခုဘုန်းကြီးပြောပြီးသားပဲ။ ပြန်ပြောပြမယ် အတိအကျပေါ့။ သန့်ရှင်းမှုကိုလည်း အတိအကျဟောတော်မူတယ်။ မြန်မာလူမျိုးများက သန့်ရှင်းကြပါရဲ့လား။ ခုန ဘုန်းကြီးက အပြင်သန့်ရှင်းမှုသာပြောသေးတယ်။ အတွင်းသန့်ရှင်းမှုလည်းပါတယ်။ လက်သည်းလေးများ ရှည်နေလို့ရှိယင် တရားအားထုတ်မယ့်ပုဂ္ဂိုလ် လက်သည်းဖြတ်လိုက်ပါဦး။ ဘာလို့လည်းဆိုယင် တော်ကြာတရားအားထုတ်ရင်း လက်သည်းကလေးရှည်တာ သတိရနေယင် သမာဓိပျက်မှာစိုးလို့။ လက်သည်းကလေးရှည်တာ ဖြတ်လိုက်ပါ။ ခေါင်းများရှည်နေလို့ရှိယင် ခေါင်းတွေဘာတွေယားလို့ သမာဓိပျက်မှာစိုးလို့ ခေါင်းရိတ်လိုက်ပါဦး။

အဝတ်သင်္ကန်းတွေဟောင်းနေလို့ရှိယင် ဖွပ်လျှော်ပြီးတော့ ဝတ်လိုက်ပါဦး။ အားလုံး အတွင်းသန့်ရှင်းပြီးတော့မှ သမာဓိရပါတယ်။ သမာဓိရမှ ဉာဏ်ထက်ပါတယ်လို့။ ဘုရားရှင်ကိုယ်တော်မြတ်က အတွင်းအပြင်သန့်ရှင်းမှုကို အင်မတန်တိုက်တွန်းတော်မူတယ်။ ဘုန်းကြီးတို့မြန်မာနိုင်ငံက မြို့ကြီးသူမြို့ကြီးသားများကတော့ အထိုက်အလျောက် သန့်ရှင်းတယ်ဆိုပါတော့ပေါ့။ ဘုန်းကြီးတို့ တောသူတောသားတွေ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ ဘုန်းကြီးတွေရဲ့ ဒကာဒကာမတွေရော သန့်ရှင်းပါရဲ့လား။ မသန့်ရှင်းတော့ ဘာဖြစ်လဲ။ သမာဓိရဲ့ တန်ဖိုးကိုမသိဘူး။ ဒါကြောင့် **ဘုရားတရားတော်တွေကို အပြည့်အစုံ လိုက်ကြလို့ရှိရင် နေရေးထိုင်ရေးလည်းဘဲ အောက်တန်း မကျပါဘူး။ စိတ်နေ သဘောထားလည်း ဘုရားတရားတော်ကို လိုက်လို့ရှိရင် ရှင်းသွားတယ်။**

ဘုရားတရားတော်က ပျော့တယ်၊ ဟိုဟာမလုပ်ရ ဒီဟာမဟုတ်ရဆိုတော့ စိတ်နေစိတ်ထားတွေက ပျော့ပြီးတော့ နိုင်ငံတိုးတက်မှုက ခက်သွားလိမ့်မယ်လို့ထင်တယ်။ ဘုန်းကြီးကပြောတယ်။ ဘုန်းကြီးကို ကြည့်ပါ ပျော့သလားလို့။ ဘုရားတရားတွေကို အတော်များများလိုက်စားထားတယ်။ ပျော့သလားလို့။ အလုပ် လုပ်ချင်လိုက်တာ ခန္ဓာကိုယ်ဟာလေ . . . ကျန်းမာရေးကို ဂရုမစိုက်ရလို့ရှိယင် . . အလုပ်ကလေးတွေမှာချည်းနေမှာ. . အလုပ်လုပ်ချင်နေတာ။

**ဘာသာသွေးမအေးသူ၏ မှန်မှန်ကန်ကန်စွန့်စားမှု**

ပြီးတော့. . သတ္တိဗျတ္တိ။ သတ္တိဗျတ္တိက စာတော်လာမှုလားမသိဘူးဆိုပြီး ပိုတတ်နေကြတယ်။ မိမိတစ်ယောက်ခန္ဓာကိုယ်ကို စတေးလိုက်လို့ နိုင်ငံနှင့်ဘာသာမြင့်လာမယ်ဆိုယင် စတေးလိုက်ပါ။ ခန္ဓာကိုယ်အရင်းစိုက်ပါ။ ပြီးတော့ ဗုဒ္ဓဘာသာဟာ သတ္တိလည်းရှိတယ်။ လာဘ်လည်းမြင်တယ်။ ဉာဏ်လည်းထက်တယ်။ လုံ့လဝီရိယလည်းထက်တယ်။ ကြည့်လေ. . ဘုန်းကြီးဖြတ်ထိုးပြောမယ်။ မင်းကြီးရန်နောင်ဆိုတာလေ။ ဘုန်းကြီးက ရာဇဝင်တော့ နိုင်တဲ့ ဘုန်းကြီးမဟုတ်ပါဘူး။ ဒါပေမယ့် ဟိုဖတ်ဒီဖတ် နည်းနည်းပါးပါး ဖတ်ဖူးလို့၊ ဒီရန်သူမင်းက တိုင်းပြည်ကို အုပ်ချုပ်တယ်။ သာသနာတော်ထဲမှာ တော်တော်စာတွေတော်တဲ့ ပုဂ္ဂိုလ်တွေရော တစ်ခြားပုဂ္ဂိုလ်တွေရော သတ်ပစ်တယ်။ သတ်တာက စည်းလုံးညီညွတ်သွားလို့ရှိရင် တို့ကိုပြန်ပြီးခုခံနိုင်မယ် လိမ့်မယ်လို့ အယူရှိလို့သတ်တယ်။ သတ်တော့ မင်းကြီးရန်နောင်ဆိုတဲ့ မင်းကြီးက သင့်တင့်အောင် ပေါင်းပြီးတော့ တစ်နေရာမှာ အဲဒီရှင်ဘုရင်ကိုဘဲ ပြန်ပြီးသုတ်သင်လိုက်တယ်။ ဒါကို မင်းကြီးရန်နောင်ကို ငရဲမကြီးဘူးလားတဲ့။ **သာသနာပြုတဲ့ဥစ္စာ ငရဲပါချင်လည်းပါမှာဘဲ။ သို့သော် ကုသိုလ်တစ်ပဲ ငရဲ တစ်ပိဿာဆိုတဲ့မျိုးမဟုတ်ဘူး။** ငရဲတစ်ပဲ **ကုသိုလ်တစ်ပိဿာဘဲဖြစ်ရမှာ။** ငရဲတစ်ပိဿာထဲကတော့ မဖြစ်နိုင်ပါဘူး။ မင်းကြီးရန်နောင် သတ္တိကြောင်လို့ ရှိရင်လေ အဲဒီကတည်းက သာသနာအသက်က ကုန်သလောက်ရှိကောင်းရှိရဲ့။

**ကိုယ်ကျင့်တရားရှိလေ၊ သတ္တိရှိလေ**

မင်းကြီးရန်နောင် သတ္တိမကြောင်လို့မို့၊ ကြောင်လို့ရှိရင်လေ အဲဒီကတဲက သာသနာအသက်က ကုန်သလောက်ရှိကောင်းရှိရဲ့။ မင်းကြီးရန်နောင် သတ္တိမကြောင်လို့မို့ သာသနာဟာ ဟိုးတုန်းက ပြန်တက်လာတယ်။ ဒီတော့ တို့တော်တော်လည်း ကြာသွားပြီလေ။ ပရိသတ်က ဗုဒ္ဓဘာသာကို သဘောကျပြီးသား ကျေနပ်ပြီးသား။ ဒီတော့ ဒီပရိသတ်က ပြန်ပြီးတော့ ခုခုခံခံပေါ့လေ။ ငြင်းမယ်မဟုတ်ဘူး။ မေးလည်း မေးချင်မေးကြပေါ့။ ဘုန်းကြီးကလည်း မေးတာကို ဖြေချင်ပါတယ်။ ဒီတော့ တစ်ဆင့်ပြောကြပါ၊ ဗုဒ္ဓဘာသာဟာ သတ္တိမကြောင်ဘူး။ ဗုဒ္ဓဘာသာစင်စစ်က သတ္တိပိုထက်တယ်။ ဗုဒ္ဓဘာသာဟာ လုံ့လဝီရိယ ဖွဲ့မည့်ဘူး။

**ဆရာတော်အရှင်ဇနကာဘိဝံသ**

**(ဆက်လက်ဖော်ပြပါမည်။)**

---

(စာမျက်နှာ ၂၇ မှ)

Gayā' by 'Mahā Moggallāna Thera', near the door in the courtyard of 'Jetavanarāma'. Later the Buddha entered the 'Attainment of the Fruition' (Phalasamāpatti) the whole night at the foot of this Bodhi Tree, which came to be known as 'Ānanda Bodhi', as if he consecrated it.

ဘုရားရှင်ဟောကြားတော်မူသော တရားတော်ကို နာကြားပြီးနောက် ပရိသတ်ထဲမှ တစ်ယောက်ယောက်သည် တစ်စုံတစ်ခုများ မေ့ကျန်ရစ်လေမည်လားဟု လှည့်လည်ကြည့်ရှုခြင်းမှာလည်း အရှင်အာနန္ဒာ၏ ဆောင်ရွက်နေကျ လုပ်ငန်းများထဲက တစ်ခုဖြစ်ပါ၏။ တစ်နေ့သ၌ 'ဝိသာခါ' ကျောင်းအမကြီးသည် ရတနာတို့ဖြင့် စီခြယ်ထားသော သူမ၏ ဝတ်ရုံ(မဟာလတာတန်ဆာ)ကြီးကို ကျောင်းတော်ထဲ၌ ကျန်နေခဲ့ပါသည်။ အရှင်အာနန္ဒာက သိမ်းဆည်းထားရာကျောင်းအမကြီးက ပြန်ယူရန် ငြင်းဆန်ပြီး ထိုမဟာလတာတန်ဆာကြီးကို ရောင်းပစ်လိုက်ပါသည်။ ထိုတန်ဆာကြီးမှာ ကိုးကုဋေတန်ပြီး လက်ခမှာ တစ်သိန်းကျပါသည်။ ဝယ်နိုင်သူတစ်ယောက်မျှ ရှာမတွေ့ပါ။ ထို့ကြောင့်ပင် ကျောင်းအမကြီးက မိမိဟာ မိမိပြန်ဝယ်လိုက်ပြီး ထိုငွေဖြင့် 'သာဝတ္ထိ' မြို့တော်၏ အရှေ့ဘက်တွင် ကျောင်းတော်တစ်ခု ဆောက်လုပ်ခဲ့ရာ အရှေ့ဘက်တွင်ရှိသောကြောင့် 'ပုဗ္ဗာရာမ' ကျောင်းတော်ဟုအမည်တွင်ပါသည်။

Among Ānanda's duties was the task of going round to look after anything which might have been forgotten by any one in the assembly after hearing the Buddha's preaching. On one day 'Visākha' left her bejewelled clook (Mahālatā pasā dhama) behind in the monastery. As Ānanda had already kept it, she refused to take it back and then she had it sold. It was worth mine crores, the workmanship cast one lakh. No one was found able to buy it. So she herself baught it back and with the proceeds built a monastery on the eastern side of the 'Savatthi' city which was accordingly named 'Pubbarama'.

အရှင်အာနန္ဒာ၏ အများအကျိုးဆောင်လုပ်ငန်းများတွင် တရားဟောကြားခြင်းလည်း ပါဝင်ပါသည်။ တစ်ခါသော် ဗုဒ္ဓရှင်တော်၏ လက်ထက်တော်ကာလ၌ ထင်ရှားသော တိတ္ထိဂိုဏ်းကြီးခြောက်ဂိုဏ်းအနက် အပါအဝင်ဖြစ်သော 'နိဂဏ္ဌ' တိတ္ထိဂိုဏ်း၏ ဆရာကြီး 'နိဂဏ္ဌနာတပုတ္တ' ၏ တပည့် 'အဘယ' သည် 'ပဏ္ဍိတမင်းသား' နှင့်အတူ အရှင်အာနန္ဒာထံသို့ လာရောက်ကြပါသည်။ ပဏ္ဍိတမှာ မြတ်ဗုဒ္ဓ၏ ဥပါသကာတစ်ဦးဖြစ်ပါသည်။

Out of his services for others. delivery of sermon was also included. Once, 'Abhaya', disciple of 'Niganthanataputta' leader of a heretic sect known as 'Nigantha', which was one of six famous sects in the time of the Buddha, together with 'Price Pandita' came to Ānanda. Pandita was a lay disciple of the Buddha.

ထိုသူနှစ်ဦးလုံးမှာ 'လိစ္ဆဝီမင်းသားများ' ဖြစ်ကြပါ၏။ အဘယက အရှင်အာနန္ဒာအား နိဂဏ္ဌတို့၏ အယူနှင့်အကျင့်တို့ကို ပြောကြားပြီး ဗုဒ္ဓ၏ သဘောထားခံယူချက်နှင့် ပတ်သက်၍ မေးမြန်းလာပါသည်။ ထို့ကြောင့်ပင် အရှင်အာနန္ဒာက သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါးကို ခွဲခြမ်းစိတ်ဖြာ၍ ဘုရားရှင် ချမှတ်ထားတော်မူသော သံသရာဝတ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတရားတို့ကို ရှင်းပြတော်မူလိုက်ရပါတော့သည်။

Both of them were 'Licchavī Princes'. Abhaya, telling Ananda about the view and practice of Nigantha, asked him about the Buddha's opinion. So Ānanda just explained the means of liberation from samsara (cycle of rebirths), laid by the Buddha, classifying the three trainings (Sikkhas) morality, concentration and wisdom (Sila, samadhi and paññā).

**(To be continue)**

# တရားစခန်းဝင်တော့မည်ဆိုလျှင်

## ဦးပဏ္ဍိတ (ထွန်းလင်းရိပ်သာ)



ဒီနှစ် တန်ခူးလဆုတ် (၂) ရက်နေ့မှ (၁၂) ရက်နေ့ထိ (ဧပြီလ ၁၁ ရက်မှ ၂၁ ရက်နေ့ထိ) အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားပါသည်။ သပ္ပုရိသ သူတော်ကောင်းတို့လည်း ထိုအားလပ်ရက်ကို ကုသိုလ်ဘာဝနာပွားများကြဖို့ ကြံစည်စိတ်ကူး နေကြပါပြီ။ ထိုရုံးပိတ်ရက် တစ်ဆယ်တစ်ရက်တွင် မိမိတို့ နီးစပ်ရာ၊ ယုံကြည်အားကိုးရာ တရားစခန်းများသို့ သွားရောက်ပြီး ခုနစ်ရက်စခန်း၊ ဆယ်ရက်စခန်းစသဖြင့် စခန်းဝင်ကာ တရားဓမ္မများကို ကျင့်ကြံအားထုတ်ကြပါတော့မည်။ ဤသို့ တရားစခန်းမဝင်မီ ဤဆောင်းပါးကို ကြိုတင်ပြီး ဖတ်ထား စေလိုပါသည်။ များသောအားဖြင့် တရားစခန်းဝင်မည့် သူတော်စင်တို့သည် လက်ရှိရင်ဆိုင်နေရသောဘဝတွင် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းတို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း၊ လျော့ပါးရာလျော့ပါးကြောင်း နည်းလမ်းရှာဖွေကြခြင်းဖြစ်ပေသည်။

လူငယ်လူရွယ်များမှာမူ များသောအားဖြင့် ဤရက်ပိုင်းကလေးတွင် ပျော်ဖို့ရွှင်ဖို့ စီမံကိန်းများ ချနေချိန်၊ သရုပ်ပျက်ဝတ်စားဆင်ယင်မှုများနှင့်အပျော်လွန်ကြမယ့်အချိန်၊ ကိုယ့်ဘဝကိုယ်မေ့နေမယ့်အချိန်၊ ကောင်းသောအမူအကျင့်များကိုပစ်ပယ်ကာ မိမိဆန္ဒကို လိုက်လျောကြမည့်အချိန်ပင်ဖြစ်၏။ ဝမ်းနည်းစရာကောင်းပါ၏။ လမ်းမှားမလိုက်မိအောင် အုပ်ထိန်းသူ၊ လူကြီးမိဘ၊ ဆရာသမားများက သွန်သင်ဆုံးမသင့်ပါသည်။

တရားဓမ္မနှင့် မွေ့လျော်လိုသူ တရားစခန်းဝင်လိုသော ယောဂီများအနေနှင့် တရားစခန်းဝင်တော့မည်ဆိုရင် အိမ်ရှိမိသားစုများနှင့် သံယောဇဉ်ဖြတ်တောက်၊ အိမ်မှုဝေယျာဝစ္စများကို စွန့်လွှတ်ပြီး ကောင်းမြတ်သော ကုသိုလ်စိတ်များကိုသာ ဦးတည်ကာ တရားစခန်းဝင်ကြရတော့မည်ဖြစ်သည်။ တရားစစ်တရားမှန် တွေ့ရေးကြိုးစားအားထုတ်ကြပါဟု တိုက်တွန်းအားပေးလိုက်ရပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ ရေးသုံးပါးကို ကိုယ်တိုင်လက်တွေ့ကျင့်ကြံ အားထုတ်ပြီး ဉာဏ်ဖြင့် မြင်အောင်ရှုရန်လိုပါ၏။ လုံ့လ၊ ဝီရိယ မလျှော့ပါနှင့်၊ မိမိ၏ ပတ်ဝန်းကျင်တွင် မြင်တွေ့နေရ သော အိုခြင်း၊ နာခြင်း၊ သေခြင်း အနိဋ္ဌာရုံတွေကို မြင်တွေ့ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဟု သတ်မှတ်ပြီး ကျေနပ်နေရုံနှင့် မလုံလောက်ပါ။ အို, နာ, သေဖြစ်ရပ်များသည် ဘဝတွင် ဖြစ်ရိုးဖြစ်စဉ်တွေဖြစ်ပါ၏။ ဆန့်ကျင်၍မရပါ။ သို့ဖြစ်၍ ဤလောကီသံသရာဝဋ္ဋဆင်းရဲတွင် လည်စင်းမခံဘဲ၊ မသေခင်ကို လွတ်ရာလွတ်ကြောင်း ရှာကြံအားထုတ်ရမည်ဖြစ်သည်။ မိမိကလည်း အသက်ရှိနေစဉ်၊ ကျန်းမာရေးကောင်းနေစဉ်၊ အခြေအနေနှင့် အချိန်အခါပေးနေစဉ်အတွင်း လုံ့လ၊ ဝီရိယ အားကောင်းကောင်းနှင့် ကျင့်ကြံအားထုတ်ကြမည်ဆိုပါလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသော လက္ခဏာရေးသုံးပါးကို ကိုယ်တိုင်မြင်တွေ့ရပြီး ဒုက္ခ လွတ်ကင်းရာနယ်မြေသို့ ကိုယ်တိုင်မျက်မှောက်ပြု ရှုကြည့်နိုင်ကြမည်ဖြစ်သည်။

ကျင့်ကြံအားထုတ်ရာတွင် သမာဓိအားကောင်းဖို့အတွက်၊ သာမန်လုံ့လဝီရိယ ခရီးသွားဟန်လွှဲ ပုံစံမျိုးနှင့် မလုံလောက်ပေ။ စာရေးသူ ကျင့်ကြံ အားထုတ်ခဲ့ဖူးသော တရားစခန်းတစ်ခု၏ ကျင့်စဉ်အားထုတ်ရမှုကို ဖော်ပြရလျှင် အာရုံငါးပါးနှင့် ထိတွေ့ပြီး ဖြစ်ပေါ်လာသောသိစိတ် တွေကို တရစပ် သိမှတ်နေရပါသည်။ တဖန် သိစိတ်တွေကို မပြန့် လွင့်သွားအောင် ကြိုးစားရပါသည်။ သိစိတ်ကလေး တစ်ခုကို သိသည်မည်ကာမျှ ထိန်းသိမ်းထားရပါသည်။

ဥပမာအသံတစ်ခုကြားလိုက်သည့်အခါ သီချင်းသံဘဲ၊ အဆိုတော်ဘယ်သူ၊ သီချင်းစာသားကလေးက ဘယ်လို၊ နောက်ခံတေးဂီတကဘယ်လို စသဖြင့် လိုက်ပြီးမခံစားရပါ။ သိလျှင်သိကာမတ်တတ်၊ မြင်လျှင်မြင်ကာမတ်တတ်၊ ကြားလျှင်ကြားကာမတ်တတ်(ဒိဋ္ဌေဒိဋ္ဌမတ္တံ) စသဖြင့် ရှုမှတ်နေရပါမည်။ အသိစိတ်ကို ဖြစ်ပေါ်လာသော အသိစိတ်, စေတသိက်ကလေးတစ်ခုတွင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ လူဆိုး၊ လူကောင်းစသဖြင့် ပုံသဏ္ဌာန်အရိပ်နိမိတ်တွေကပ်နေပြီး ခံစားမှုမျိုး ဖြစ်နေတတ်သည်။ ယင်းခံစားမှုဖြစ်နေသရွေ့ ဒုက္ခဆင်းရဲခြင်းဖြစ်နေပါမည်။ လွှတ်ထားရင် လွှတ်ထားသလို၊ အထိန်းအကွပ်မရှိ စိတ်ဆင်ရိုင်း ပမာ ဖြစ်နေတတ်ပါသည်။ ယင်းစိတ်ရိုင်းကို ဝီရိယအား၊ သမာဓိအားကောင်းကောင်းနှင့် ထိန်းသိမ်းထားရပါမည်။ သို့မဟုတ်ပါက အသိစိတ်နောက်တွင် ကပ်ပါလာသော ဖဿခံစားမှုတွေ (ဒုက္ခတွေ) ဖြစ်နေပေမည်။ မှတ်နေသော အသိစိတ်ကလေးသည် သမာဓိအားနှင့် နောက်အသိစိတ်တစ်ခု အလွယ်တကူဝင်ရောက်နှောင့်ယှက်သဖြင့် ပထမအသိစိတ်ကလေးမှာ ပျက်စီးသွားတတ်သည်။ အနိစ္စသဘောပင်ဖြစ်၍ လေ့ကျင့်အားထုတ်မှု၊ ဝီရိယ၊ ဉာဏ်ပညာအမြော်အမြင် သုံးရပ်ပေါင်းစပ်ပြီး သုံးသပ်ဝေဖန်ရှုမြင်နိုင်ပါသည်။

စိတ်စေတသိက်တစ်ခု၏ဖြစ်စဉ်ပျက်စဉ်သည် အလွန်လျင်မြန်လွန်း၍ ခွဲခြမ်းစိတ်ဖြာရန် မလွယ်ပါပေ။ ဝီရိယအင်အား လေ့ကျင့်မှုအင်အား သမာဓိအင်အား ဉာဏ်အမြော်အမြင်အင်အားတွေကို သုံးစွဲပြီး ခွဲခြမ်းစိတ်ဖြာကြည့်ရပါမည်။ စိတ်စေတသိက်များ၏ ဖြစ်ပျက်မှုတွေသည် မျက်စိတစ်မှိတ်ကာလအတွင်း ကုဋေတစ်သိန်းဖြစ်ပျက်နေပါသည်။ ယင်းဖြစ်တည်ပျက် (ဥပါဒ်၊ ဌီ၊ ဘင်) တွေထဲက တစ်ခုလောက်ကို ဆွဲထုတ်ပြီး ဆန်းစစ် ကြည့်ကြစို့၊ ဤသို့မဆန်းစစ်မီ ဖြစ်, တည်, ပျက် တွေသည် မြန်လွန်း၍ တစက္ကန့်အချိန်ကို စက္ကန့် ၆၀ ခန့် ဆန့်ထုတ်လိုက်မည်။ ထို့အတူ တစ်စက္ကန့် အတွင်းဖြစ်စဉ်များ ဖြစ်ပျက်မှုများသည်လည်း အဆ ၆၀ ခန့် နှေးကွေးသွား၍ လေ့လာသုံးသပ်ရှုမြင်ဖို့ လွယ်သွား

(စာမျက်နှာ ၃၄ သို့)



# ဒေဝဓမ္မ

လင်းမြတ်(မြန်မာစာ)

ကျုပ်၏နာမည်ကား ဒကရက္ခိုသည်။ ဒီတော ဒီတောင်၏ လှပမှုက ကျုပ်နှင့် နည်းနည်းမှ မသက်ဆိုင်၊ ကျုပ်စောင့်သော ရေကန်သည်သာ ကျုပ်နှင့်သက်ဆိုင်မှုရှိသည်။ တင့်တင့်ထူးထူး ပွဲ့ပွဲ့ မြူးမြူးရှိသည့် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော "ရေကန်၏ ဆွဲဆောင်မှုက လူ၊ တိရစ္ဆာန်တွေ အားလုံးကို ကျုပ်ဆီရောက်လာစေသည်။

ဒီလိုရောက်လာသည့် လူ၊ တိရစ္ဆာန်တွေကို ကျုပ်စားပိုင်ခွင့်ရှိသည်။ ဒါပေမယ့် လူတွေကို ကျုပ်က အလွတ်စားသောက်ခြင်းမဟုတ်၊ လူတွေကို ဒေဝဓမ္မအကြောင်းမေးမည်၊ ဖြေနိုင်သူကို ကျုပ်စားသောက်ခြင်းမရှိ၊ မဖြေနိုင်သူကိုသာ စားသောက်မည်ဖြစ်သည်။

ဒေဝဓမ္မကို ဒီနေ့အချိန်ထိ ဖြေနိုင်သူဟူ၍ တစ်ယောက်မျှမရှိသေး၊ ဒါကို ကျုပ်စိတ်ပျက်မိသည်။ ဒေဝဓမ္မကို ကျုပ်သိချင်လှပြီ။ ဒီကိစ္စကို ဖြေနိုင်မယ့်သူ ဘယ်နေ့များ ပေါ်လာမည်မသိ။ စောင့်နေရုံသာရှိသည်။

လူတွေ၏ အသွေးအသားကို စားရခြင်းသည် ကျုပ်အဖို့ မြိန်မြိန်ယှက်ယှက်ရှိနေသည်။ ဒီလိုပဲ ဒေဝဓမ္မကို သိချင်လိုသည့်စိတ်ကလည်း ကျုပ်၏ အတွေးဆန္ဒတို့ကို စူးစူးရှရှ ထိုးဖောက် နှိပ်စက်လျက်ရှိသည်။

"ချွတ်. . . ချွတ်. . . ဖြောက်"

ခြေသံတစ်ခု၊ တစ်မဟုတ်ချင်းပဲ ကျုပ်၏ နားဝဆီသို့ ခြေသံတစ်စုံဝင်ရောက်လာသည်။ လှမ်းလျှောက်လာသည့် ခြေသံကလုံပြီးတော့ ညင်သာမှုရှိနေသည်။ ဒါဟာ လူနင်းလာသော ခြေသံဖြစ်နိုင်သည်။

ကျုပ်၏ မှန်းဆချက်က မှန်ကန်သွားသည်။ တောက်ပြောင်သည်ထက် သစ်လွင်မှုရှိသော အဝတ်တန်ဆာကို မြန်းဆင်ထားသည့် လုလင်ငယ် တစ်ယောက်က ကျုပ်ထံ တန်းတန်းမတ်မတ် ဝင်လာသည်။ လုလင်ငယ်က ကျုပ်၏ ကြမ်းတမ်းသည့်အသံကို ကြားတော့ လန့်ဖျတ်သွားပုံရသည်။

"မင်း ဘာလာလုပ်တာလဲ"

"လုလင်ငယ်က ကျုပ်၏ အသံကြောင့် ဆတ်ကနဲ တုန်သွားသည်"

ပြီးမှ. . . . .

"မောင်မင်းကရော ဘယ်သူလဲ" လို့ ပြန်ပြောလာသည်။

လာပင်လာချေသေးသည်။ သူကများ ကျုပ်ကို မောင်မင်းတဲ့၊ ကျုပ်လည်း ဒီလုလင်ငယ်ကို ဟိန်းဟောက်ပစ်လိုက်မိတော့သည်။

"မင်း ငါ့ကို မေးခွန်းထုတ်စရာမလိုဘူး၊ မင်းက ငါမေးတာကိုဖြေစမ်း"

"ငါ့နာမည် သူရိယ"

"ကောင်းပြီ ဒီရေကန်ကို ငါပိုင်တယ်၊ ဒီရေကန်ထဲက ရေကို မင်းအသုံးပြုချင်တယ်ဆိုရင် ငါမေးတာကိုဖြေရလိမ့်မယ် မဖြေနိုင်ရင်တော့. . "

စကားကို မဆက်ပဲရပ်လိုက်ပြီး လုလင်ငယ်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်မိသည်။ ကျုပ်၏ ခက်ထန်ဝင့်ထည်သော အကြည့်ကြောင့် လုလင်ငယ်မှာ နောက်ကို ခြေတစ်လှမ်းနှစ်လှမ်းဆုတ်သွားရသည်။ ကျုပ်လည်း သူ့ကိုဒေဝဓမ္မအကြောင်း မေးလိုက်သည်။

"ဒီမယ် မင်းငါ့ကို ဒေဝဓမ္မအကြောင်း ဖြေစမ်း"

"ဒေဝဓမ္မ. . . . အင်းအင်း"

"ဘာလဲ မင်းမသိဘူးလား"

''ငါသိတယ် ဒေဝဓမ္မဆိုတာ ကောင်းကင်က လနဲ့နေပဲ"

သူ့အဖြေစကားက ကျုပ်စိတ်ကို ဘဝင်တကျ မဖြစ်စေခဲ့၊ ဒါနှင့် သူ့ကို ကျုပ်ဖမ်းချုပ်ထားလိုက်သည်။ သိပ်မကြာ နောက်တစ်ယောက် ရောက်လာသည်။ ရောက်လာသူ၏ နာမည်ကား စန္ဒကုမာရ၊ သူလည်း ဒေဝဓမ္မကို ကောင်းစွာ ဖြေနိုင်ခြင်းမရှိပေ။

ဒီဘဒ္ဒကမ္ဘာမှာ ဒေဝဓမ္မအကြောင်းကို ကောင်းစွာဖြေနိုင်သောသူ မရှိလေသလော။ ကျုပ်စိတ်ပျက်မိသည်။ ဒီလုလင်ငယ်နှစ်ယောက်ကို ကျုပ်ဖမ်းချုပ်ထားလိုက်မိသည်။ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ သူတို့၏ အသွေး၊ အသား၊ အသဲအူတို့ကို စားသောက်ချင်စိတ် လုံးဝမရှိနေခဲ့. . . ။

'ချွတ်. . . ဖြတ်ဖြတ်"

ခြေသံတစ်ခု၊ ဒီခြေသံတစ်စုံ၏ ပိရိသေသပ်မှုက ကျုပ်စိတ်ကို လှုပ်ရှားသွားစေသည်။ ခြေသံရှင်က ကျုပ်နားထိရောက်မလာ၊ အချိန်ကား အတန်သင့်ကြာသွားပြီ။

ခြေသံရှင်ကတော့ ခုထိကျုပ်နားကို ရောက်မလာသေး၊ ဒါဟာ ကျုပ်ကို စိတ်ရှည်မှုတွေကို လျော့ပါးသွားအောင် လုပ်နေသလိုဖြစ်နေရသည်။

နောက်ဆုံး၌ ကျုပ်သာ ထိုခြေသံရှင်ထံ ရောက်သွားရတော့သည်။ သူ၏ မျက်ဝန်းတွေက တောက်ပစွာရှိနေသည်။ တည်ကြည်ခန့်မတ်သော သူ့မျက်နှာက ရဲဝန့်မှုကို ထင်ဟပ်နေစေသည်။ ရေကန်မှရေကို သူသုံးစေရန် ကျုပ်လှည့်စား ဆွဲဆောင်လိုက်သည်။

"အို. . အဆွေ ကြည်လင်အေးမြစွာရှိသော ကန်၌ ကြာမျိုးငါးပါးနဲ့ ပြည့်စုံစွာရှိသော ရေကို ဘာကြောင့်မသုံးရတာလဲ"

"ဒီရေကန်သို့ သက်သောခြေရာသာ ငါတွေ့နေရပြီ၊ ပြန်တက်လာသော ခြေရာမတွေ့ရသဖြင့် ဒီရေကို ငါမသုံးခြင်းဖြစ်တယ်"

သူ၏ အသံက ဩဇာပြည့်ပြီး ကြည်လင်ပြတ်သားမှုရှိနေသည်။ သူ့ကို လှည့်စားနေတာထက် ဒေဝဓမ္မအကြောင်းကို မေးလိုက်တာက ပို၍ ကောင်းမည်ဟု ကျုပ်တွေးမိလိုက်သည်။

''အဆွေ. . ကျုပ်ကို ဘယ်သူဟု ထင်သလဲ"

"အသင့်ကိုကြည့်ရတာ ကြမ်းတမ်းခက်ထန်တဲ့ အသွင်ရှိတယ်၊ သင့်ရဲ့ ကြန်အင်လက္ခဏာအားလုံးကို ခြုံကြည့်လိုက်ရင် ဒီရေကန်ကို စောင့်သော ဘီလူးဖြစ်နိုင်တယ်"

''မှန်တယ် အဆွေ. . . ကျုပ်က ဒီရေကန်ကို စောင့်သော ဒကရက္ခိုက်ပင်ဖြစ်တယ်

အဆွေ့ကို ဒေဝဓမ္မအကြောင်းမေးချင်တယ်၊ အဆွေဖြေနိုင်ပါ့မလား"

"ဒါကို ငါဖြေနိုင်တယ် ဘီလူး၊ ဒါပေမယ့် ငါ့ရဲ့ ညီတော်တွေကို သတ်စားလိုက်ပြီလော"

"မသတ်စားရသေးပါဘူးအဆွေ၊ ကျုပ် သူတို့ကို ဖမ်းချုပ်ထားရုံပါ"

"ကောင်းပြီ ငါဒေဝဓမ္မကိုဖြေမယ်၊ ဒီ့အတွက် ငါ့ရဲ့ ညီတော်နှစ်ပါးကို အသင်လွှတ်ပေးရလိမ့်မယ်"

"ဒါဆိုလည်း ဖြစ်ပါတယ်"

သူနှင့်ကျုပ် အပေးအယူလုပ်ပြီးနောက် နေရာထိုင်ခင်း စီစဉ်ပေးကာ အစားအသောက်တို့ကို ကျွေးမွေးလိုက်သည်။ ပြီးမှ ဒေဝဓမ္မကို ဖြေဖို့လောဆော်လိုက်ရသည်။

"ကဲ အဆွေ. . ကျုပ်ကို ဒေဝဓမ္မအကြောင်းဖြေပါလော့"

"ကောင်းပြီ ငါဖြေမယ် ဘီလူး"

"ဟိရိဩတ္တပ္ပ သမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ၊

သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။"

လောက၌ ရှက်ခြင်း၊ ကြောက်ခြင်း ပြည့်စုံခြင်း၊ ဖြူစင်သော တရားနှင့် ပြည့်စုံခြင်းတို့နှင့် အေးငြိမ်းစွာရှိသော သူတော်ကောင်းတို့သည် ဒေဝဓမ္မပင်ဟု ဆိုအပ်လေသည်"

သူ၏ အဖြေစကား ကျုပ်နှလုံးသားကို စွဲထင်စွာ ကျန်စေသည်။

သူ့ထံမှ ထပ်မံဝင်ရောက်လာသော လေးလေးမှန်မှန်ရှိသောစကားအသွားတွေက ကျုပ်ကို တစ်စတစ်စဆွဲဆောင် သိမ်းသွင်းသွားစေသည်။

"ဟိရိဩတ္တပ္ပဟူသည်. . . . . . မကောင်းမှုပြုလုပ်ရမှာကို ရှက်ခြင်း၊ ကြောက်ခြင်းရှိပြီး သီလမြဲစွာရှိသူသည်လည်း ဒေဝဓမ္မမည်တယ်"

သူ့ရှင်းလင်းချက်တွေက ကျုပ်၏ နှလုံးအိမ်မှာ ကိန်းဝပ်သွားခဲ့သည်။ နောက်ပြီး "ဟိရိဩတ္တပ္ပ" ကို ကျုပ်အနေနှင့် ထပ်မံအတွေးများရမိသည်။ 'မကောင်းမှုလုပ်ရမှာကို ရှက်သည်။ ကြောက်သည်' လို့ သူက ဆိုလာသည်။

ကျုပ်သက်တမ်းတစ်လျှောက် ကောင်းမှုပြုလုပ်တာဟူ၍ လုံးဝမရှိခဲ့ပါ။ သူတစ်ပါး အသတ်သတ်ခြင်းဟူသော မကောင်းမှုသာရှိခဲ့သည်။ ဒါကြောင့် ဒီနေ့မှစ၍ သူတစ်ပါးအသတ်သတ်သော မကောင်းမှုကို ကျုပ်စိတ်ထဲမှာကြောက်လာရသည်၊ ရှက်လာရသည်။

သူ၏ နောက်ဆက်တွဲ ဆုံးမစကားတွေက ခက်ထန်သော ကျွန်ုပ်၏ နှလုံးသားကို နူးညံ့လာစေပြီး အသိအမြင်တွေ ရလာစေသည်။ ဒါကြောင့် ကျုပ် ဒကရက္ခိုသ်အနေဖြင့် ဒေဝဓမ္မကို ရင်ထဲမှာထည့်ထားပြီး သူစေခိုင်းလာသမျှ လုပ်ဆောင်ပေးမည်ဟု ဆုံးဖြတ်ချက် ချလိုက်မိတော့သည်။

**လင်းမြတ် (မြန်မာစာ)**

**ကျမ်းကိုး။ ။ အာဂုံဆောင်ငယ်ဇာတ်**

**အရှင်စန္ဒဇောတိ**

**(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)**

# ပထမအကြိမ် ထေရဝါဒဗုဒ္ဓဓမ္မစာပေဆုနှင်းပွဲနှင့် မျက်ကြည်လွှာ အလှူရှင်များစာရင်း လက်ခံပွဲ



ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)မှ ဆုချီးမြှင့်စဉ်

ပထမအကြိမ်ထေရဝါဒ ဗုဒ္ဓဓမ္မစာပေဆုနှင်းပွဲနှင့် မျက်ကြည်လွှာ အလှူရှင်များ စာရင်းပေးသွင်းခြင်းကိစ္စကို အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း (IDF) အဖွဲ့မှ ၂၉. ၃. ၀၉ ခုနှစ်တွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ကြားတောရလမ်းရှိ သိမ်ကြီးဈေး ဓမ္မာရုံတွင် မွန်းလွဲ (၁)နာရီမှ စတင်ကျင်းပပါသည်။

အခမ်းအနားသို့ အငြိမ်းစား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)၊ ဆရာကြီးဦးကိုကိုမြိုင်(စာရေးဆရာ-တက္ကသိုလ် သျှင်သီရိ)၊ စာပေဆုရရှိသူများ၊ ဘာသာရေးအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ ဖျော်ဖြေရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီးမျိုးညွန့် (ငြိမ်း) က မြတ်စွာဘုရား၏ သာသနာတော်သည် မူလကပင် သန့်ရှင်းစင်ကြယ်ပြီးဖြစ်သော်လည်း လိုက်နာကျင့်သုံးသော ရဟန်းရှင်လူအချို့၏ ဂိုဏ်းဂဏဆန်သောအယူဝါဒ တီထွင်ကြံဆမှုများနှင့် ပိဋကတ်တော်များအား ထိပါးပုတ်ခတ်မှုများကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရှိနေရကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်းအနေဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ **"ဆရာဒကာ ဆက်ဆံရေးသင်တန်း"**အမည်ဖြင့် မိမိဦးဆောင်ပြီး မင်္ဂလာဗျူဟာအသင်းချုပ်၊ ဓမ္မဝီရဂျာနယ်တိုက်တို့နှင့်ပူးပေါင်းကာ နိုင်ငံတော် ပရိယတ္တိသာသနာ့ **တက္ကသိုလ် (ရန်ကုန်)ဒုတိယပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တကုမာရ၏ ဟောကြားချက်များဖြင့်(MRTV-4)မှရိုက်ကူး ထုတ်လွှင့်ခဲ့ကြောင်း၊ အခါအားလျော်စွာ ထပ်မံထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိကြောင်း၊** သာသနာတော်အတွက် ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် IDFမှ ထေရဝါဒဗုဒ္ဓဓမ္မစာမူပြိုင်ပွဲကြီးကို ဆောင်ရွက်ပေးသည့်အတွက် အလွန်ဝမ်းမြောက်ကြောင်း၊ နောင်နှစ်များတွင် ပိုမိုအောင်မြင်စေရန် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆရာကြီးတက္ကသိုလ်သျှင်သီရိက စာမူယှဉ်ပြိုင်သူအားလုံး၏ သဒ္ဓါနှင့်ဝီရိယကို လေးစားတန်ဖိုးထားပါကြောင်း၊ ဆုရရှိသူများအတွက် ဝမ်းမြောက်သကဲ့သို့ ဆုမရသူများကလည်း အားမငယ်ဘဲ ဆက်လက်ကြိုးစားကြစေလိုကြောင်း စသဖြင့် ပြောကြားသွားပါသည်။

IDF အကျိုးတော်ဆောင်ချုပ် ဆရာဓမ္မစက္ကဦးမောင်မောင်က ထေရဝါဒဓမ္မစာပေ ဖိတ်ခေါ်ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိထိုက်ဖွယ်ရာများကို ရှင်းလင်းပြောကြားသွားသည်။ ထို့ပြင် IDF website; www.dhammacakka-idf.org တွင်လည်း ဓမ္မလုပ်ငန်းအချို့ကို ထုတ်လွှင့်ထားကြောင်း ပြောကြားသွားပြီး ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် မျက်ကြည်လွှာအလှူရှင်ပေါင်း ၂၆၁-ဦး၏ အလှူရှင် စာရင်းသွင်းခြင်းကိစ္စကို ဆောင်ရွက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

**ဓမ္မဝီရ**

# ဝံနှုန်း

## အလင်း (မကွေး)

မြတ်ဗုဒ္ဓ၏ ကြီးကျယ်မြင့်မြတ်လှသော ဂုဏ်တော်ပေါင်းများစွာတို့သည် ကြည်ညိုသဒ္ဓါပွားများရုံ သက်သက်မဟုတ်ပေ။ လူသားတိုင်းအတွက် လောကီလောကုတ္တရာအကျိုးနှစ်ဖြာကို ဝေဖန်ဆန်းစစ်တွေးခေါ်နိုင်စေခြင်း၊ အသိပညာ (ဉာဏ်) များ ရှင်းလင်းတိကျစေခြင်း၊ (သမ္မာဒိဋ္ဌိ) ဟူသော အမြင်မှန်ရရှိရေးအကျိုးငှာ ဆင်ခြင်စဉ်းစားတွေးခေါ်နိုင်လျှင် တွေးခေါ်နိုင်သလောက် ကောင်းကျိုးချမ်းသာများ တွေ့ရှိခံစားနိုင်စေ၍ တန်ဖိုးအနန္တကြီးမားလှပေသည်။

မြတ်ဗုဒ္ဓ၏ မြောက်မြားစွာသော ဂုဏ်တော်အပေါင်းမှ လောကဝိဒူဂုဏ်တော်တွင် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကဟူ၍ သုံးမျိုးရှိကြောင်းကို တွေ့ရပါသည်။

သတ္တလောကဟုဆိုရာတွင် လူ နတ် ဗြဟ္မာနှင့် တိရစ္ဆာန် စသည့် သုံးဆယ့်တစ်ဘုံအားလုံးတို့သည် ထိုသတ္တလောကထဲတွင် အကျုံးဝင်နေပါသည်။ ထို့ကြောင့် ယခုသက်ရှိထင်ရှားရှိနေသော ဘဝဖြစ်သည့် (လူ)၏ အကြောင်းကို တင်ပြလိုပါသည်။

ဗုဒ္ဓစာပေတွင် (မနုဿ) ကို (လူ) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အသိဉာဏ်ရှိပြီး ထိုအသိဉာဏ်ကို အသုံးချတတ်သော သတ္တဝါကို (လူ) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပြန်ပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးကို ကြောင်းကျိုးညီညွတ်စွာ ဝေဖန်ဆန်းစစ်နိုင်ခြင်း၊ (အတ္တ) ကိုယ့်အကျိုး၊ (ပရ) သူ့အကျိုးတို့ကို ချိန်ခွင်လျှာညီမျှတစွာ ဆောင်ရွက်တတ်ခြင်း၊ ဆင်ခြင်တုံတရားနှင့် ကိုယ်ချင်းစာတရားများကို အချိုးညီစွာ မြော်မြင်တွေးခေါ်နိုင်ခြင်း စသော ဂုဏ်ဒြပ်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြီး အသိ ဉာဏ်ရှိသောကြောင့် ယင်းသတ္တဝါကို (မနုဿ) လူ ဟူ၍ ခေါ်တွင်သမုတ်ထားပြန်ပါသည်။

အသိဉာဏ်ရှိသော (လူ) ဖြစ်လာပြီဟု ဆိုကတည်းက မိမိဘဝနှင့် ပတ်ဝန်းကျင်အတွက် အကြောင်းတရားနှစ်ရပ်အား မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁) မိမိအတွက် ဆောင်ရွက်ရန် (ဝါ) မိမိ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်

အများ အတွက် အကျိုးပြုပေးဆပ်ရန် ဟူ၍ ဖြစ်ပါသည်။

ဎင်းတို့ကို အတတ်နိုင်ဆုံး လိုက်လျော




ညီထွေဖြစ်အောင် ဆောင်ရွက်နိုင်မှသာလျှင် အသိဉာဏ်ရှိပြီး အဓိပ္ပာယ်ပြည့်ဝသော လူ၊ လူသားဆန်သော လူစာရင်းဝင်မည်ဖြစ်ပါသည်။

ပထမဦးစွာ ဆောင်ရွက်ရန်ဟူသည် မိမိ၌ မရှိသေးသော သီလ၊ သမာဓိ၊ ပညာတို့ကို ပြည့်မီသည်ထက် ပြည့်မီအောင် ကြိုးပမ်းလုံ့လစိုက်၍ ကျင့်ကြံပွားများ အားထုတ်ရမည်ဖြစ်ပါသည်။ ထိုသို့ ပွားများခြင်းဖြင့် ရရှိလာသော အတွေ့အကြုံသိများ၊ အသိပညာများကို တတ်အားသမျှ ပြန်လည်ဖြန့်ဖြူးရန် အချိန်နှင့်အမျှ ကြိုးစားအားထုတ်လုပ်ကိုင်ရမည်မှာ လူသားတိုင်း၏ မရှိမဖြစ်လိုအပ်သော တာဝန်ဖြစ်သည်။ ကိုယ်ကျင့်သီလနှင့် တကွ စိတ်၏ သန့်ရှင်းအေးချမ်းခြင်း၊ တည်ငြိမ်ခြင်းရရှိအောင် ကြိုးစားအားထုတ်ရပေမည်။ ထို့အတူ တည်ငြိမ်အေးချမ်းသော အနှောင်အဖွဲ့ ကင်းလွတ်သော အဆင့်တွင်ရှိသည့် သမာဓိဉာဏ် မျက်စိဖြင့် သင်္ခါရတရားကို ထိုးထွင်းသိမြင်သိရှိ နိုင်အောင် ကြိုးပမ်းနေရမည်ဖြစ်သည်။

လောကဓာတ်တစ်ခွင်လုံးကို ခြုံငုံ၍ အကျဉ်းချုံးလျှင် ရေ၊ မြေ၊ တော၊ တောင်၊ နေ၊ လ၊ နက္ခတ်၊ တာရာ စသည့် သက်မဲ့ (ရုပ်သဘာဝ) နှင့် သိတတ်သောစိတ် သက်ရှိ (နာမ် သဘာဝ) နှစ်မျိုးကို တွေ့ရှိရမည်ဖြစ်သည်။

ရုပ်သဘာဝနှင့် နာမ်သဘာဝတို့၏ ဖွဲ့တည်မှု၊ ဖြစ်ပျက်ပြောင်းလဲမှု စသဖြင့် ကြောင်းကျိုးဆက်နွယ်ဖြစ်ပေါ်နေသော သဘာဝဓမ္မ၏ ဖြစ်စဉ်ကို ထိုးထွင်းသိမြင်သည့် (သတိသမ္ပဇဉ်ဉာဏ်) ပညာဖြင့် အမြင့်မြတ်ဆုံးအဆင့်သို့ ကြိုးစားကျင့်ကြံနေထိုင်နိုင်သော ပုဂ္ဂိုလ်ဖြစ်မှသာ ရခဲသောဒုလ္လဘတရားနှင့် ပြည့်စုံမည်ဖြစ်ပါသည်။ သို့မှသာ (မနု သတ္တ ဘာဝေါ ဒုလ္လဘော) ဟူသော ဘုရားဟောနှင့် ကိုက်ညီပေမည်။ တန်ဖိုးမြင့်မြတ်သည့်ဘဝ ဖြစ်ပေမည်။

သို့ရာတွင် (မနုဿတ္တ ဘာဝေါ ဒုလ္လဘော) ဟူသည့် လူ့ဘဝရခဲလှသည့်အကြောင်းကို မြတ်ဗုဒ္ဓက ဉပမာဖြင့် လူ့ပြည်မှ အပ်တစ်စင်းထောင်လျက် ဗြဟ္မာပြည်မှ အပ်တစ်စင်းစိုက်ချလိုက်လျှင် ထိုအပ်များ အချင်းချင်း ထိပ်တိုက်တွေ့နိုင်ရန် အလွန်ခက်ခဲလေသည်။ ထိုသို့ခက်ခဲသော အပ်ဖျားချင်းထိရန် လွယ်ကူကောင်းလွယ်ကူနိုင်သော်လည်း ယခုရှိနေသော လူ့ဘဝသည် ထိုထက် ရရှိရန် ခက်ခဲသည့်အကြောင်းကို ဟောကြားဆုံးမသကဲ့သို့ အခြားခြားသော သာဓကများဖြင့်လည်း အကြောင်းအားလျော်စွာ ဟောကြားဆုံးမတော်မူပါသည်။ ဤသို့ဆိုလျှင် လူ့ဘဝသည် တန်ဖိုးအားဖြင့် ကြီးမားလှပါသည်။

ထိုသို့ ဟောကြားတော်မူချက်အပေါ်တွင် တည်မှီ၍ မိမိတို့ဘဝကို မိမိတို့ဘာသာ တန်ဖိုးအနန္တကြီးမားလှသည်ဟူ၍ အလျင်စလို မဆုံးဖြတ်သင့်ပေ။ အဘယ်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓဟောကြားတော်မူသော အဆုံးအမ၌ ပါဝင်ခြင်း ရှိ/မရှိ ဝေဖန်ဆန်းစစ်သင့်ပါသည်။ သို့ဖြစ်၍ လူဆိုသောသတ္တဝါသည် မိမိနှင့်လောကအပေါ် ကြောင်းကျိုးညီညွတ်မျှတစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အစဉ်ကြိုးပမ်းနေသင့်ပေသည်။

ထိုကဲ့သို့ မဟုတ်ပါဘဲလျက် အိပ်၊ စား၊ ကာမ ထိုသုံးဝသာရှိသော တိရစ္ဆာန်ကဲ့သို့ အချိန်နှင့်အမျှ ပြုမူနေထိုင်မည်ဆိုလျှင် (မနုဿတ္တ) စာရင်းတွင် ပါဝင်နိုင်မည်မဟုတ်ပေ။ လူရုပ် လူသဏ္ဍာန်ရှိသော်လည်း အပါယ်ဘုံသား တိရစ္ဆာန်စရိုက်နှင့် မခြားနားတော့ပြီ။

လူဟူသည် မိမိ (အတ္တ) အကျိုးကို ဆောင်ရွက်ရမည်ဖြစ်ရာ အများ (ပရ) အကျိုးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။ (အတ္တ) မိမိအကျိုးအတွက်သာ ဆောင်ရွက်လုပ်ကိုင် ပြီး (ပရ) အများအကျိုးအတွက် မဆောင်ရွက် မပြုလုပ်နိုင်လျှင်သော်လည်းကောင်း၊ ထို့အတူ (ပရ) အများအကျိုးအတွက်သာ ဆောင်ရွက်လုပ်ကိုင်ပြီး (အတ္တ) မိမိအကျိုးအတွက် မဆောင်ရွက် မပြုလုပ်လျှင် (လူ)၏ ဂုဏ်နှင့် လိုက်လျောညီထွေမှုရှိမည် မဟုတ်ပေ။

ဗုဒ္ဓကိုယ်တော်တိုင်ပင်လျှင် မိမိအကျိုးနှင့် လောကအကျိုး နှစ်မျိုးစုံစွာ လုပ်ကိုင်ဆောင်ရွက်တော်မူခဲ့ပါသည်။ သို့ရာတွင် မိမိအတ္တအကျိုးကို ဆောင်ရွက်ခြင်းထက် (ပရ) အများ အကျိုး ဆောင်ရွက်ခြင်းသည် လွယ်ကူ သောအလုပ်မဟုတ်ပေ။ မပြည့်သောခွက်များကို ပြည့်အောင် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ကူညီရိုင်းပင်းမှုတွင် စွန့်လွှတ်မှုနှင့် အနစ်နာခံမှုတို့သည် အပြောလွယ်သလောက် အခက်အခဲများစွာ ရှိနေမည်ဖြစ်ပါသည်။ မပြည့်သောခွက်ကို ဖြည့်ဆည်းသောလက်

အသွင်ဖြင့် ပြုလုပ်နိုင်ခြင်းသည် မိမိဖြည့်ဆည်းနိုင်သော အကြောင်းအကျိုးပြည့်စုံညီညွတ်မှုသာလျှင် အဆင်ပြေချောမောမည်ဖြစ်ပါသည်။

သို့သော်လည်း မိမိ၏ခွန်အားဖြင့် မပြုလုပ်နိုင်သောအလုပ်ကို လုပ်ခြင်းထက် ပြုလုပ်ပေးနိုင်သောအလုပ်ကို စ၍ပြုလုပ်ပေးနိုင်ခြင်းသည်သာလျှင် (အတ္တ) နှင့် (ပရ) နှစ်ဘက်အကျိုးကို ရရှိမည်ဖြစ်ပါသည်။ အကယ်၍ မိမိမစွမ်းနိုင်သော ပြုလုပ်ခြင်းမျိုးကို လုပ်ဆောင်မည်ဆိုလျှင် အချိန်ကုန်လူပန်းဖြစ်ပြီး မိမိအကျိုးများကိုပါ လက်လွတ်ဆုံးရှုံးသွားတတ်ပါသည်။ သို့ပါ၍ မလုပ်နိုင်သောအလုပ်ကို လုပ်မပေးရကောင်းလားဟု ကြောင့်ကြမှုတို့ဖြင့် တွေဝေနေမည့်အစား လုပ်ပေးနိုင်သောအလုပ်မှ စတင်၍ လုပ်ပေးလိုက်ခြင်းသည်သာ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် သူရောကိုယ်ပါအကျိုးများမည်ဖြစ်ပါသည်။

**တစတစ စွန့်ဝံ့မှလျှင်**

**ဘဝနောက်နှောင်း**

**ဆက်တိုင်းကောင်း၏** ဟူသော ဆုံးမစကားသည် ညွှန်းဆိုသက်ရောက်မှုအားကောင်း သဖြင့် တစ်နေ့ထက်တစ်နေ့ ဆက်ကာဆက်ကာ ကြိုးစားအားထုတ်သွားရမည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ မနုဿတ္တ ဘာဝေါ ဒုလ္လဘော နှင့် ပတ်သက်၍ လူ-နတ်-ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို ခံယူနိုင်သည့် မြင့်မြတ်သော လူသားဦးဆောင် မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ် အချို့တို့ကို လေ့လာဆည်းပူး စဉ်းစားချင့်ချိန်ကြည့်သင့်ပါသည်။

မြတ်ဗုဒ္ဓသည် မိမိ၏အကျိုးသက်သက်အတွက်ဆိုလျှင် သုမေဓာရှင်ရသေ့ဘဝမှာပင် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပြီး သံသရာဝဋ်ဆင်းရဲအပေါင်းတို့မှ အပြီးအပိုင်လွတ်မြောက်နိုင်မည် ဖြစ်ပါသည်။

ယောကျ်ားကောင်းတို့ မည်သည် တစ်ဦးတစ်ယောက်တည်း၏ လွတ်မြောက်မှုဖြင့် ကိုယ်လွတ်ရုန်းလေ့မရှိ။ အားလုံးသော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို မိမိလွတ်မြောက်နိုင်သလို လွတ်မြောက်နိုင်ရမည်ဟူ၍ အနစ်နာခံပေးဆပ်ခြင်းဖြင့် (ဘုရား) ဆုကို ပန်ခဲ့ပါသည်။ စင်စစ် သုမေဓာရှင်ရသေ့ဘဝတွင် ရရှိမည့်နိဗ္ဗာန်နှင့် သဗ္ဗညုတဉာဏ်ရှင်ဘုရားဖြစ်မှ ရရှိမည့် နိဗ္ဗာန်သည် ထူးခြားခြင်းမရှိပါ။ ဓမ္မသည် (ဇကောဓမ္မော) တစ်ခုတည်းသာဖြစ်၏။ သို့သော်လည်း (ပရ) အကျိုးအတွက် ဆောင်ရွက်ရာတွင် အနစ်နာခံလိုစိတ်၊ ပေးဆပ်လိုစိတ်၊ ကူညီရိုင်းပင်လိုစိတ်တို့၏ ကိန်းအောင်းရာ မဟာကရုဏာတော်ကြောင့်သာ နိဗ္ဗာန်၏ လွတ်မြောက်မှု အကျိုးထူးကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် နောက်ဆုတ်ပေးလိုက်ခြင်းဖြစ်ပါသည်။ သို့အတွက် လည်း လောကအရာတွင် သဗ္ဗညုတဉာဏ်ရှင်ဖြစ်၍ ထူးပါသည်။

ထိုနည်းတူစွာ မြတ်ဗုဒ္ဓ၏ တပည့်သာဝကများသည် စွမ်းနိုင်သမျှ မိမိတို့အရာနှင့်သက်ဆိုင်သလို ဖြည့်ဆည်း၍ မိမိအကျိုး အများအကျိုးများကို အသီးသီးကြိုးစားဆောင်ရွက်တော်မူကြလေသည်။

ထိုမြတ်ဗုဒ္ဓနှင့် အရိယာတို့၏ ထုံဟောင်းကို ဆင်ခြင်နှလုံးသွင်းမိတိုင်း ရင်တွင်းပြုလျက် ဝမ်းဆီထိပမာပီတိဖြာမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုသို့ အသိအမြင်နှင့် ထပ်တူညီစွာ လက်တွေ့ဆန်သော ပြုလုပ် ကျင့်ဆောင်မှုများဖြင့် (မနုဿတ္တ ဘာဝေါ ဒုလ္လဘော) ရခဲလှသော လူ့ဘဝအဓိပ္ပာယ်တွင် တင်းပြည့်ကျပ်ပြည့် သက်ရောက်နိုင်ကြရမည်သာ ဖြစ်ပါသည်။

သို့မှသာ အပြောနှင့်အလုပ်၊ အသိနှင့်အကျင့်၊ ဝိဇ္ဇာနှင့် စရဏ စသဖြင့် မိမိအကျိုး လောကအကျိုးတို့သည် အချိန်နှင့်တန်ဖိုးထပ်တူညီစွာ တည်ရှိနိုင်မည်ဖြစ်ပါသည်။

တန်ဖိုးဟူသည် "စံ" ထားနိုင်မှုအပေါ်မူတည်ပါသည်။ စံနှုန်းမပြည့်သောအလုပ်၊ စံနှုန်းမမီသောပစ္စည်းတို့ကို အဘယ်မျှ တန်ဖိုးထိုက်တန်ကြောင်း တွက်ချက်ကြည့်ရန် ကိန်းဂဏန်းများ လောကတွင် မရှိနိုင်ပေ။

ထို့ကြောင့် စံနှုန်းပြည့်၍ တန်ဖိုးရှိသော လူသားတစ်ဦးဖြစ်ရန် မနုဿတ္တ ဒုလ္လဘကို အလေးအနက်ထား၍ သက်ရှိထင်ရှားရှိနေသောလူ့ဘဝတွင် လက်တွေ့လုပ်ဆောင်အားထုတ်ကျင့်သုံးနိုင်ကြစေရန် မေတ္တာရှေ့ထားလျက် တိုက်တွန်းရေးသားလိုက်ရပါသတည်း။

**အလင်း (မကွေး)**

●

(စာမျက်နှာ ၃၀ မှ)

တော့မည်ဖြစ်၍ ဥပမာ လှုပ်ရှားမှုတစ်ခုဖြစ်နေသော ဘောလုံးပွဲတစ်ပွဲ၏ အဓိကကျသော မြင်ကွင်းတစ်ခုမှာ ရှုတ်ယှက်ခတ်ပြီး ဘောလုံးကိုလုယက်ပြီး ဂိုးသွင်းလိုက်သော ဖြစ်ရပ်တစ်ခုတွင် မြင်ကွင်းက အလွန် လျင်မြန်၍ ပြတ်ပြတ်သားသားမမြင်လိုက်ရပေ။ သို့သော်အနှေးလှုပ်ရှားမှု (slow motion)နှင့် ပြန်ပြသည့်အခါ သဲသဲကွဲကွဲမြင်ရသလို စိတ်စေတသိက် တစ်ခု၏ (ဥပါဒ်၊ ဌီ၊ ဘင်) ဖြစ်တည်ပျက်ကိုလည်း ထိုနည်းအတိုင်း (slow motion) အနှေးလှုပ်ရှားမှု ဥပမာယူပြီး သုံးသပ်ကြည့်ရပေမည်။

ဥပါဒ်တစ်ခုကို အာရုံ ပြုနေစဉ် အခြားဥပါဒ်တစ်ခု မဝင်ရောက်မီ တည်နေသော ကာလကလေးတစ်ခုရှိ၏။ တစ်စက္ကန့်၏ ၁၀၀ ပုံ ၁ ပုံလား၊ ၆၀ ပုံ ၁ ပုံလား၊ တစ်စက္ကန့်လား၊ တစ်မိနစ်လား၊ နောက်ထပ်အာရုံပြုမှုမဖြစ်ပေါ်မီ စိတ်စေတသိက်ကလေးသည် တည်နေလိမ့်မည်။ ထိုတည်နေသော စေတသိက်ကလေးမှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ, မပါရပါ။ နောက်ထပ် အာရုံပြုမှု တစ်ခု (သို့မဟုတ်) အနောက်အယှက်တစ်ခုခုမဖြစ်ခင်ကာလကလေး (Critical point) မှာ အနိစ္စမဖြစ်ပါ၊ ဒုက္ခမဖြစ်ပါ၊ အနတ္တမဖြစ်ပါ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကင်းလွတ်ရာ နယ်မြေကလေးဖြစ်နေ၏။ တော်ရုံတန်ရုံဝီရိယအား သမာဓိအားနှင့် ထိုအခြေ အနေကို မြင်သိဖို့ မလွယ်ပါ၊ ကြိုးစားရပေမည်။ ဤကာလလေးတွင် လောဘ၊ ဒေါသ၊ မောဟတွေကင်းပြီး ကိလေသာတဏှာပါ ချုပ်ငြိမ်းနေသည့် ကာလကလေးဖြစ်၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုသော တရားများသည် မလွဲမသွေဖြစ်နေသည်သာဖြစ်၏။ မိမိ က မဖြစ်အောင်မည်သို့ပင် ကြိုးစားကြိုးစား မတားဆီးနိုင်ပါ။ ကိုယ်လုပ်တာ မဟုတ်ဘူး။ အစိုးမရတဲ့ အနတ္တတရားတွေပါ။ ဤသံသရာဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်ရပါလို၏ဆိုရုံနှင့် မလွတ်နိုင်ပါ။ နည်းစနစ်မှန်ကန်စွာနှင့် ကျင့်ကြံအားထုတ်ကြဖို့ လိုပါသည်။

ယခုလို အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေကို ကိုယ်ပိုင်လေ့ကျင့်အားထုတ်ပြီး ရှုမြင်နိုင်ကြပြီးနောက် ယင်းတို့ကင်းလွတ်ရာနယ်မြေကလေး (Critical point) ကို အချိန်ကာလ မျက်စိတမှိတ်ခန့်ဖြစ်စေ၊ မျက်မှောက်ပြုနိုင်ခဲ့လျှင် ဤလမ်းကြောင်းကို မျက်ခြေအပြတ်မခံဘဲ ဆက်လက်လျှောက်လှမ်းနိုင်ပါစေ။ ဤကာလကလေးအတွင်း အမှန် တကယ်စိတ်ချမ်းသာမှုရရှိပြီး၊ အချိန်ကာလကလေးရဲ့တန်ဖိုးကို ထာဝစဉ်သိရှိထားပြီး ဦးတည်ချက် မှန်မှန်နှင့် လမ်းကြောင်းအတိုင်း လျှောက်ဖို့ ဝီရိယ အားနဲ့ သမာဓိအားကိုသုံးကြပါ။

အချုပ်အားဖြင့်ဆိုရသော် အခွင့်အခါရတုန်း တရားစခန်းဝင်ပြီး ကျင့်ကြံအားထုတ်ကြမည့် သူတော်စင်အပေါင်းတို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး ဖြစ်စဉ်တွေကို ကိုယ်ပိုင် လက်တွေ့ရှုမြင်သုံးသပ်နိုင်ပြီး လွတ်မြောက်ရာလမ်းကြောင်းကို ဉာဏ်အမြင်နှင့် ထာဝရမြင်တွေ့နိုင် ကြပါစေ၊ လုံ့လ၊ ဝီရိယ၊ ဇွဲနဲ့လမ်းကြောင်းအမှန်ကို လျှောက်လှမ်းနိုင်ကြပါ စေဟု ဆန္ဒပြုလိုက်ရပါသည်။

သူတော်စဉ်အပေါင်းတို့ကျင့်ကြံအားထုတ်ရင်း မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာတရားတို့ကို မျက်မှောက်ပြုနိုင်ကြပါစေ။

**ဦးပဏ္ဍိတ**

**(ထွန်းလင်းရိပ်သာ)**

# တကယ်ကံကောင်းချင်လား

ခရာ(ကေတ)



လူတို့သည် အထူးသဖြင့် ဗုဒ္ဓဘာသာဝင်တို့သည် ကံကို ယုံကြည်ကြသည်။ ကံနှင့် ပတ်သက်၍ပြောကြသည်။ ကံဆိုးခြင်း၊ ကံကောင်းခြင်းကို ခွဲခြားကြသည်။ ကံကို အလေးထားကြသည်။

ကံဆိုသည်မှာ ပြုလုပ်ခဲ့သော အကြောင်းတရားကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားဟုဆိုက သင့်မည်ထင်သည်။ မိမိပြုလုပ်လိုက်သော အကြောင်းတစ်ခု သို့မဟုတ် ပြုလုပ်ခဲ့သော အခြေအနေတစ်ရပ်သည် အချိန်တိုအတွင်း၌လည်းကောင်း အချိန်ကာလကြာမြင့် ပြီးနောက်၌လည်းကောင်း အကျိုးတရားတစ်ရပ် အဖြစ်ဖြစ်ပေါ်လာရစမြဲပင်ဖြစ်သည်။ ထိုအကျိုးတရားသည်ပင် ကံဟုဆိုနိုင်၍ ထိုပြုလုပ်ချက်သည် စေ့ဆော်တိုက်တွန်းအပ်သော တရားဟုခေါ်သည့် စေတနာနှင့် ယှဉ်၍ ပြုလုပ်ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်က ကံကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ 'စေတနာဟံ ကမ္မံ ဘိက္ခဝေ' စေတနာကိုပင် ကံဟူ၍ခေါ်ကြောင်း မိန့်တော်မူခဲ့ပါသည်။ စေတနာနှင့် ယှဉ်သည့် ကောင်းသောအကြောင်းကို ပြုလုပ်သူသည် ကံကောင်းမည်ဖြစ်ပြီး မကောင်းသောပြုလုပ်ခြင်းကို ပြုလုပ်သူအဖို့တော့ ကံဆိုးမည်ဖြစ်သည်။

ဤတွင် လူငယ်တို့ မျက်စေ့လည်နိုင်သော ကံတရားအကြောင်းကို ရှင်းပြလိုပါသည်။ စေတနာနှင့်ယှဉ်၍ကောင်းသော ပြုလုပ်ခြင်းသည် ကံကောင်းစေသည်ဟုဆိုပါက မကောင်းမှုကို ပြုလုပ်သောသူ ဥပမာအားဖြင့် **တိရစ္ဆာန်တို့ကို သတ်ဖြတ်၍ အသက်မွေးဝမ်းကျောင်းပြုသူ တစ်ဦးသည် ကြွယ်ဝချမ်းသာနေသည်ဟု ဆိုပါက ထိုကြွယ်ဝချမ်းသာမှုသည် ယခု ပြုလုပ်သော အကြောင်းတရားကံကြောင့် မဟုတ်ဘဲ ယခင်အတိတ်ကာလတစ်ခုခုဝယ်** ပြုလုပ်ခဲ့သောကောင်းသည့်ပြုလုပ်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်တို့ကို **ခံစားရခြင်းသာဖြစ်သည်။ သူ့မျက်မှောက်ပြုသောမကောင်းသည့်အကြောင်းအတွက် တစ်ချိန်ချိန်ဝယ် အကျိုးဖြစ်ထွန်းလာမည်သာဖြစ်သည်။**

**'ဝိပါက်ဟူသည် ကြာမရှည်ခင်၊ ပြန်လည်တတ်မျိုး၊ မကောင်းကျိုးဖြင့်၊ နောက်ပိုး လိုက်တက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ်စွာ၊ သူ့ထက်သာရှင့်' ဟူ၍ မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်တွင်** စပ်ဆိုရေးသားထားခဲ့သည့်အတိုင်း မကောင်းသောကံ၊ မကောင်းသောအကြောင်းတို့သည် မကြာခင်ဝယ် ပြန်လည်ရတတ်သည်။

လူတို့တွင် ကောင်းသောကံနှင့် မကောင်းသောကံဟူ၍ရှိကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ကောင်းသောကံ၊ ကောင်း သောအကြောင်းတရား၏ အကျိုးဆက်အဖြစ်၊ ကိုယ်ကာယချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းဟူသော ချမ်းသာနှစ်မျိုးနှင့် ကြုံတွေ့နိုင်သော်လည်း မကောင်းသောအကြောင်းကို ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် မကောင်းသောကံ အကျိုးဆက်ကား ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းတို့ ကိုသာ ကြုံတွေ့ရလေသည်။

**ထိုကဲ့သို့ မကောင်းသော ကံကြောင့် မကောင်းကျိုးခံရသည့်သူတို့သည်ထိုမကောင်းသောကံတို့ပြေပျောက်စေရန်အတွက် ဗေဒင်ဆရာ၊ နတ်ဆရာတို့ထံ သွားရောက်၍ ဗေဒင်မေးမြန်းခြင်း၊ နတ်မေးခြင်းတို့ကို** ပြုလုပ်ကြပြီးနောက် သူတို့ ညွှန်ကြားသော ယတြာများကို ပြုလုပ်ကြ လေသည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် မကောင်းသောကံများ ပြေပျောက်လိမ့်မည်ဟုလည်း ယုံကြည်ကြသည်။

အမှန်အားဖြင့် ကံဆိုးသူ၊ သို့မဟုတ် မိမိ၏ ကုသိုလ်ကံသည် နိမ့်ကျနေသည်ဟု ထင်သူများသည်ဘာသာရေးကို များများ လုပ်ရမည်သာဖြစ်သည်။သီလကိုလုံခြုံအောင် ထိန်းခြင်း၊ ဒါနပြုခြင်း၊ ဘာဝနာပွားခြင်း စသောကောင်းမှုအလုပ်တို့ကို အလေးအနက်ထား၍ဂရုတစိုက်ပြုကျင့်ရမည်သာဖြစ်သည်။ ထိုသို့ ပြုလုပ်ပါက မကောင်းသောကံများ ပြေဖျောက်နိုင်ပါသည်။ မကောင်းသောကံ ဆိုရာ၌လည်းပဉ္စာနန္တရိယကံကြောင့် ဖြစ်ပေါ်လာသည့်ကံတော့မပါဝင်ပေ။

မိမိ၏ လုံ့လဝီရိယနှင့် ယုံကြည်ချက်ကိုလက်ကိုင်ပြု၍ဘာသာရေးလမ်းကြောင်းအတိုင်း တည့်တည့်လျှောက် လျှင် ယတြာမလိုပါ။ ထိုသူတို့ကိုလည်း အားကိုးစရာမလို၊ မိမိကိုယ်ကိုအားကိုး၍ ကုသိုလ်ကောင်းမှုပြုခြင်းအားဖြင့် ကံတရားကို ပြုပြင်နိုင်ပါသည်။ အမှန်စင်စစ်အားဖြင့် ကံတရားကို ငွေကြေးဖြင့် မပြုပြင်နိုင်ဘဲ ကုသိုလ်ကောင်းမှုပြုလုပ်၍သာ ပြောင်းလဲပြုပြင်နိုင်ပါသည်။တစ်နည်းအားဖြင့် "ဘာသာရေးသည် ကံတရားကို ပြုပြင်နိုင်သည်"။


မြန်မာတို့၏ ဆိုရိုးစကားတွင်လည်း 'သူတော်ကောင်းနတ်ကောင်းမသည်' ဟူ၍ ဆိုရိုးရှိလေသည်။ ကောင်းမှုကုသိုလ်ကိုသာ ပြုလေ့ရှိသူ၊ သီလနှင့် ပြည့်စုံသောသူတို့အား သိကြားအစရှိသော နတ်တို့သည် ကူညီကြရစမြဲပင်။

မန်လည်ဆရာတော်ဘုရား၏ မဟာသုတကာရီမဃဒေဝလင်္ကာသစ်တွင် **'သိကြားနတ်လျှင်၊ ကုသိုလ်ရှင်အား၊ မမြင်ရှောင်ကာ၊ မနေသာ တည့်'** ဟူ၍ ရေးသားစပ်ဆိုထားသည်ကို တွေ့ရပါသည်။ ထို့အတူ ကုသိုလ်ကင်းမဲ့သူတို့အားလည်း၊အလွတ်မပေးကြောင်းကို ယင်းစာပိုဒ်၌ပင် **"မြင်ပါလျက်ကဲ့၊ ကုသိုလ်မဲ့က၊ တိမ်းငဲ့မျက်နှာ၊မရှုသာတည့်'**ဟူ၍ရေးသားထားပါသည်။

ဗုဒ္ဓသာသနာ၌ သမ္မာဒေဝနတ်ကောင်း

# သုံးဆယ့်နှစ်ကောဋ္ဌာသအရိုးစု ပန်းပွင့်လေးတွေကိုပဲ ရှုမိ

**ခင်သူဇာမြင့်**



ဖြူးမြို့ ဒက္ခိဏာရုံ စာသင်တိုက်တွင် ကိုရင်ပညိန္ဒသည် ကိုရင်ဘဝနှင့်ပင် ဓမ္မာစရိယတန်းရောက်၍ ကြည်ညိုသူဒကာ ဒကာမပေါသည်၊ အထူးသဖြင့် ကိုရင်၏ ဖော်ရွေသောဆက်ဆံမှုကြောင့် ဥပုသ်စောင့်လာကြသော အမျိုးသမီးငယ်များသည် ကိုရင်ပညိန္ဒနှင့် ရောရောနှောနှော ရင်းရင်းနှီးနှီးဆက်ဆံကြသည်။ အထူးသဖြင့် ကိုရင်ပညိန္ဒက မြဝတီ၊ ရှုမဝ၊ သွေးသောက်မဂ္ဂဇင်းများ လှို့ဝှက်စွာထားရှိပြီး ဖတ်သည်ကို ကိုရင်ပညိန္ဒ၏ အမေ၊ နှမများထံမှ သိထားကြ၍ မိဘများနှင့် အတူ ဥပုသ်စောင့်လာကြသောမိန်းမပျိုများက ကိုရင်ပညိန္ဒထံ လာ၍ မဂ္ဂဇင်းလာဖတ်ကြသည်။ ကိုရင်ပညိန္ဒ၏ ရေခပ်အလှည့်ကျသည့်အခါများတွင် ဝိုင်းဝန်းကူညီခပ်ပေးလေ့ရှိကြသည်။

ကိုရင် ပညိန္ဒနှင့် မိန်းကလေးများ ဤကဲ့သို့ ရင်းရင်းနှီးနှီးနေသည်ကို ဆရာတော်ကြီးက မကြိုက်၊ နီးစပ်ပြီးလူထွက်သွားမှာကို စိုးရိမ်မိသည်။ သို့အတွက် ဥပုသ်နေ့များ၌ ဆရာတော်ကြီးအား ဝတ်ဖြည့်သောအားဖြင့် နှိပ်ပေးရာ၌ ဆရာတော်ကြီးက မိမိအား လာရောက်ဝတ်ဖြည့်ကြသော ကိုရင်များ၊ ဦးပဉ္ဇင်းများကို မိန်းမတို့၏ (၃၂)ကောဋ္ဌာသ၊ အရိုးစု၊ အကြောစု၊ အသားစု၊ အသွေးစုများကို အရေလွှာက ဖုံးအုပ်ထားသည်။ ဘာမျှမြတ်နိုး နှစ်သက်စရာမရှိ၊ ဒွါရကိုးပေါက်မှ မျက်ချေး၊ နာဖာချေး၊ တံတွေး၊ မစင်၊ ကျင်ငယ်ရေတို့ စီးကျနေ၍ ရွံစရာအတိ၊ စက်ဆုပ်စရာအတိဖြစ်သည်။ နှစ်သက်စရာ မြတ်နိုးစရာ ဘာမျှမရှိပုံကို ဟောပြသည်။ ထို့နောက် ကိုရင်ပညိန္ဒကို-

'ဟဲ့ ပညိန္ဒ မင်းနှင့် ဆက်ဆံနေတဲ့ ကလေးမတို့ရဲ့ ၃၂ ကောဋ္ဌာသ အရိုး၊ အကြော၊ အသားအစုအပုံကြီး စက်ဆုပ်စရာ ရွံစရာလို့ မြင်ရဲ့လား' ဟု မေးလိုက်ရာ ကိုရင်ပညိန္ဒက မကြောက်မရွံ့စိတ်ထဲရှိသည့်အတိုင်း

'တပည့်တော်ထံ လာရောက်နေတဲ့ မိန်းကလေးတွေက ငယ်ရွယ်နုပျိုနေလေတော့ သုံးဆယ့်နှစ်ကောဋ္ဌာသကို ရွံစရာလို့ မမြင်နှစ်သက်စရာ၊ မြတ်နိုးစရာလို့ပဲမြင်ပါတယ်ဘုရား'

ဟုလျှောက်ထားလိုက်ရာ ဝတ်ဖြည့်နေသော ကိုရင်ဦးပဉ္ဇင်းများမှာ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့ဖြစ်ကုန်သည်။

ဆရာတော်ကမူ ကိုရင်ပညိန္ဒ၏ လျှောက်ထားချက်ကို စိတ်မဆိုးဘဲ ပြုံးတော်မူပြီး

'အင်း ပညိန္ဒတို့ကတော့ ပင်စင်လမ်းက မောင်ထွန်းရွှေပြောတဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ အရိုးစုတွေကို ပန်းပွင့်လေးတွေလို့ ရှုမိပါတယ်ဘုရား' ပြောသလိုကိုးကွဲ့ ဟု မိန့်ကြားသည်။

'ထိုအကြောင်းကလေးကို အကျယ်သိပါရစေဘုရား' ဟု ဦးပဉ္ဇင်းတစ်ပါးကလျှောက်ထား ရာ

'အေး နားထောင်ပြောပြရတာပေါ့၊ တို့ဖြူးမြို့ပင်စင်လမ်းမှာရှိတဲ့ ဗိုလ်တဲကြီးကို ဖျက်ပြီး ဝိပဿနာရိပ်သာဖွင့်သတဲ့၊ ရန်ကုန်မှာကလဲ မဟာစည်ဆရာတော်ရဲ့ မဟာစည်ရိပ်သာကလဲ နာမည်ကြီးစ အချိန်ပေါ့၊ အဲဒီမှာ ပဲခူးလမ်းက မောင်ထွန်းအောင်ဆိုတဲ့ လူရွယ်တစ်ယောက်က တရားသွားထိုင်သတဲ့၊ တရားထိုင်သော်လည်း သမာဓိမရလေတော့ ကမ္မဋ္ဌာန်းပြဆရာဘုန်းကြီးက အရိုးစု(အဋ္ဌိက) ကမ္မဋ္ဌာန်းကို ပြောင်းလဲရှုခိုင်းသတဲ့။

တရားစစ်တဲ့အချိန်ကျတော့ တရားပြဘုန်းကြီးက အရိုးစုမြင်ရဲ့လားလို့မေးတော့ မောင်ထွန်းအောင်က အရိုးစုမမြင်ပါဘူးဘုရား အရိုးစုပေါ်က ဝတ်ထားတဲ့ ပန်းပွင့်အလှကလေးတွေနှင့် မိန်းကလေး အလှကိုဘဲမြင်ပါတယ်ဘုရားလို့ လျှောက်သတဲ့ကွဲ့၊ ယခုလဲ မောင်ပညိန္ဒက ကလေးမတွေရဲ့ ဒွါရကိုးပေါက်ကထွက်တဲ့ နှပ်ချေး၊ နဖာချေး၊ တံတွေးတွေ၊ မစင်၊ ကျင်ငယ်မမြင် အပြင်က ခြယ်သထားတဲ့ အပုပ်ကောင်ရုပ်ဆောင် တန်ဆာအလှကိုဘဲမြင်နေတော့တာကိုးကွဲ့'

ဟုမိန့်ကြားရာ ရဟန်းကိုရင်တို့မှာ ကိုရင်ပညိန္ဒကိုကြည့်ပြီး တသောသောရယ်မောကြလေတော့သည်။

ခင်သူဇာမြင့်

---

တို့သည် ကုသိုလ်တရားတို့ကို အလိုရှိကြသည်။ ကုသိုလ်တရားတို့ကို ပြုလုပ်သူတို့အားလည်း ကူညီစောင့်ရှောက်တတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကုသိုလ်ကောင်းမှုပြု၍ ထိုကုသိုလ်၏ အဖို့ကို ကုသိုလ်ပြုသူက အမျှပေးဝေသောအခါ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါက ကုသိုလ်တရားတို့တိုးပွားကာ နတ်တို့၏ ချမ်းသာကို တိုးတက် ၍ ရရှိခံစားနိုင်ကြသောကြောင့်ဖြစ်လေသည်။

ကုသိုလ်ကောင်းမှုပြုရာ၌လည်း ဒါနပိုင်းနှင့် သီလပိုင်းဟူ၍ နှစ်မျိုးရှိလေရာ အချို့သူတို့က သီလနှင့် ပတ်သက်၍ 'အူမတောင့်မှ သီလစောင့်နိုင်မယ်' ဟူ၍လည်းကောင်း၊ ဒါနနှင့် ပတ်သက်၍လည်း ရှိမှ လှူနိုင်မယ်' ဟူ၍ ဆင်ခြေပေးတတ်ကြလေသည်။

**သီလစောင့်ရန်အတွက် အူမတောင့်ရန် မလိုပါ၊ မိမိ၏ စိတ်ဓာတ်ခိုင်မာရန်သာလိုပါသည်။ ဒါနနှင့် ပတ်သက်၍လည်း လှူစရာဝတ္ထုပစ္စည်း များစွာရှိရန်မလိုပါ၊ စေတနာရှိရန်သာလိုပါသည်။ စေတနာအပြည့်၊ စေတနာထက်သန်စွာဖြင့် လှူသောရေတစ်ခွက်၊ ဆွမ်းတစ်ပန်းကန်၊ ပန်းတစ်ပွင့်သည်ပင် အကျိုးကြီးစွာပေးနိုင် လေသည်။**

အချုပ်အားဖြင့် တင်ပြရမည်ဆိုလျှင် ကံကောင်းချင်သူများ တစ်နည်းအားဖြင့် ချမ်းသာချင်သူများသည် ဘာသာတရားလက်ကိုင်ထား၍ မိမိတို့ကို ဘာသာတရားဖြင့် ပြုပြင်၍ မိမိတို့အလိုရှိရာကို ရယူနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

ခရာ(ကေတ)

# ငါသည် မုချသေရမည်

ကြည်လွင်



ငါနှင့်ရွယ်တူငါ့အောက်လူ
ကြီးသူသေကြ များလှပြီ။
မဟာဂန္ဓာရုံဆရာတော်
၂၀၀၇ ခုနှစ်

ကျွန်တော်သည် အငှားကားတစ်စီးဖြင့် ဆရာကြီးဦးဘခင်၏ အင်းလျားမြိုင်တရားရိပ်သာတွင် (၁၀)ရက်စခန်းဝင်ပြီးနောက်၊ စခန်းမှ ထွက်လာသော ဇနီးဒေါ်တင်ဝင်း ကြည်ကို သွားရောက်ကြိုဆိုခဲ့သည်။ ကျွန်တော်တို့ ၏ အငှားကား ရိပ်သာမှ စတင်၍ ဘီးလိမ့်ကာ ထွက်ခွာသည်တွင် ဇနီးဖြစ်သူက

"အကို ဦးခင်အုန်းစီးလာတဲ့ ဘတ်(စ်)ကား ဂန့်ဂေါနဲ့ (၇)မိုင်အကွာမှာ ချောက်ထဲကျလို့ ဦးခင်အုန်း ဆုံးသွားပြီတဲ့၊ အကိုကြားပြီးပြီလား"

"မကြားသေးဘူး၊ ညီမလေးကို ဘယ်သူပြောတာလဲ"

"ဆရာမလဲ ပြောတယ်။ စာရင်းရုံးက အမျိုးသမီးတွေကလည်း ပြောတယ်"

"ဒါဆို သေချာမှာပေါ့၊ အသက်မှ (၅၆)နှစ်ရှိသေးတယ်။ သနားပါတယ်၊ ရွှေပြည်သာကျမှ အကိုစာရင်းရုံးသွားလိုက်မယ်။ ဒေါ်ခင်စန်းမြင့်ဆီလည်း ဖုံးဆက်လိုက်မယ်"

ကျွန်တော်တို့ ဇနီးမောင်နှံမှာ နောက်ထပ် စကားတစ်ခွန်းမျှ ဆက်မပြောဖြစ်တော့ဘဲ အတွေးကိုယ်စီဖြင့် ကားပေါ်တွင် လိုက်ပါလာခဲ့ကြသည်။ ကျွန်တော့်ဇနီးဘာတွေ တွေးနေသည်ကိုတော့ ကျွန်တော်မသိပါ၊ ကျွန်တော်၏ စိတ်အာရုံထဲတွင်မူ ဦးခင်အုန်းနှင့် သူ၏ ဇနီး ဒေါ်ခင်စန်းမြင့်တို့၏ အတိတ်က ပုံရိပ်များ ဖြတ်ကနဲ ဖြတ်ကနဲ ပေါ်လာနေပါသည်။

ကျွန်တော် ကြည့်မြင်တိုင်မြို့နယ် စာရင်းရုံးတွင် မြို့နယ်စာရင်းစစ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကဖြစ်သည်။ ဒေါ်ခင်စန်းမြင့်မှာ ကျွန်တော့်လက်အောက်မှာ စာရင်းစစ်မှူးဖြစ်ပြီး ဦးခင်အုန်းက စာရင်းစစ်ချုပ်ရုံးမှာ စာရင်းစစ်မှူး ဒေါ်ခင်စန်းမြင့်နှင့် ပတ်သက်၍ ဦးခင်အုန်းနှင့် ရင်းရင်းနှီးနှီး သိခွင့်ရခဲ့သည်။ သူတို့ဇနီးမောင်နှံနှစ်ဦးစလုံးက ကျွန်တော့်ကို အကိုတစ်ယောက်လို ခင်ကြသည်။

ယခုနှစ်ပေါင်း(၂၀)ကျော်အကြာ အငြိမ်းစားဝန်ထမ်းဘဝတွင် ပြန်စဉ်းစားကြည့်လိုက်တော့ ကျွန်တော့် ဘဝသက်တမ်းတစ်လျှောက်တွင် ကြည့်မြင်တိုင်မြို့နယ် စာရင်းစစ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့်ဘဝမှာ လူအပင်ပန်းဆုံး၊ စိတ်အပင်ပန်းဆုံးအချိန်ပင်ဖြစ်သည်။ (နိန္ဒ)ကဲ့ရဲ့ခံရခြင်းနှင့်လည်း ကြုံရသည်။ (ပသံသံ)ချီးမွမ်းခံရခြင်းနှင့်လည်း ဆုံခဲ့ရသည်။ တိုင်းလုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌက ကျွန်တော့်ရုံးသို့ လာရောက်စစ်ဆေးရာတွင် ကြိမ်းမောင်းသွားသည်။ ထိုအချိန်တွင် ရုံးသို့ လမ်းကြုံ၍ ဝင်လာသော ကျွန်တော်၏ ဇနီးမှာ စိတ်မကောင်းဖြစ်ကာ ပြန်သွားရရှာသည်။ ကျွန်တော်အိမ်ပြန်ရောက်တော့ "အကိုရယ် ညီမလေး မစားရက်ပါဘူး၊ အလုပ်ထွက်လိုက်ပါတော့" ဟု ပြောရှာသည်။

ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်တိုင်လည်း လာရောက်စစ်ဆေးသည်။ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် ဦးမောင်ညို လာရောက်စစ်ဆေးစဉ် ဦးမောင်ညိုနှင့် အတူပါလာသော ညွှန်ကြားရေးမှူးဒေါ်တင့်တင့်ကတော့ ချီးမွမ်းစကား ပါးသွားပါသည်။

"ရှင့်ဆရာ ဦးသိန်းဟန်က မှာလိုက်တယ် ဦးတင့်လွင် စစ်ဆေးနေတာကို ခင်ဗျားဘာမှ ထပ်မံစစ်ဆေးဖို့ မလိုဘူးတဲ့၊ ဒီတော့ ကျွန်မအဖွဲ့တွေ နယ်ဆင်းပြီး ကုန်သွယ်လယ်ယာကို စစ်ဆေးရမှာမို့ ရှင့်အတွေ့အကြုံကို ရှင်းပြပေးလိုက်ပါ"

ဒီလိုပါပဲ၊ ဘဝဆိုတာ မုန်တိုင်းထန်လိုက် လေပြေသွေးလိုက်ပါပဲ။ ထိုအချိန်ကတော့ ကျွန်တော့်ဘဝမှာ မုန်တိုင်းဆင်နေချိန်ပေါ့၊ သာမန်အားဖြင့် မြို့နယ်စာရင်းစစ်အရာရှိတစ်ဦးသည် စာရင်းစစ်အဖွဲ့(၂)ဖွဲ့မှ (၄)ဖွဲ့ အထိ ခန့်သာ ကြီးကြပ်အုပ်ချုပ်ရသော်လည်း ထိုစီမံချက်ကာလက ကျွန်တော့်အနေဖြင့် စာရင်းစစ်ချုပ်ရုံးနှင့် တိုင်းစာရင်းရုံးတို့မှ လွှတ်ပေးသော စာရင်းစစ်အဖွဲ့များအပါအဝင် စာရင်းစစ်အဖွဲ့ (၃၂)ဖွဲ့ကို ကြီးကြပ်အုပ်ချုပ်ကာ စစ်ဆေးခဲ့ရလေသည်။ ထီးတန်းရှိ ဂိုဒေါင်(၁၁)လုံးမှ အလုပ်သမား အပေါင်းတို့က "တို့ကိုတော့ တပ်နီတော်နဲ့ နင်းနေပြီ" ဟု ပြောကြသည်အထိ ထီးတန်းကုန်သွယ်လယ်ယာ ဂိုဒေါင်ဝင်းတစ်ဝင်းလုံး စာရင်းစစ် အမျိုးသမီးများ၏ အနီရောင်ထမီယူနီဖောင်း အရောင်မှာ ရဲရဲနီနေသည်။ ကျွန်တော့်ကို တိုက်ရိုက်ကြီးကြပ်နေသော ညွှန်ကြားရေးမှူး ဦးသိန်းဟန်၏ စကားကို ကြားရတော့ ကျွန်တော် အမောပြေရပါ၏။

ထိုစဉ်က (၃)ညလုံးလုံး စားပွဲပေါ်တွင် ကျွန်တော် မိုးစင်စင်လင်းခဲ့ရသည်။ နောက်ဆုံးညမနက် (၃)နာရီတွင် အပြီးသတ် စာရင်းချုပ်ပြီးနောက် ကျွန်တော် မျက်လုံးဖွင့်မရပြီ။

"ကဲ ဒေါ်ခင်စန်းမြင့်ရေ ကျွန်တော် အိမ်ပြန်ပြီး တစ်ရေးအိပ်လိုက်ဦးမယ်နော်၊ ဒေါ်ခင်စန်းမြင့် မနက်စောစော ရုံးလာပြီး စာရင်း

တွေ အသင့်လုပ်ထား၊ ကုန်သွယ်လယ်ယာ ဌာနစု မန်နေဂျာကိုလည်း မနက်(၁၁)နာရီအရောက် ရုံးကို လာဖို့ ခေါ်ထား ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးစီး၊ အမလေး အခုမှပဲ ကျွန်မ သက်ပြင်းချနိုင်တော့တယ် ဦးစီးရယ်။ စစ်ဆေးနေတုန်းတန်းလန်းမှာ ဦးစီးသာ လဲသွားရင် ဒုက္ခဘဲ၊ အိပ်ရေးဝအောင်သာ အိပ်လိုက်ပါ ဦးစီး။ ကျွန်မ စောစော ရုံးလာပြီး အကုန် အသင့် လုပ်ထားမယ်"

ကျွန်တော်တို့ ကြည့်မြင်တိုင် စာရင်းရုံးမှ ခြေကျင်ပင် ပြန်လာကြသည်။ ဒေါ်ခင်စန်းမြင့်၏ အိမ်က စမ်းချောင်းဆီဆုံလမ်းတွင် ရှိပြီး ကျွန်တော်က မြေနီကုန်းမှ ကားစီးပြီး ရွှေပြည်သာ မြို့သို့ ပြန်ရမှာမို့ လမ်းကြုံသည်။

ဒေါ်ခင်စန်းမြင့်၏ အိမ်သို့ရောက်သော အခါ ဒေါ်ခင်စန်းမြင့်၏ မိဘ(၂)ပါးက မအိပ်ကြ သေး။ ဦးခင်အုန်းက ဂျီကျပြီး ငိုနေသော သားငယ် ကို ချီပြီး ချော့နေသည်။

"ကိုခင်အုန်း ကလေးကို ကျွန်မပေး၊ ရှင်ဦးစီးကို ကားဂိတ်ထိ လိုက်ပို့လိုက်၊ ဦးစီးကို မြေနီကုန်းမှာ တစ်ခုခုကျွေးလိုက်ဦးနော်၊ ဦးစီး ကားထွက်မှ ရှင်ပြန်နော် ကိုခင်အုန်း"

"အေးပါကွာ မိန်းမရာ၊ ဦးစီးကို ကျွေးလဲ ကျွေးမယ်၊ မင်းဦးစီး ကားထွက်သွားမှဘဲ ငါပြန်ပါ့ မယ်၊ ငါ့ကိုတော့ ပိုက်ဆံပေးလိုက်ပါအုံး"

"ရော့ရော့၊ ကျွန်မပိုက်ဆံအိတ် ယူသွား"

ဒေါ်ခင်စန်းမြင့်မှာ ပြာယာခတ်နေ သည်။ ကျွန်တော်က အိပ်ငိုက်နေသည့် ကြား"ညသန်းခေါင်ကျော် အချိန်မတော် အတူပြန် လာသည့် သူမ၏ အရာရှိအတွက် ယခုလို ပြာယာ ခတ်နေသော သူ့ဇနီးအပေါ် ဦးခင်အုန်း အထင် လွဲသွားမလား" ဟု စိုးရိမ်နေမိသည်။ သူတို့ဇနီး မောင်နှံကလည်း အရွယ် ငယ်ကြသေးသည်။ ကျွန်တော်ကလည်း သက်လတ်ပိုင်းသာ ရှိသေးသည် မဟုတ်လား၊ ဦးခင်အုန်းသည် စိတ်ထားကြီးရှာပါသည်။ သူ့ဇနီးအပေါ် သံသယ စိတ်လုံးဝ မရှိရှာပါ။

"အကို့ ညီမက အိမ်ပြန်ရောက်တိုင်း အကို့အကြောင်းပြောနေတာ။ ဒီစစ်ဆေးရေးကြီး မပြီးခင် ဦးစီးသာ လဲသွားရင် ဒုက္ခပါပဲတဲ့"

ဤကဲ့သို့ စိတ်ရင်းကောင်းလှသော ညီငယ်၊ စီပီအေမှ တန်ဖိုးထားသော စာရင်းစစ် ချုပ်ရုံးတွင် ရိုးရိုးသချာ်ဘွဲ့ဖြင့် မြို့နယ် စာရင်းစစ် အရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးအထိ အထက်အရာရှိများ၏ ချီးမြှင့်မြှောက်စားခြင်းခံရသော ညီငယ် ဦးခင်အုန်း ကား ချင်းပြည်နယ် စာရင်းရုံး ဒုတိယညွှန်ကြားရေး မှူးအဖြစ် လေ့လော့်ရင်း တက်ကျိုးခဲ့ရရှာလေပြီ။

"အကို ဆင်းတော့လေ အိမ်ရောက်ပြီ၊ ဘာတွေ စဉ်းစားနေတာလဲ"

ကျွန်တော့်ဇနီးကပြော၍ ကြည့်လိုက် တော့ ကားက အိမ်ရှေ့တွင် ထိုးဆိုက်လေပြီ။

"အော် ဦးခင်အုန်းအကြောင်း စဉ်းစား နေတာပါကွာ"

ကျွန်တော့်စကားကြားတော့ ကျွန်တော့ လက်အောက် ဝန်ထမ်းများအနက် ဦးခင်အုန်းနှင့် ဒေါ်ခင်စန်းမြင့်တို့ ဇနီးမောင်နှံမှာ သူမနှင့် အခင် ဆုံးမို့ သူမလည်း အတော် စိတ်မကောင်းဖြစ်နေ သည်မှာ သေချာပါသည်။

ကျွန်တော် ရွှေပြည်သာမြို့နယ် စာရင်း ရုံးရောက်တော့ မြို့နယ် စာရင်းစစ်အရာရှိ ဦးလွင် ကလည်း ထိုသတင်းကို အတည်ပြုလေသည်။ စိတ်မကောင်းစွာဖြင့် ဒေါ်ခင်စန်းမြင့် အိမ်ကို ဖုန်းခေါ်လိုက်တော့ "ဟလို" ဟုအသံပြုလိုက်ရုံသာ ရှိသေးသည်။ ဒေါ်ခင်စန်းမြင့်က ကျွန်တော့်အသံကို မှတ်မိသွားပြီး ငိုရှာပါလေတော့သည်။ သူမ၏ ငိုရှိုက်သံကို ကြားနေရသော ကျွန်တော်ပင်လျှင် မျက်ရည်စို့မိသည်။ အသက်ပေး၍ ချစ်ရရှာသော ခင်ပွန်းသည် ဆုံးသွားသည်ဆိုတော့ မိန်းမသား တစ်ဦးအနေဖြင့် အပူလုံးကြွကာ ယူကြုံးမရဖြစ်ရှာ ပေမည်။ အတန်ကြာမှ ရှိုက်သံဖြင့်

"ဦးစီး ဦးစီးရဲ့ ညီ မရှိတော့ဘူး"

"တရားနဲ့ ဖြေပါ ဒေါ်ခင်စန်းမြင့်ရယ်၊ လူဆိုတာ သေမျိုးဘဲ၊ ဗုဒ္ဓမြတ်စွာတောင် ပရိနိဗ္ဗာန် ပြုရသေးတာဘဲ၊ ဦးခင်အုန်းဟာ နိုင်ငံအပေါ်ရော ညည်းတို့ မိသားစုအပေါ်ရော တာဝန်ကျေသွား သူပါ။ ညည်းဒီအတွက် ဂုဏ်ယူပါ။ သူ့အတွက် ကုသိုလ်ကောင်းမှုပြုပေးပါ။ ပူဆွေးသောက ရောက် နေလို့ အလကားဘဲ၊ ကျွန်တော်လဲ အခုမှသိရလို့ သိသိချင်း ဖုန်းဆက်လိုက်တာ၊ ကျွန်တော့်ကို ဘာလို့ အကြောင်းမကြားတာလဲ"

"ကြားတယ် ဦးစီး၊

"အော် ဟုတ်တယ်၊ ကျွန်တော်ဂျီအက်စ် အမ်ဖုန်းမဲပေါက်လို့ သားကိုပေးလိုက်တယ်။ ဒေါ်ခင်စန်းမြင့်ရေ ဦးခင်အုန်းသတင်း ကြားရတော့ ကျွန်တော်တင်မဟုတ်ဘူး၊ ခင်ဗျား အမပါ စိတ် ထိခိုက်ရှာပါတယ်။ ဦးခင်အုန်းဟာ သူ့အသက်နဲ့ လဲပြီး မမြဲတဲ့ အနိစ္စတရားကို ခင်ဗျား မြင်အောင် ပြသွားတယ်လို့ သဘောပိုက်ပြီး တတ်နိုင် သလောက် တရားနှလုံးသွင်းပါ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးစီး"

ဦးခင်အုန်း ကွယ်လွန်ခြင်းသည် ဒေါ်ခင်စန်းမြင့်ကိုသာမက ကျွန်တော့်ကိုပါ အတော် တုန်လှုပ်ခြောက်ခြားသွားစေပါသည်။ သေခြင်း တရားသည် နေ့မြင် ညပျောက်ပါတကား၊ ၂၀၀၈ ခုနှစ်ထဲတွင်ပင် သူငယ်ချင်းများဖြစ်ကြသော စာရင်းစစ်မှူးဦးအောင်စိုး(၇၁)နှစ်နှင့် စာရင်းစစ် မှူး ဦးအုန်းလွင်(၇၃)နှစ်တို့ကို ရှေ့ဆင့်နောက်ဆင့် သေမင်းက ခေါ်သွားပြန်လေပြီ။ အသက်(၆၈)နှစ် ရှိပြီဖြစ်သော ကျွန်တော့်ကိုရော သေမင်းက ဘယ်နေ့ခေါ်မှာလဲ၊ မိမိသေရမည့်နေ့ကို စဉ်းစား နေဆဲမှာပင် ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရား ကြီး၏ သတိပေးသော အဆုံးအမက ကျွန်တော့် စိတ်ထဲတွင် လင်းကနဲ ပေါ်လာပါသည်။

ငါသည် မုချ သေရမည်။ အချိန်ပိုင်း သာ လိုတော့သည်။ မနေ့ကထက် ယနေ့ သေဖို့ တစ်ရက်နီးသွားပြီ၊ အသေမဦးမီ၊ ဉာဏ်ဦးစီးပြီး ဝိပဿနာတရားအားထုတ်ပါ။ ကိုယ့်ကိုကိုယ် ချစ်လျှင် ဝိပဿနာလုပ်ကြ။ ကိုယ့်ကိုကိုယ် မချစ် လျှင် သားရေး၊ သမီးရေး စီးပွားရေး လုပ်ကြ"

ကြည်လွင်

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မတရားစစ်၊ တရားမှန် ထွန်းကားရန်ဖြစ်သည်ဆိုသည့် ခံယူချက်နှင့်အညီ

လှိုင်ကြည်ဖြူဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မှ ၂၀၀၉ ခု၊ မတ်လအတွင်း ဖြန့်ချိထုတ်ဝေလိုက်ပါပြီ၊

* ငြိမ်းချမ်းဦးနှင့် တက္ကသိုလ်သျှင်သီရိ၏ (ဓမ္မဝီရ၏ ဓမ္မသံစဉ်များ)
* ငြိမ်းချမ်းဦးနှင့် စိုးမြင့်လတ်၏ (ဆရာကြီးဦးရွှေအောင်၏ ဓမ္မပဒကောက်နုတ်ချက်စာစု)
* ငြိမ်းချမ်းဦး၏ ဖြတ်သန်းချိန်နိဒါန်းနှင့် ပထမပိုင်း (ဒုတိယအကြိမ်)

# ပန်းကြာခူးယူ

ဇော်နောင်

*

ရွှေးသရောအခါ ပြည်ဗာရာ
ပြဟ္မဒတ်မင်း မင်းပြုခါ။
ဒေဝဒတ်မှာ ထိုစဉ်က၊
မျောက်ခေါင်းဆောင် ဘဝ။

*

ဟိမဝန္တာအရပ်တွင်၊
မျောက်အပေါင်းနဲ့ သူနေစဉ်။
သူနဲ့လျှင်စွဲ၍ရ၊
မျောက်ငယ်ကံဆိုးလှ။

*

မိဘမေတ္တာခေါင်းပါးစွာ၊
သူ့အတွေးမှာ တိမ်လှပါ။
သားငယ်ကြီးလာ သူအန်တု၊
သူ့နေရာကိုလု။

*

ထိုသို့တွေးရှု သူတွေးသော်၊
သားငယ်တို့ကိုခေါ်။
ရက်စက်သနော် အကြံယုတ်၊
ဝှေးစေ့ကိုက်ကာထုတ်။

*

မျောက်အုပ်တွင်းက မျောက်မ
တစ်ကောင်
မျောက်ခေါင်းဆောင်ရဲ့
ကိုယ်ဝန်ဆောင်။
ဘေးဆိုးကိုရှောင်လွတ်ရာသွား၊
မျောက်သားငယ်ကိုဖွား။

*

လည်ပင်းဖက်ဟန် ဟန်ဆောင်ကာ၊
လည်ပင်းကိုလျှင် ဖြစ်ညှစ်ရာ။
မျောက်ကလေးမှာ နာဖို့ဝေး၊
တကယ့်ကို အေးအေးဆေး။

*

သူ့ဘေးကိုလျှင် တွက်မိပြီ၊
မျောက်မင်းစိတ်မှာ မသာကြည်။
သူကြံစည်အချိုသတ်၊
ခင်းပေါ့အမိုက်ဇာတ်။

*

သည်ပတ်ဝန်းကျင် အနီးမှာ၊
ရေကန်တစ်ခုရှိလေရာ။
ထိုရေကန်မှာ ကြာတွေပွင့်၊
ရက္ခိုသ်စောင့်သနှင့်။

*

သည်ကြာပွင့်တွေ သွားခူးပါ၊
မျောက်မင်းကြီးက စေခိုင်းရာ။

စေ့စပ်သေချာ သတိထား၊
သက်သောခြေရာသာထင်ရှား၊
တက်သောခြေရာ မတွေ့တကား။

အတိတ်၏ပုံရိပ်

ယခု တယောဓမ္မဇာတ်ကို မြတ်စွာဘုရားရှင် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် 'ဒေဝဒတ်၏ သတ်အံ့သောငှာ လုံ့လပြုခြင်းကိုအကြောင်းပြု၍ ဟောကြားတော်မူခြင်းဖြစ်ပါသည်။

ဇာတ်ပေါင်းသော် ယခုဒေဝဒတ်သည် ထိုစဉ်က မျောက်မင်းဖြစ်ဖူးပြီ၊ ယခု ငါဘုရား သည် ထိုမျောက်မင်း၏ သားဖြစ်ဖူးပြီဟု ဇာတ်ပေါင်းတော်မူပါသည်။

ဇော်နောင်
တယောဓမ္မဇာတ်
၅၅၀ ဇာတ်နိပါတ်

---

# သကြ္န်ရောက်ပြီ

၁။ 'မိုး', 'လေ'
တန်ခူးလေပြေနော့၊
ဟန်ကြော့ကြော့၊
မိုးမင်းသမီးကချီ
စည်းချက်ညီ၊
တိမ်ပုဝါ၊ ဝှေ့ယမ်း
မိုးစက်ဖျန်း
လန်း. . . ဆန်း. . . နေ 'မိုး' လေ။

၂။ 'ရွှေ'
ပိတောက်လှိုင်လှိုင်
'ငုံ' မြိုင်ဆိုင်၊
ရွှေဝါရောင်ဖြစ်၊ ရွှေတွေဖြစ်၊
'ရွှေ'. . . ။

၃။ 'ငွေ'
ငွေရောင်ကံ့ကော်
ရွှေဝတ်မှုန်နှင့်
ရင်ခတ်ပွင့်
ငွေရောင်လွှမ်းနေ
'ငွေ'. . . . ။

၄။ 'စိန်'
မိုးစက်ကတင့်၊
စိန်ရောင်ပွင့်၊
လင်းလက်ထိန်ထိန်
'စိန်'. . . . ။

၅။ 'ငှက်'
ဥသြပျိုငှက်
တေးသံဆက်၊
'တကူ ကူးကူး'
'တကူကူး'
ချိုးငှက်တေးသံကျူး၊
တေးသံဆိုဆက်
'ငှက်'. . . ။

၆။ 'ရေ'
ရေရဲ့သွင်ပြင်
အေးမြကြည်လင်၊
အပူကိုငြိမ်း၊
အေးငြိမ့်ခြင်း၊
ညစ်ကြေးလွင့်စင်၊
ကောင်းမြတ်နေ
သန့်ရှင်းကြည်လင်နေ
'ရေ'. . . . ။

၇။ 'သဘော'
အေးချမ်း၊
သန့်ရှင်း၊
ကျန်းမာခြင်း၊
ကောင်းကျိုး၊ ဝေစည်၊
များစေမည်ဟု၊
'အတာ' ရေလောင်း နှစ်သစ်ပြောင်း၏
ကောင်းမှု 'မနော'
'သဘော'. . . . ။

၈။ 'ကောင်းမှု
ကုသိုလ်လည်းပါ၊ ဒါနပါ၊
ဒါန၊ သီလ၊ ဘာဝနာ
တိရစ္ဆာန်တွေလည်း
ဘေးမဲ့ပေး၊
ဤသို့ပြုမှု
ဆေးကြောပြု 'ကောင်းမှု'. . . ။

၉။ ဟော. .
'စိန်' 'မြ' 'ရွှေ' တောက် 'ငွေ' ရည်ဖောက်၊
'တေးသံ' ရောက်ပြီ၊
ကောင်းမှုဝေစည်၊ လန်းဆန်းကြည်၊
'အတာ' ရေဖြင့် လောင်းကြသည်၊

၁၀။ 'သကြ္န်' ရောက်ပြီ
လာနေပြီ. . . . ။

ပန်ပန်

ဓမ္မဝီရသည် ဗုဒ္ဓ၏ ထေရဝါဒဓမ္မ တရားစစ် တရားမှန် ထွန်းကားရန်ဖြစ်သည်

# ဓမ္မဝီရဂျာနယ်

Dhamma Vira Journal

International Religious network media NEWS


Dhamma Dew

# Buddhist Monk Leaves Footprints Embedded in the Floor

## တရားဓမ္မပွားများအားထုတ်နေသော တရုတ်ရဟန်းတော်တစ်ပါး၏ ခြေရာ ဘုရားကျောင်းမှ ပျဉ်ကြမ်းခင်းပေါ်တွင် စွဲမြဲနက်ရှိုင်းစွာ ထင်ကျန်နေရစ်ခြင်း

By Tudor Vieru, Science Editor, Feb 27, 2009
TRANSLATED Into Myanmar Language
by Dhamma Vira Thandar, ITBM University, Yangon.

ဓမ္မဝီရ-သန္တာ ပြန်ဆိုတင်ပြသည်



**Tongren, China**- For some 20 years now, Buddhist monk Hua Chi has been praying in the same spot in the temple he lives in. Over so many years, the soles of his feet have become perfectly ingrained in the wood of the floor. and have now reached a depth of 1.2 inches in some places.

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တုံဂရမ်မြို့ရှိ ဗုဒ္ဓဘာသာ ဘုရားကျောင်းတစ်ကျောင်းမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဟွာချိုင်းသည်၊ ထိုဘုရားကျောင်းကြီးပေါ်မှ ပျဉ်ကြမ်းခင်းပေါ်ရှိ အမှတ်နေရာ တစ်နေရာတည်းတွင် တစ်နေ့လျှင် အကြိမ်အရေအတွက်ပေါင်းများစွာ မတ်တပ်ရပ်လျက် ဘုရားဝတ်ပြုရှိခိုးပြီး တရားဓမ္မဆောက်တည်ကျင့်သုံးခဲ့လေရာနှစ်ပေါင်း ၂၀ ကျော်ကာလ ယခုအချိန်သို့ ဆိုက်ရောက်လာသော အခါ ၎င်းမတ်တပ်ရပ်လျက် ကမ္မဋ္ဌာန်းတရားကျင့်သုံးခဲ့သော ကြမ်းခင်း ပျဉ်ပေါ်ရှိ နေရာတစ်နေရာထဲတွင် စောက်အနက် ၁ ဒသမ ၂ လက်မ ခန့် ချိုင့်ဝင်နစ်မြုပ် နက်ရှိုင်းစွာ စွဲထင်ကျန်နေသော အဆိုပါ ဘုန်းတော်ကြီး၏ ခြေရာတစ်စုံ ထင်ကျန်နေခဲ့သည်ဟု တရုတ်ပြည်မှ လာသော ဖေဖော်ဝါရီ ၂၇ ရက်နေ့ ဗုဒ္ဓချန်နယ်အင်တာနက်သတင်းတွင် ၎င်းခြေရာ ဓာတ်ပုံနှင့်တကွ ဖော်ပြပါရှိလေသည်။

The Rongwo Gorchen Gompa Tibetan monastery is located in the town of Tongren, in the Qinghai province of China and is considered to be the Largest such edifice in the country.

ရွန်ဂိုးရွန်ချမ်းဂွမ်ပါ အမည်ရှိ တိဗက်ဗုဒ္ဓဘာသာဘုရား ကျောင်းကြီးသည် တရုတ်ပြည်ကျင်ဟေးပြည်နယ် တုံဂရမ်မြို့တွင် တည်ရှိသည်။ ၎င်းကျောင်းတော်ကြီးမှာ တရုတ်ပြည်တစ်ဝန်းလုံး၌ လွန်စွာကြီးမားခန့်ထည်သော ဘုံဗိမာန်ကြီးအလား တည်ရှိနေပေသည်။

The monk is so devoted that he does anywhere between 500 and 1, 000 prayers each day, hoping that this will ensure him a "smooth" transition to the other world, once he dies.

အဆိုပါ ဘုရားကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူ သော ဘုန်းတော်ကြီးသည် ၎င်းအပေါ်၌ အစဉ်လေးစား ချစ်ခင် သစ္စာ ရှိကြသော တပည့် ဒါယကာ ဒါယိကာမအပေါင်း ၅၀၀ ကျော် ၁၀၀၀ခန့်တို့က နေ့စဉ်လာရောက်ကြ၍ တရားဓမ္မနာယူကြကာ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ကြလျက် စကြဝဠာ အနန္တရှိရှိသမျှ ပုဂ္ဂိုလ်သတ္တဝါတို့အား မေတ္တာတရား ပို့နှံ့ပေးဝေကြလေသည်။ ဤကဲ့သို့ တရားဘာဝနာများ နိစ္စဓူဝ အချိန်နှင့်အမျှ ပွားများအားထုတ်လျက် ယင်းဘုန်းတော်ကြီးသည် ပျံလွန်တော်မူသည့်နေ့အထိဖြစ်လေသည်။

Liferally, hundreds of students walk the paths of the monastery housing the temple and they have all noticed chi's commitment to his prayers.

The monk himself admits that he used to perform a lot more prayers when he was younger. The 70 year old says that, on an average day, he even reached 3,000 prayers, which is very much, even judging by Buddhist Standards.

ရာချီလျက်ရှိကြသော တရားလိုလား ဓမ္မချစ်ခင် သူတော် စင် ဓမ္မမာမက ယောဂီများသည် ဖော်ပြပါ ဘုရားကျောင်းတော်ကြီး တည်ရှိရာသို့ ဖြတ်သန်းသွားလာကြရသည့် လမ်းကြားကလေးအတိုင်း ဘုန်းတော်ကြီးချိုင်းကိုယ်တိုင်သွန်သင်ဆုံးမလမ်းညွှန်ပြထားသည်တို့ကို လိုက်နာစောင့်ထိန်းကြလျက် တပည့်ကောင်းများပီသစွာ စည်းကမ်းတကျ လျှောက်လှမ်းလာခဲ့ကြလေသည်။

ဘုန်းတော်ကြီးကိုယ်တိုင် နုပျိုငယ်ရွယ်စဉ်ကာလကတည်းက ၎င်း၏ နောက်လိုက်နောက်ပါ ရှိခိုးဝတ်ပြုကြသူ အမြောက်အများတို့ နှင့်အတူ သူကိုယ်တိုင်က ချမှတ်ထားရှိခဲ့သော ကျင့်ဝတ်စည်းကမ်းများ အတိုင်း သူကိုယ်တိုင်ကပါ လိုက်နာစောင့်စည်းခဲ့လေသည်။

● စာမျက်နှာ ၁၅ သို့

DISPLAY & MAKE-UP BY KHIN MAUNG MOE, TAUNGGYI

အင်္ဂါနေ့တိုင်း ထုတ်ဝေသည်